# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်   ၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၂၂ ရက်၊ အင်္ဂါနေ့၊ အတွဲ [၅၄]၊ အမှတ် [၃၅၂]


**အေးစေ မြဲစေ မေတ္တာရေ**

❖ နှစ်ရှာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
❖ မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
❖ အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
❖ မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
❖ မေတ္တာရန့်၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး၊
❖ မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
❖ တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရွှံမမုန်း၊
❖ တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
❖ မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

(စံကင်းဆရာတော်ဘုရားကြီး)

# တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်အတွက် လက်မှတ်ရေးထိုးနိုင်ရေးနှင့် လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆွေးနွေး



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး မစ္စတာ တာရို အာစို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး မစ္စတာ တာရို အာစို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၊ သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✳

# မြန်မာနိုင်ငံ၏ငွေကြေးပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ဆောင်ချက်အပေါ် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က ကြိုဆို

စက်တင်ဘာ ၂၀ ရက်ထုတ် အစီရင်ခံစာတစ်ခုတွင် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)က မြန်မာအစိုးရ၏ နိုင်ငံခြား ငွေလဲလှယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များ လျှော့ပေါ့လိုက်သည့် ရဲဝံ့ပြတ်သားသော လုပ်ဆောင်ချက်အပေါ် ကြိုဆိုပါကြောင်း ရေးသားဖော်ပြထားသည်ဟု ရိုက်တာသတင်းများအရ သိရသည်။

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့က မြန်မာအစိုးရအနေဖြင့် ငွေကြေးဈေးကွက်အတွင်း ပြုပြင်ပြောင်းလဲမှုများကြောင့် ကျပ်ငွေလဲလှယ်နှုန်းမှာ အခြားသော ဈေးကွက်များ၏ ငွေလဲလှယ်နှုန်းနှင့် တူလုနီးပါး ရှိလာခဲ့သဖြင့် ယင်းပြုပြင်ပြောင်းလဲမှုများကို ကြိုဆိုပါကြောင်း၊ သို့သော် ပြုပြင်ပြောင်းလဲမှုများ ထပ်မံလုပ်ဆောင်ရန်လိုကြောင်း၊ ၂၀၁၄ ခုနှစ် စက်တင်ဘာလကစပြီး ဒေါ်လာနှင့် လဲလှယ်ရာတွင် မြန်မာကျပ်ငွေ၏ တန်ဖိုးမှာ ၂၀ ရာခိုင်နှုန်းကျဆင်းသွားခဲ့ကြောင်း ဆိုသည်။

**ဒေါက်တာသာစိန်**

နိုင်ငံ၏ လိုငွေပြမှုမှာ ဂျီဒီပီ ၃ ရာခိုင်နှုန်းရှိသည်ဟု ခန့်မှန်းထားခဲ့သော်လည်း ဆက်သွယ်ရေးနှင့်

*စာမျက်နှာ ၁၄ ကော်လံ ၅* ❐




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# လူငယ်နှင့် ကလေးစာပေ

“ယနေ့လူငယ် နောင်ဝယ်လူကြီး”ဟူသောစကားရှိပါသည်။ လူငယ်လူရွယ်များသည် နောင်အနာဂတ်တွင် နိုင်ငံ့တာဝန်အသီးသီးကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့်သူများဖြစ်ပါသည်။ အရည်အချင်းပြည့်ဝသော နိုင်ငံ့သားကောင်းများ ပေါ်ထွက်လာစေရေးအတွက် လူငယ်လူရွယ်များကို ကလေးဘဝမှပင် စနစ်တကျ ပြုစုပျိုးထောင်ပေးကြရပါသည်။ ဤသို့ လူချွန်လူကောင်းများပေါ် ထွက်လာစေရေး ကလေးငယ်များအား စာပေနှင့်အကျွမ်းတဝင်ဖြစ်စေပြီး စာပေဗဟုသုတများရှာမှီး သင်ယူတတ်သော အလေ့အကျင့်ကောင်းများရရှိစေရန် စာပေ၌မွေ့လျော်အောင် မိဘဆရာသမားများက လေ့ကျင့်ပျိုးထောင်ပေးကြရပါသည်။

ကာတွန်း၊ ရုပ်ပြ၊ ပုံပြင်၊ ဝတ္ထုတို၊ ဇာတ်လမ်း၊ ကဗျာအစရှိသည်တို့သည် ကလေးစာပေအမျိုးအစားတွင် ပါဝင်ပါသည်။ ကလေးစာပေသည် မြန်မာစာပေလောကသမိုင်းတွင် သီးသန့်ရှင်သန်နေသော စာပေတစ်မျိုးပင်ဖြစ်သည်။ ယခုအခါ ကလေးစာပေများ ရှင်သန်ဖွံ့ဖြိုးခဲ့သည်မှာ နှစ် ၅၀ ပြည့် ရွှေရတုပင် တိုင်ခဲ့ပြီဖြစ်ပါသည်။ ပထမဆုံးအကြိမ် ကလေးစာပေနှီးနှောပွဲကို ၁၉၆၅ ခုနှစ် စက်တင်ဘာ ၁၆ ရက်မှ ၂၀ ရက်အထိ စာပေဗိမာန်၌ ကျင်းပခဲ့သည့်အတွက် ကလေးစာပေသည် ရွှေရတုပင်ရောက်ခဲ့ပြီဖြစ်ပါသည်။ ဤသို့ ရွှေရတုနှင့်အတူ ကလေးစာပေများသည်လည်း အောင်မြင်ဖြစ်ထွန်းရှင်သန် အမြစ်တွယ်ခိုင်မာလာခဲ့သည်။

ကလေးစာပေသည် လူကြီးများဖတ်သည့်စာပေနှင့်မတူပေ။ ကလေးများစိတ်ဝင်စားသည့် အရုပ်များ၊ ဇာတ်လမ်းပုံပြင်များ၊ ကာတွန်းများ၊ ရယ်မောစရာများ၊ ကဗျာတိုများ၊ ဗဟုသုတဖြစ်ဖွယ်ရာများဖြင့် ဖန်တီးရသောစာပေဖြစ်ပါသည်။ ကလေးများအား စာဖတ်ခြင်းအလေ့အထကို ပြုစုပျိုးထောင်ပေးရာတွင် ကလေးစာပေသည် အထိရောက်ဆုံးဖြစ်ပါသည်။ ကလေးများစာဖတ်ချင်လာအောင် ကလေးစာပေကပင် နှိုးဆွပေးနိုင်စွမ်းရှိပါသည်။

ထို့ကြောင့်လည်း မိဘများက မိမိတို့သားသမီးများ စာဖတ်သည့် အလေ့အကျင့်များရရှိလာစေရန် ရွှေသွေး၊ မင်္ဂလာဗျူဟာ၊ ဇာတ်ကြီးဆယ်ဘွဲ့၊ ငါးရာ့ငါးဆယ်၊ ရုပ်ပြနှင့် ပုံပြင်အစရှိသဖြင့် စာအုပ်ငယ်များကို ဝယ်ယူဖတ်မှတ်စေပြီး စာဖတ်ခြင်းတွင် မွေ့လျော်လာအောင် ပြုစုပျိုးထောင်ပေးလေ့ရှိပါသည်။ ကလေးဘဝမှအစပြုကာ စာဖတ်ဝါသနာထုံသောကလေးများသည် အရွယ်ရောက်လာသောအခါ စာဖတ်အားကောင်းသော လူငယ်လူရွယ်လေးများဖြစ်လာကြပါသည်။ စာမဖတ်ရလျှင်မနေနိုင်အောင် ဖြစ်လာတတ်ပါသည်။ စာဖတ်အားကောင်းလာခြင်းသည် ကလေးများအတွက် ဗဟုသုတနှင့် ပြည့်စုံသော လူငယ်များဖြစ်လာရန် အစပျိုးနေခြင်းဖြစ်ပါသည်။

သို့ဖြစ်၍ ကလေးစာပေများကိုခေတ်နှင့်လျော်ညီစွာ အဆင့်မြှင့်တင် ဖန်တီးနိုင်ဖို့လိုအပ်လာပြီ ဖြစ်ပါသည်။ စာပေသည် ခေတ်ရှေ့ဆောင်၊ စာပေတန်ဆောင် မီးရှူးရောင်ဖြစ်ပါသည်။ စာပေဗဟုသုတနှင့်ပြည့်စုံသော လူငယ်များ အများအပြားပေါ်ထွန်းလာစေရန် ကလေးစာပေများ ရှင်သန်ဖွံ့ဖြိုးရေး ဆက်လက်ဝိုင်းဝန်းကြိုးပမ်း အားထုတ်ကြရမည်ဖြစ်သကဲ့သို့ မိဘများကလည်း ကလေးများစာပေ၌မွေ့လျော်အောင် လေ့ကျင့်ပျိုးထောင်ပေးကြရမည်ဖြစ်ပါကြောင်း။

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Established in 1914
Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |

## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၂၁**

မြို၊တိုင်းရင်းသားပါတီနှင့် တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၂၂ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD (Variety)၊ မြန်မာ့အသံ ရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၂၃ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။

နိုင်ငံရေးပါတီများအား တစ်နေ့လျှင် သုံးပါတီဖြင့် အလှည့်ကျ စည်းရုံးဟောပြော ခွင့်ပြုလျက်ရှိရာတွင် ကရင်ဒီမိုကရက်တစ်ပါတီအနေဖြင့် လာရောက်ဟောပြောခြင်းမပြုခဲ့၍ ထုတ်လွှင့်ဖော်ပြနိုင်မှု မရှိခြင်းဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ **(သတင်းစဉ်)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံပိုက်ဆက်သင်တန်းဖွင့်

**စဉ့်ကူး စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်အတွင်းမှ ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းသင်တန်းအထောက်အကူဖြစ်စေရန်အတွက် အခြေခံပိုက်ဆက်သင်တန်း (၄/၂၀၁၅) ကို စက်တင်ဘာ ၁၉ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဦးကျော်ကျော်ညွန့်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းတို့က သင်တန်းသားများအား သင်တန်းဝတ်စုံများပေးအပ်ပြီး မြို့နယ် ဦးစီးမှူး ဦးထွန်းကျော်ဇောက သင်တန်းအထောက်အကူပြုပစ္စည်းများပေးအပ်သည်။ အဆိုပါ သင်တန်းသို့ ရွှေလှေ၊ ကျီးတော်ကုန်း၊ ရွာတော်လေး၊ ထန်းကိုးပင်နှင့် မင်းရွာတို့မှ သင်တန်းသားများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဝင်းမောင်**

**ထင်သာမြင်သာပြုပြင်စရာ**

## ချောင်းအတွင်းပြိုကျတော့မည့် တယ်လီဖုန်းတိုင်ပြုပြင်ပေးစေလို

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဝမ်ကောင်းရပ်ကွက်ကချင်ရွာ ကွက်သစ်သွားကားလမ်းနံဘေးရှိ ဆက်သွယ်ရေး တယ်လီဖုန်းတိုင်တစ်တိုင်မှာ နမ့်ယွန်းချောင်းအတွင်း ပြိုကျမည့်အနေအထားဖြစ်ကာ လက်ရှိတွင် တစ်ပေခန့် ချောင်းဇရိယာအတွင်း နိမ့်ဝင်နေသည်။ အလားတူပင် အနီးရှိတယ်လီဖုန်းတိုင်အချို့မှာလည်း ရေတိုက်စားမှုကြောင့် ချောင်းအတွင်း ပြိုလဲသွားနိုင်သည့် အနေအထားဖြစ်သည်။ အချိန်မီပြုပြင်ဆောင်ရွက်ခြင်းမရှိပါက ဆက်သွယ်ရေးလုပ်ငန်းများလည်း အနည်းငယ်ထိခိုက်နိုင်မည်ဖြစ်သည့်အတွက် သက်ဆိုင်ရာမှ အချိန်မီပြုပြင်ပေးပါရန် တင်ပြလိုက်ရပါသည်။

**မောင်ယဉ်ကျေး**





မိခင်နို့စနစ်တကျတိုက်ကျွေးမှု စံပြမိခင်ပြိုင်ပွဲကို စက်တင်ဘာ ၁၇ရက်က စစ်တွေခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်အုန်းကြည်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျန်းမာရေး ဝန်ထမ်းများ၊ ပြိုင်ပွဲဝင် စံပြမိခင်များနှင့် ကိုယ်ဝန်ဆောင်မိခင်များ တက်ရောက်ကြစဉ်။ **ဇော်နိုင်ထွန်း**

## နတ်တလင်းမြို့၌အရန်သားဖွား သင်တန်းဆင်း

**နတ်တလင်း စက်တင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ ဆေးရုံအစည်းအဝေးခန်းမ၌ စက်တင်ဘာ လတတိယပတ်က အရန်သားဖွားသင်တန်းအမှတ်စဉ် (၁/၂၀၁၅) ဆင်းပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်က နတ်တလင်းမြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာများတွင် အရန်သားဖွားဆရာမများသည် တစ်ရွာလျှင်တစ်ယောက်နှုန်း မရှိသေးကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်များ၊ မွေးပြီးနောက် မိခင်၊ ကလေးကျန်းမာလာအောင် အသေအပျောက်တတ်နိုင်သမျှ နည်းသည်ထက်နည်းအောင် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် သင်တန်းတွင်ထူးချွန်ဆုရသူများကို မြို့နယ် ဆရာဝန်ကြီးက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၁-၉-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၇၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၂၇၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၇၄၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၆၉၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၉၁ |
| ဥရောပ | တစ်ယူရို | ၁၄၅၉.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၉.၈၄ |
| ထိုင်း | တစ်ဘတ် | ၃၆.၁၃၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၅၉ |
| တရုတ် | တစ်ယွမ် | ၂၀၂.၈၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄.၅၂ |

ခင်ရတနာ-စုစည်းသည်။

၁၄-၉-၂၀၁၅ မှ ၁၈-၉-၂၀၁၅ ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၆၁၈ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၅၈၀ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

*** ရှေ့ဖုံးမှ**

ယင်းသို့ တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးဝင်းရှိန် ၊ ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာတဲရှိ ဟိဂုချိလည်း တက်ရောက်သည်။

တွေ့ဆုံရာတွင် မြန်မာ-ဂျပန်နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် ဂျပန်နိုင်ငံက ပိုမိုကူညီပူးပေါင်းဆောင်ရွက်ရေး၊ သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းများ အမြန်ဆုံးပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံ၏ရေဘေးသင့်ဒေသများရှိ ပျက်စီးဆုံးရှုံးခဲ့ရသည့် စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်တည်ဆောက်နိုင်ရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ငွေကြေးနှင့်ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်အတွက် လက်မှတ်ရေးထိုးနိုင်ရေး၊ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးပြီး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

**(သတင်းစဉ်)**

**● ကျောဖုံးမှ**

မြန်မာနိုင်ငံအတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံချက်ကို ကမ္ဘာ့ကုလသမဂ္ဂ၏ "အားလုံးအတွက် ရေရှည်တည်တံ့သော စွမ်းအင်ရရှိသုံးစွဲရေး Sustainable Energy for All (SE4ALL)" အစီအစဉ်အောက်မှ နည်းပညာအကူအညီအရ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅သန်းဖြင့် ကမ္ဘာ့ဘဏ်အဖွဲ့က ဦးဆောင်၍ စီစဉ်ရေးဆွဲပေးခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကမ္ဘာ့ဘဏ်အဖွဲ့တို့ ပူးပေါင်း၍ ၂၀၁၃ ခုနှစ် မေလမှ ၂၀၁၄ ခုနှစ် စက်တင်ဘာလအတွင်း အလုပ်ရုံဆွေးနွေးပွဲများ လေးကြိမ်တိုင် ပြုလုပ်ခဲ့ကြသည်ကို သိရှိရပါကြောင်း။

၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရန် ရေးဆွဲထားသော အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်အား စနစ်တကျ၊ ထိရောက် အကျိုးရှိစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်များမှ ပေးအပ်သောချေးငွေ၊ အထောက်အပံ့များအား စနစ်တကျစီမံခန့်ခွဲနိုင်ရန်အတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး အမှုဆောင်ကော်မတီအား ဖွဲ့စည်းခဲ့ပါကြောင်း။

အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းအတွက် ကမ္ဘာ့ဘဏ်မှ ချေးငွေအမေရိကန်ဒေါ်လာသန်း ၄၀၀ မှ မဟာဓာတ်အားလိုင်းစနစ်မှ လျှပ်စစ်မီးပေးနိုင်ရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၃၁၀၊ မဟာဓာတ်အားလိုင်းပြင်ပစနစ်များအတွက် အမေရိကန်ဒေါ်လာသန်း ၉၀ ပေးအပ်ရန် အဆိုပြုချက်နှင့် ပတ်သက်၍ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး၌ အတည်ပြုခဲ့ပြီးဖြစ်သည့်အတွက် လုပ်ငန်းများလက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ရန် အရေးကြီးသည့်အပိုင်းသို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း။

မိမိတို့ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်နှင့် အပြီးသတ်ဆောင်ရွက်မည့် အချိန်တို့အား သတ်မှတ်ရေးဆွဲဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ဈေးနှုန်းသက်သာပြီး ပြည်သူကို အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်သည့် လျှပ်စစ်မီးရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲသည့် အမျိုးသား ဓာတ်အားပေးစနစ်ဖြစ်ရန် လိုအပ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံးလျှပ်စစ်မီးရရှိရေးအတွက် နိုင်ငံတော်ဘတ်ဂျက်မှ နှစ်စဉ်လျာထား ဆောင်ရွက်ပေးခဲ့သော်လည်း ပြည်သူအားလုံး လိုအပ်သမျှ ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသည့်အတွက် ကမ္ဘာ့ဘဏ်မှ ချေးငွေကို လက်ခံရယူခဲ့ခြင်းဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျန်ရှိသည့် အိမ်ထောင်စုခုနစ်သန်းကျော်အား လျှပ်စစ်ဓာတ်အားပေးနိုင်ရေး ဆောင်ရွက်ရာတွင် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး အမှုဆောင်ကော်မတီအနေဖြင့် Single Window အဖြစ် ညှိနှိုင်းဆောင်ရွက်နိုင်မှသာ နိုင်ငံတကာအဖွဲ့အစည်းအသီးသီးမှ ပေးအပ်သည့် ချေးငွေအကူအညီကို ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးက အကောင်အထည်ဖော်ရာတွင် လုပ်ငန်းများမထပ်အောင် ကြီးကြပ်စီမံနိုင်မည်ဖြစ်ပါကြောင်း။

မဟာဓာတ်အားလိုင်းစနစ်၊ မဟာဓာတ်အားလိုင်းပြင်ပမှ အငယ်စား ဓာတ်အားလိုင်းစနစ်နှင့် အိမ်ထောင်စုတစ်စုချင်းအလိုက် မီးသွယ်တန်းမှုစနစ်များကို အားလုံးလွှမ်းခြုံနိုင်ပြီး နည်းပညာခိုင်မာစွာ စရိတ်ကုန်အသက်သာဆုံးဖြင့် ဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း၊ နှစ်အလိုက် မီးလင်းနိုင်မည့် အိမ်ထောင်စု လျာထားချက်များအတိုင်း အရည်အသွေးကောင်းမွန်သည့် လျှပ်စစ်ဝန်ဆောင်မှု ပေးနိုင်ရေးအတွက် စောင့်ကြည့်အကဲဖြတ်စနစ်များ ထားရှိပြီး ကြပ်မတ်ပေးသွားရန် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး အမှုဆောင်ကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းကို ကဏ္ဍစီမံချက်အပြင် ဒေသန္တရစီမံချက်နှင့်လည်း လိုက်လျောညီထွေ အသုံးပြုနိုင်မည့် စီမံချက်ဖြစ်ရန် ဆောင်ရွက်နေမှု၊ လျှပ်စစ်ဓာတ်အား မရရှိသေးသည့် ဒေသများအား လျှပ်စစ်ဓာတ်အားပေးနိုင်မည့် နည်းလမ်းများ၊ လိုအပ်သည့် ရင်းနှီးမြှုပ်နှံငွေ၊ ဓာတ်အားစနစ်မှ ဆက်သွယ်ပေးမည့် ကျေးရွာများရွေးချယ်မှုတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရမည့်အခြေအနေ၊ ဓာတ်အားခွဲရုံများ တည်ဆောက်မှုနှင့် တပ်ဆင်စရိတ်ကျခံရမည့် အခြေအနေ၊ နိုင်ငံတစ်ဝန်း လျှပ်စစ်မီးလင်းရေးအတွက် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် လျှပ်စစ်မီးလင်းရေး ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး အမှုဆောင်ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ကျေးလက်နေပြည်သူများ လျှပ်စစ်မီးရရှိရေး၊ မဟာဓာတ်အားလိုင်းပြင်ပ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများအား ကာလတို၊ ကာလရှည် စီမံကိန်းများ ရေးဆွဲဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၃၈၉၉ ရွာရှိသည့်အနက် ၂၉၀၁၈ ရွာခန့်၌ လျှပ်စစ်မီးရရှိမှုနှင့် ၃၄၈၈၁ ရွာမှာ လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ပေးရန် ကျန်ရှိမှု ပြည်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကို အသုံးပြု၍ ကျေးလက်မီးလင်းရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံချက်ကို အကောင်အထည်ဖော်ရာတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနအနေဖြင့် မဟာဓာတ်အားလိုင်းပြင်ပ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများအား တာဝန်ယူဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမှုဆောင်ကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက စီမံချက်အတွက် ကမ္ဘာ့ဘဏ်နှင့် ပူးတွဲ၍အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ထားရှိမှု၊ စီမံချက်အရ လျှပ်စစ်ဓာတ်အားရရှိနိုင်မှု၊ မဟာဓာတ်အားလိုင်းမှ ဓာတ်အားဆက်သွယ်ပေးနိုင်မှု၊ စီမံချက်အကောင်အထည်ဖော်ရန်လိုအပ်သော ရင်းနှီးမြှုပ်နှံမှု၊ ၂၀၁၅-၂၀၁၆ မှ ၂၀၂၉-၂၀၃၀ အထိ ဘဏ္ဍာရေးနှစ်များအလိုက် လျှပ်စစ်ဓာတ်အား တိုးချဲ့ဆက်သွယ်ပေးနိုင်မည့် အခြေအနေ၊ ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာသန်း ၃၁၀ ဖြင့် ဓာတ်အားစနစ်မှ တိုးချဲ့ဓာတ်အားပေးမည့် လုပ်ငန်းစဉ်များ၊ ဓာတ်အားစနစ်မှ ဆက်သွယ်ပေးမည့် ဦးစားပေးအဆင့် သတ်မှတ်ချက်များ၊ ဓာတ်အားစနစ်မှ ဓာတ်အားဆက်သွယ်ပေးရန် အချိန်ကြာမြင့်မည့် ဒေသများသို့ ကြိုတင်ဓာတ်အားပေးရန်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးတင်ငွေက ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာသန်း ၉၀ ဖြင့် မဟာဓာတ်အားလိုင်းပြင်ပတွင် ဆောင်ရွက်မည့် ဓာတ်အားစနစ်လုပ်ငန်းများ၊ နည်းပညာအကူအညီ အထောက်အပံ့ပေးမှုများ၊ စီမံကိန်းဧရိယာ ရွေးချယ်မှု၊ အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ထားရှိမှု လုပ်ငန်းစဉ်များကိုလည်းကောင်းရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က လျှပ်စစ်ဓာတ်အား တိုးချဲ့ရယူဖြန့်ဖြူးနိုင်မည့် အခြေအနေများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က လျှပ်စစ်ဓာတ်စွမ်းအင်တိုးတက်ရရှိရေးဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က လျှပ်စစ်စီမံကိန်းများနှင့် ပတ်သက်သည့် ဘဏ္ဍာငွေဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကိုကိုဦးက အမျိုးသားဓာတ်အားပြင်ပစနစ် လျှပ်စစ်ဆိုင်ရာ ကျွမ်းကျင်မှုနှင့် စွမ်းရည်မြှင့်တင်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက ဆွေးနွေးတင်ပြချက်များအပေါ် သုံးသပ်ဆွေးနွေးပြီး ကဏ္ဍအလိုက်စီမံချက်များနှင့် စီမံကိန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လုပ်ဆောင်ချက်များသည် ရိုးရှင်းရမည်ဖြစ်ပြီး ထိရောက်စွာ စောင့်ကြည့်အကဲဖြတ်သည့်စနစ်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်၊ လုပ်ဆောင်ချက်များကို အစီရင်ခံစာနှင့် ပြန်တမ်းစနစ်များဖြင့် ထားရှိဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

# ယနေ့လိုင်းကားအစီးရေ ၄၃၀၀ ကျော်ဖြင့် ပုံမှန်ပြန်လည်ပြေးဆွဲလျက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၁

**စက်တင်ဘာ ၇ ရက်တွင် ပြဋ္ဌာန်းလိုက်သော မော်တော်ယာဉ်ဥပဒေသစ်ကို အကြောင်းပြု၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသော ခရီးသည်တင်ယာဉ်လိုင်းများမှ အချို့သော လိုင်းကားများ ပြေးဆွဲခြင်းကို ရပ်နားခဲ့ကြသည်။**

မထသ (ဗဟို) လက်အောက်တွင် မော်တော်ယာဉ်လိုင်းပေါင်း ၃၀၀ ကျော်ရှိပြီး စာရင်းအရကားအစီးရေ ၇၀၀၀ ကျော်ခန့် ရှိသော်လည်း ကားများပြင်ဆင်မှုအပါအဝင် လိုင်စင်ဝင်မှု၊ လုပ်သားရှားပါးမှုအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် နေ့စဉ်ပုံမှန်ထွက်ရှိသော ကားစီးရေမှာ ၄၀၀၀ ကျော် ဝန်းကျင်သာရှိသည်ဟု သိရသည်။

ရန်ကုန်မြို့၌ လိုင်းကားများကို အားကိုးအားထားပြု၍ သွားလာနေကြသော ခရီးသွားပြည်သူ၊ ကျောင်းသား ကျောင်းသူ နှစ်သန်းကျော် နေ့စဉ်ရှိကြောင်း သိရသည်။ မော်တော်ယာဉ်ဥပဒေသစ်ထွက်လာပြီးနောက် စက်တင်ဘာ ၁၅ ရက် နောက်ပိုင်းတွင် မြို့တွင်းခရီးသည်ယာဉ်များ ပြေးဆွဲမှုစီးရေ လျော့နည်းလာခဲ့သည်။

စက်တင်ဘာ ၁၇ ရက်တွင် လိုင်းကား အစီးရေ ၁၀၀၀ ကျော်ခန့် ပြေးဆွဲမှု ရပ်နားလိုက်သည့်အတွက် နေ့စဉ်ပြေးဆွဲလျက်ရှိသည့် လိုင်းကားအစီးရေ၏ လေးပုံတစ်ပုံခန့် လျော့နည်းသွားခဲ့သည်။ ထို့ကြောင့် ခရီးသွား ပြည်သူအများအပြား၊ ကျောင်းသား ကျောင်းသူများ အခက်အခဲများ ဖြစ်ခဲ့ကြရသည်။



ထို့အတွက် ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် မထသ (ဗဟို)တို့မှ တာဝန်ရှိသူများက ယင်းအခက်အခဲများကို ပြေလည်အောင် ကြိုးပမ်းခဲ့ကြသည်။

ထိုရက်များအတွင်း အချို့အချို့သော လိုင်းကားများ ပြေးဆွဲခြင်းရပ်နားခဲ့သော်လည်း အချို့အချို့သော လိုင်းကားများက ပုံမှန်အစီးရေအတိုင်း ပြေးဆွဲပေးခဲ့ကြသည်ကို တွေ့ရသည်။

ကြည့်မြင်တိုင်မြို့နယ် ဗားကရာဂိတ်မှ ဂိတ်မှူးက "ကျွန်တော်တို့ ၆၂ လိုင်းကဆို နဂိုအတိုင်း ပုံမှန်အစီးရေအတိုင်းပြေးဆွဲပေးကြတယ်။ ကျွန်တော်တို့ဂိတ်မှာ ယာဉ်အစီးရေ ၂၀ ဝန်းကျင်နဲ့ ထွက်ပေးနေတယ်" ဟု ပြောပြခဲ့သည်။

မထသ(ဗဟို) ဥက္ကဋ္ဌ ဦးလှအောင်က "အခုအပြင်မှာပြောနေကြသလို လိုင်းကားတွေ ဆန္ဒပြတယ်ဆိုတာ ပြောလို့မရပါဘူး၊ အခုအချိန်ထိ ကျွန်တော်တို့အဖွဲ့အစည်းကို ဖုန်းနဲ့ဖြစ်ဖြစ်၊ စာနဲ့ဖြစ်ဖြစ် တရားဝင်တင်ပြတာမရှိသေးပါဘူး၊ သူတို့လည်း သူတို့ အကြောင်းနဲ့ စောင့်ကြည့်နေကြတာဖြစ်ပါတယ်" ဟု ဆက်သွယ်မေးမြန်းမှုကို ပြောကြားပေးခဲ့သည်။

စက်တင်ဘာ ၂၁ ရက် မွန်းတည့် ၁၂ နာရီက ဖုန်းဖြင့်ဆက်သွယ်မေးမြန်းကြည့်ရာ "အခုအချိန်အထိ စာရင်းအရဆို ခရီးသည်တင်လိုင်းကားပေါင်း ၄၃၂၂ စီး ထွက်ရှိပါတယ်၊ ဒါကလည်းပုံမှန်ပြေးဆွဲပေးနေမှု ကိန်းဂဏန်းတစ်ရပ်ပါပဲ" ဟု စည်းကမ်းထိန်းသိမ်းရေးဌာနမှ ဦးကာကျော်က ဖြေကြားပေးခဲ့သည်။

အစိုးရဘက်မှ အမျိုးသမီးဝန်ထမ်းတစ်ဦးက "အိမ်ကနေ ထုံးစံအတိုင်း တစ်နာရီကျော်ကျော်လောက်စောထွက်လာခဲ့ပါတယ်၊ ဒီနေ့ လိုင်းကားတွေထွက်တာ ပုံမှန်အတိုင်းပဲလို့ထင်ပါတယ်၊ ကားမှတ်တိုင်မှာ အကြာကြီးတော့ ရပ်မစောင့်ရတော့ဘူး" ဟု ပြောကြားသွားခဲ့သည်။

အုပ်ချုပ်ရေးပိုင်း ဌာနတစ်ခုမှ မိတ်ဆွေကြီး ဦးသူရဇော်က "ဥပဒေဆိုတာလိုအပ်လာရင် ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းရတာရှိပါတယ်။ ဥပဒေတစ်ခုထွက်လာရင် လိုက်နာရမှာတော့ အမှန်ပဲ။ ဒါပေမယ့်ဥပဒေကို ထိန်းသိမ်းတဲ့သူ ဆောင်ရွက်တဲ့သူကလည်း ဥပဒေအတိုင်း အရေးယူဆောင်ရွက်တာကို လုပ်ဖို့လိုပါတယ်။ ဒါမှလည်း စည်းကမ်းလိုက်နာဘေး ကင်းကွာဆိုတဲ့ ဆောင်ပုဒ်အတိုင်း စီးတဲ့ခရီးသည်၊ မောင်းတဲ့သူ၊ ယာဉ်နောက်လိုက်တွေ၊ အုံနာတွေကအစ အားလုံးကောင်းမွန်တဲ့ စနစ်တစ်ခုကို လျှောက်လှမ်းနိုင်မှာပါ" ဟုဆိုခဲ့သည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**
**ဓာတ်ပုံ-ကိုကြီးတင်**

# ရွှေ့ပြောင်းဒုက္ခသည်အရေးအတွက် ပိုမိုလက်ခံရန် အဆင်သင့်ဖြစ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးပြောကြား



**ဘာလင် စက်တင်ဘာ ၂၁**

အမေရိကန်ပြည်ထောင်စုသည် လာမည့်နှစ်နှစ်အတွင်း ဒုက္ခသည်အရေးအတွက် ၁၅၀၀၀ ပိုမိုလက်ခံမည်ဖြစ်ပြီး ၎င်းပမာဏသည် ၂၀၁၇ ခုနှစ်တွင် ဒုက္ခသည်အရေးအတွက် စုစုပေါင်း ၁၀၀၀၀၀ ရှိလာမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ပြောခဲ့သည်။

ဥရောပသို့ အထူးသဖြင့် ဂျာမနီသို့ စီးဝင်လာသော ဒုက္ခသည်ပမာဏနှင့် နှိုင်းယှဉ်လျှင် အမေရိကန်လက်ခံမည့် ဒုက္ခသည်အရေးအတွက်ပမာဏမှာ နည်းနေသော်လည်း အမေရိကန်နိုင်ငံအနေဖြင့် ဒုက္ခသည်များအရေးကို ကူညီသည့် အပြုသဘောဆောင်သည့် စိတ်ထားကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ဆီးရီးယားမှ နောက်ထပ် ဒုက္ခသည်အရေးအတွက်ပမာဏကိုမဖော်ပြဘဲ အမေရိကန်နိုင်ငံအနေဖြင့် ကူညီရန် အဆင်သင့်ရှိကြောင်း ဖော်ပြခဲ့သည်။

လွှတ်တော်နှင့်ညှိနှိုင်းတိုင်ပင်ရာတွင် တိုးတက်လာသော ဒုက္ခသည်အရေးအတွက်ပမာဏအတွက် နည်းလမ်းများကို ဆက်လက်ရှာဖွေနေသလို နိုင်ငံ၏လုံခြုံရေးကို ထိန်းသိမ်းရမည်ဖြစ်ကြောင်း ဂျာမနီ နိုင်ငံခြားရေးဝန်ကြီး ဖရန့်ဝေါတာစတိန်းမီယာနှင့်တွေ့ဆုံပြီးနောက် ဂျွန်ကယ်ရီက သတင်းစာရှင်းလင်းပွဲ၌ ပြောခဲ့သည်။

လိုအပ်ချက်မှာ များပြားနေကြောင်း၊ သို့သော်ကူညီရန် အဆင်သင့်ရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ပြောခဲ့သည်။ ယခုသီတင်းပတ် နယူးယောက်၌ ကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံ၏ သီးသန့်ဆွေးနွေးပွဲများတွင် ဆီးရီးယားစစ်ပွဲအဆုံးသတ်ရေးအတွက် နိုင်ငံရေးနည်းလမ်းအရ စေ့စပ်ညှိနှိုင်းအဖြေရှာမှုများကို ပြုလုပ်မည်ဖြစ်ကြောင်း ဂျွန်ကယ်ရီက ပြောကြားခဲ့သည်။

ထို့ပြင် ဂျွန်ကယ်ရီသည် ဆီးရီးယားအရေးဆွေးနွေးရန် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂီလာဗ်ရော့ဗ်နှင့် အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာမက်ဒ်တရစ်နှင့် တွေ့ဆုံမည်ဖြစ်သည်။ **(ရိုက်တာ)**



# ဂရိကမ်းလွန်ပင်လယ်ပြင်တွင် လှေတိမ်းမှောက်မှုကြောင့် လူ ၁၃ ဦးသေဆုံး

**အေသင် စက်တင်ဘာ ၂၁**

ဂရိကမ်းလွန်ပင်လယ်ပြင်တွင် ဒုက္ခသည်များနှင့်ရွှေ့ပြောင်းနေထိုင်သူများကို သယ်ဆောင်လာသော ရော်ဘာလှေတစ်စင်းသည် သင်္ဘောတစ်စင်းနှင့်တိုက်မိပြီး နစ်မြုပ်ခဲ့ကာ ကလေးခြောက်ဦးအပါအဝင် လူ ၁၃ ဦး သေဆုံးခဲ့သည်။

ဂရိအရှေ့ပိုင်း ကမ်းရိုးတန်းတွင် တနင်္ဂနွေနေ့က အဆိုပါ လှေမှောက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ တူရကီမှ ဂရိသို့ သွားရောက်မည့် အဆိုပါလှေပေါ်တွင် လူ ၄၆ ဦး စီးနင်းလိုက်ပါလာပြီး လူ ၂၀ကို ကယ်ဆယ်နိုင်ခဲ့သည်။

တူရကီ ကမ်းခြေစောင့်တပ်မှ ပျောက်ဆုံးနေသည့် လူ ၁၃ ဦးကို ဆက်လက်ရှာဖွေဆဲဖြစ်သည်။ စက်တင်ဘာ ၁၄ ရက်နေ့ကလည်း တူရကီမှဂရိသို့ သွားရာလမ်းတွင် လှေတိမ်းမှောက်ပြီး လူ ၃၄ ဦး သေဆုံးခဲ့သည်။ အဆိုပါလှေတိမ်းမှောက်မှုတွင် ငါးနှစ်အရွယ် မိန်းကလေးတစ်ဦး ပါဝင်ခဲ့သည်။



အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်သူများ အဖွဲ့အစည်းကြီးက ယခုနှစ်အတွင်း ရွှေ့ပြောင်းနေထိုင်ရန်ကြိုးပမ်းရင်း မြေထဲပင်လယ်အတွင်း သေဆုံးသူဒုက္ခသည်အရေအတွက်မှာ ၂၈၀၀ ကျော်ရှိသည်ဟု ခန့်မှန်းထားသည်။ အရှေ့လယ်ပိုင်းနှင့်အာဖရိကမှလူများသည် ၎င်းတို့နိုင်ငံအတွင်း နိုင်ငံရေးပဋိပက္ခများနှင့်လုံခြုံစိတ်ချရခြင်းများ မရှိတော့ကြောင်း အန္တရာယ်များလှသည့် လမ်းခရီးကိုဖြတ်သန်း၍ ရွှေ့ပြောင်းနေထိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

## တောင်အမေရိက အကျင့်ပျက်ခြစားခြင်းအပေါ် လုံးဝသည်းခံမည်မဟုတ်ဟုဆို

**ဂျိုဟန်နစ္စဘတ် စက်တင်ဘာ ၂၁**

အကျင့်ပျက်ခြစားခြင်းအပေါ် ဆတ်ဆတ်ထိမခံ မူဝါဒတစ်ရပ် လူမှုအဖွဲ့အစည်းအတွင်း ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ကြောင်း တောင်အမေရိကသမ္မတရုံးဝန်ကြီးက ပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ်တွင် တောင်အမေရိက၏ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးလုပ်ငန်းများ အနည်းငယ်တိုးတက်မှုများရှိခဲ့သော်လည်း အခြား နိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်လျှင် စွမ်းဆောင်ချက်နည်းပါးနေသေးကြောင်း သမ္မတရုံးဝန်ကြီးက ပရီတိုးရီးယားရှိ ၂၀၁၄ တိုးတက်ရေးညွှန်းကိန်းများ ထုတ်လွှင့်ခြင်းအခမ်းအနား၌ ပြောကြားခဲ့သည်။

ပြည်သူလူထုနှင့် ပုဂ္ဂလိကကဏ္ဍများတွင် အကျင့်ပျက်ခြစားမှုပြုလုပ်ခြင်းများသည် ဝန်ဆောင်မှုများကို ကြာမြင့်စေကြောင်း၊ စီးပွားရေးနှင့်နိုင်ငံရေးတွင် ပြည်သူလူထု၏ ယုံကြည်မှုကို လျော့နည်းစေကြောင်း၊ ထို့အပြင် စီးပွားရေးကဏ္ဍတိုးတက်မှုကို လျော့နည်းကျဆင်းစေကြောင်း တောင်အမေရိကသမ္မတရုံးဝန်ကြီးက ထပ်လောင်းပြောကြားခဲ့သည်။

အကျင့်ပျက်ခြစားခြင်းကို တိုက်ဖျက်ရန် အစိုးရဌာနများအားလုံး အခွန်ပေးဆောင်ရမည့် အရင်းအမြစ်များအားလုံးကို အသေအချာလေ့လာရန်လိုအပ်ကြောင်း ၎င်းက တိုက်တွန်းပြောကြားခဲ့သည်။ သို့မှသာလျှင် သင့်တင့်လျောက်ပတ်သော လွှတ်တော်၊ တရားစီရင်ရေးနှင့် နိုင်ငံကျင့်ဝတ်များ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

# ဂရိအာဏာရပါတီ ရွေးကောက်ပွဲအနိုင်ရရှိ




**ဂရိ စက်တင်ဘာ ၂၁**

ယခင်ဂရိဝန်ကြီးချုပ်ဟောင်း အလက်ဇစ်ဆီပရက်စ်သည် စက်တင်ဘာ ၂၀ ရက် တနင်္ဂနွေနေ့ရွေးကောက်ပွဲ၌ မျှော်လင့်မထားဘဲ အောင်မြင်မှုသရဖူဆောင်းခဲ့ပြီဖြစ်သည်။ ၎င်း၏အာဏာရပါတီသည် ယခုအခါတွင် လွှတ်တော်၌ ယခင်ကထက် အမတ်လောင်းနေရာပိုမိုရရှိခဲ့ပြီးဖြစ်သည်။

မဲအားလုံးနီးပါး ရေတွက်ပြီးချိန်တွင် ဆိုင်ရီဇာပါတီသည် အမတ်လောင်းနေရာ ၃၀၀ ရှိသည့်အနက် ၁၄၅ နေရာရရှိခဲ့ကာ ၃၅ ရာခိုင်နှုန်းထက် ကျော်လွန်သောပမာဏကို ရရှိခဲ့ခြင်းဖြစ်သည်။

အောင်နိုင်ရေးမိန့်ခွန်း၌ ဆီပရက်စ်က ထောက်ခံပြည်သူများသည် အစိုးရကို ပြန်လည်ပြုပြင်စေလိုသည့်ဆန္ဒရှိပြီး နိုင်ငံအတွက်စွမ်းဆောင်စေလိုကြောင်း ပြောခဲ့သည်။

ထို့ပြင် ဆီပရက်စ်က နိုင်ငံ၏ဂုဏ်သိက္ခာကို ပြန်လည်တည်ဆောက်မည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့သည်။

ခြိုးခြံချွေတာရေးသည် ဂရိနိုင်ငံတွင် ရင်ဆိုင်နေရသော ပြဿနာတစ်ရပ်ဖြစ်ရုံမက ဒုက္ခသည်အရေအတွက်အများအပြား စီးဝင်လာမှုသည်လည်း ၎င်းနိုင်ငံအတွက် နောက်ထပ်ဖြေရှင်းရမည့် ပြဿနာတစ်ရပ်ဖြစ်သည်။

**(အင်န်အိတ်ချ်ကေ)**

# လွှတ်တော်ကော်မတီများ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၁**

ပြည်ထောင်စုလွှတ်တော်ရုံးနှင့် နိုင်ငံတကာအကူအညီပေးရေးအဖွဲ့များ ပူးပေါင်းစီစဉ်ကျင်းပသည့် လွှတ်တော်ကော်မတီများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ (Hluttaw Committees Development Workshop Series) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**





အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်း၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ နိုင်ငံတကာအကူအညီပေးရေး အဖွဲ့များဖြစ်ကြသော UNDP, IPU, Australian Perliament, Parliament of Denmark, UK House of Commons တို့မှ တာဝန်ရှိသူများ၊ လွှတ်တော်ရုံးများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ Chief Technical Advisor Mr. Warren Cahill က ပြင်ပပညာရှင်များ ကိုယ်စားလွှတ်တော်ကော်မတီ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် အကျဉ်းချုပ်နှင့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းက အမှာစကားပြောကြားသည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ပြည်ထောင်စုလွှတ်တော်နာယကသည် တာဝန်ရှိသူများနှင့်အတူ ဇမ္ဗူသီရိဆောင် ဒုတိယထပ်ရှိ မြန်မာ့လွှတ်တော် လေ့လာသင်ကြားရေးဗဟိုဌာန၌ ခင်းကျင်းပြသထားသော လွှတ်တော် အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ လွှတ်တော်ရုံးအသီးသီးမှ ဝန်ထမ်းများ၏ အင်္ဂလိပ်စာအရည်အသွေးမြှင့်တင်ရေးသင်တန်းနှင့် ကွန်ပျူတာအသုံးချသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုတို့ကို လေ့လာကြည့်ရှုအားပေးသည်။

လွှတ်တော်ကော်မတီများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၁ ရက်မှ အောက်တိုဘာ ၉ ရက်အထိ ရက်သတ္တ သုံးပတ်ကြာ ကျင်းပမည်ဖြစ်ရာ နိုင်ငံတကာလွှတ်တော်များမှ ကော်မတီဆိုင်ရာ ပညာရှင်ရှစ်ဦးတို့က ဆွေးနွေးပို့ချမည်ဖြစ်ပြီး လွှတ်တော်ရုံးများ ကော်မတီဝန်ထမ်းစုစုပေါင်း ၁၇၃ ဦး တက်ရောက်လေ့လာဆွေးနွေးကြမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# စောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ အပြုသဘောဆောင်သော အကြံပြုချက်များကိုလိုလား

နေပြည်တော် စက်တင်ဘာ ၂၁

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ဂျပန်နိုင်ငံအစိုးရ၏ အထူးကိုယ်စားလှယ်နှင့် Nippon Foundation ၏ဥက္ကဋ္ဌ H.E. Mr. Yohei SASAKAWA ဦးဆောင်သောအဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံရာ ကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**



ထိုသို့တွေ့ဆုံရာတွင် H.E. Mr. Yohei SASAKAWA က ရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာရန် ဂျပန်နိုင်ငံအစိုးရက ဥက္ကဋ္ဌ တာဝန်ပေးအပ်သဖြင့် လာရောက်တွေ့ဆုံခြင်းဖြစ်ပြီး စောင့်ကြည့်လေ့လာနိုင်မည့် အခြေအနေအား မေးမြန်းရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက နိုင်ငံတကာ စောင့်ကြည့်လေ့လာရေးအဖွဲ့များအနေဖြင့် ကာလရှည်၊ ကာလတို စောင့်ကြည့်လေ့လာမည့် အဖွဲ့များရှိကြောင်း၊ ကာလရှည် စောင့်ကြည့်လေ့လာမည့် အဖွဲ့သုံးဖွဲ့ရှိကြောင်း၊ Carter Center အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးခြင်းနှင့် မဲစာရင်းပြုစုခြင်းကို စောင့်ကြည့်လေ့လာလျက်ရှိကြောင်း၊ စောင့်ကြည့်လေ့လာလိုသည့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အဆိုပြုတင်ပြရမည်ဖြစ်ပြီး ကော်မရှင်အနေဖြင့် လေ့လာလိုသည့်နေရာများကို အဆင်ပြေစွာ လေ့လာစောင့်ကြည့်နိုင်ရန် ညှိနှိုင်းပေးမည်ဖြစ်ကြောင်း၊ လာရောက်လေ့လာမည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ အာဆီယံနိုင်ငံများမှ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ သံရုံးများမှ သံအမတ်ကြီးများကို ရွေးကောက်ပွဲရက်မတိုင်မီတွေ့ဆုံပြီး ရွေးကောက်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်ပေးခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် စောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ အပြုသဘောဆောင်သောအကြံပြုချက်များ လိုလားပါကြောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲ စနစ်တကျရှိရေးအတွက် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား သင်တန်းပေးမည့်နည်းပြများကို သင်တန်းပို့ချနေမှုတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် H.E. Mr. Yohei SASAKAWA က မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံ၏ ရင်းနှီးချစ်ကြည်မှုသမိုင်းသည် ကြာမြင့်ပြီဖြစ်ကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် နီးနီးကပ်ကပ် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှုတို့ကို ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## သံအမတ်ကြီး ဦးကျော်မျိုးထွဋ် ပနားမားနိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် စက်တင်ဘာ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အမေရိကန်ပြည်ထောင်စုဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးကျော်မျိုးထွဋ်အား ၎င်း၏လက်ရှိ တာဝန်ဝတ္တရားများအပြင် ပနားမားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## သံအမတ်ကြီး ဦးစံလွင် ဩစတြီးယားနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၂**

ဩစတြီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးဦးစံလွင်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၄ ရက်က ဗီယင်နာမြို့၌ ဩစတြီးယားသမ္မတနိုင်ငံသမ္မတ ဒေါက်တာဟိန့်ဇ်ဖစ်ရှာထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများသို့ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် သံအမတ်ကြီး ဦးစံလွင်အား ခန့်အပ်

**နေပြည်တော် စက်တင်ဘာ ၂၂**

ဩစတြီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစံလွင်သည် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ရုံးစိုက်သည့် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများသို့ မြန်မာနိုင်ငံ၏ အမြဲတမ်းကိုယ်စားလှယ်အဖြစ် ခန့်အပ်လွှာများကို ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်းက ပေးအပ်ခဲ့ပြီးဖြစ်သည်။

သံအမတ်ကြီး ဦးစံလွင်သည် ဗီယင်နာမြို့ ကုလသမဂ္ဂရုံး၏ ညွှန်ကြားရေးမှူးချုပ်နှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးအမှုဆောင်ညွှန်ကြားရေးမှူးဖြစ်သူ မစ္စတာ ယူရီဖီဒိုတော့ဗ်ထံသို့ ဩဂုတ် ၅ ရက်တွင်လည်းကောင်း၊ နျူကလီးယားစမ်းသပ်ဖောက်ခွဲမှုအလုံးစုံ တားမြစ်ပိတ်ပင်ရေး စာချုပ်ဆိုင်ရာ အဖွဲ့အစည်း၏ အမှုဆောင်အတွင်းရေးမှူး ဒေါက်တာလာဇီနာဇာဘို ထံသို့ ဩဂုတ် ၁၇ ရက်တွင်လည်းကောင်း၊ ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာ တိုင်ဇိုနီရှီကာဝါ ထံသို့ ဩဂုတ် ၁၈ ရက်တွင်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင် အေဂျင်စီ၏ ညွှန်ကြားရေးမှူးချုပ် မစ္စတာ ယူကိုရာအမာနို ထံသို့ ဩဂုတ် ၂၀ ရက်တွင်လည်းကောင်း ခန့်အပ်လွှာများကို အသီးသီးပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

**မုတ်သုံလေအားနည်း**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့ မြန်မာစံတော်ချိန် နံနက် ၁၁ နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဩရိဿကမ်းခြေမြောက်ပိုင်းနှင့် အနောက်ဘင်္ဂလားပြည်နယ်တို့တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ ဩရိဿမြောက်ပိုင်းကမ်းခြေအနီးမှ ကုန်းတွင်းသို့ ရွေ့လျားဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။ (မိုး/ဇလ)

# ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေးမူအပေါ်အခြေခံပြီး နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက်ဆက်ဆံလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၁

**နိုင်ငံတိုင်းသည် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာပိုင်ဆိုင်မှုအား ကာကွယ်ပိုင်ခွင့်၊ မိမိနိုင်ငံရှင်သန်ဖွံ့ဖြိုးမှုအတွက် လုပ်ဆောင်ပိုင်ခွင့်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်အတွက် ကာကွယ်ပိုင်ခွင့်ရှိပြီး မိမိတို့နိုင်ငံအနေဖြင့်လည်း ယင်းအတိုင်းရပ်တည်လုပ်ဆောင်နေကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)နှင့်သတင်းမီဒီယာများအား တွေ့ဆုံစဉ် ပြောကြားသည်။**

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ)မှ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံသတင်းစာဆရာများသမဂ္ဂ၊ မြန်မာသတင်းသမားများကွန်ရက်၊ နိုင်ငံခြားသတင်းထောက်များ အသင်းတို့မှ ကိုယ်စားလှယ်များ၊ နေ့စဉ်ထုတ်သတင်းစာများနှင့် ရုပ်/သံမီဒီယာများမှ သတင်းထောက်များ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိနိုင်ငံအနေဖြင့် ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေးမူအပေါ် အခြေခံပြီး နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက်ဆက်ဆံလျက်ရှိကြောင်း၊ အစ္စရေးနိုင်ငံ ခရီးစဉ်သွားရောက်ခဲ့ရာတွင် မိမိတို့တပ်မတော်အား Standard Army တည်ဆောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်သည့် နယ်ပယ်များ၊ နည်းပညာနှင့် ပတ်သက်သည့်ကိစ္စရပ်များ၊ စစ်ရေးနှင့်မပတ်သက်သည့် လေ့ကျင့်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံမှုမြှင့်တင်ရေး ကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း၊ ဇူလိုင်၊ ဩဂုတ်လများအတွင်း ကြုံတွေ့ခဲ့ရသည့် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် တပ်မတော်အနေဖြင့် ထုတ်နုတ်နိုင်သည့် လူအင်အား၊ စက်ယန္တရား၊ မော်တော်ယာဉ်၊ ရေယာဉ်၊ ရဟတ်ယာဉ်၊ လေယာဉ်များဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်အား ကယ်တင်မှု၊ ဆယ်တင်မှုများ အချိန်မီလုပ်ဆောင်ပေးခဲ့ကြောင်း၊တပ်မတော်အနေဖြင့် အင်ပြည့်အားပြည့်ထုတ်နုတ်ဆောင်ရွက်ရန် ဆန္ဒရှိသော်လည်း လုံခြုံရေးနှင့် စစ်ဆင်ရေးတာဝန်များကြောင့် အတတ်နိုင်ဆုံး ထုတ်နုတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ရေဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်လည်း အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ တစ်နိုင်ငံလုံး အေးအေးချမ်းချမ်းဖြစ်စေချင်သည့် ဆန္ဒရှိပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းရေး အတွက် လွန်စွာလိုလားပါကြောင်း၊ တပ်မတော်အနေဖြင့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အား လုပ်ဆောင်လျက်ရှိကြောင်း၊ မကြာခင် ကာလတွင် NCA လက်မှတ်ရေးထိုးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံတိုးတက်အောင် တိုင်းရင်းသားအားလုံး မြန်မာဆိုသည့် စိတ်ဖြင့်စည်းစည်းလုံးလုံး လုပ်ဆောင်ပါက ပြည်သူများ ဖြစ်စေချင်သည့် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ်သို့ မုချရောက်ရှိနိုင်မည် ဖြစ်ကြောင်း၊ အေးအေးချမ်းချမ်း ကြီးပွားတိုးတက်လိုပါက တိုင်းပြည်တည်ငြိမ်အေးချမ်းမှုသာ ဖြစ်နိုင်မည်ဖြစ်၍ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းအောင် ဝိုင်းဝန်း ဆောင်ရွက်ကြစေလိုပါကြောင်း၊ နိုင်ငံတစ်ခုတွင် တပ်မတော်တစ်ရပ်သာရှိသဖြင့် တပ်မတော်နှင့် ပတ်သက်သည့် အသုံးအနှုန်းများကိုလည်း ဥပဒေနှင့်အညီ တပ်မတော်အတွက်သာ သုံးစွဲစေလိုပါကြောင်း၊ မီဒီယာများတွင် တပ်မတော်နှင့်ပတ်သက်၍ အသုံးအနှုန်းများ မှားယွင်းသုံးစွဲမှု၊ မသက်ဆိုင်သည့် အဖွဲ့အစည်းများတွင် သုံးစွဲမှုများရှိနေကြောင်း၊ မိမိနိုင်ငံ ဂုဏ်သိက္ခာနှင့် တပ်မတော်၏ ဂုဏ်သိက္ခာအရ စစ်ဘက်အခေါ်အဝေါ်အသုံးအနှုန်းများ မှန်မှန်ကန်ကန်သုံးပါက ပိုမိုကောင်းမွန်ပါကြောင်း ပြောကြားသည်။



တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သတင်းမီဒီယာများ၏ မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားစဉ်။

ယင်းနောက် သတင်းမီဒီယာများ၏ မေးမြန်းမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁၂)ပါအတိုင်း လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲနှင့် တပ်မတော်သားများ မဲဆန္ဒပေးခြင်းနှင့်ပတ်သက်၍ တပ်မတော်ပိုင်းဆိုင်ရာတွင် လွတ်လပ်ပြီးတရားမျှတမှုရှိစေရန် အတတ်နိုင်ဆုံး ဆောင်ရွက်မည် ဖြစ်ကြောင်း၊ အချို့လက်နက်ကိုင်ပဋိပက္ခရှိသည့်နေရာများတွင် ခြိမ်းခြောက်မှုများရှိနေ၍ ကျော်လွှားနိုင်ရန် ကြိုးစားလုပ်ဆောင်နေကြောင်း၊ တစ်တိုင်းပြည်လုံး အတိုင်းအတာနှင့်လည်း Free and Fair ဖြစ်စေလိုပါကြောင်း၊ တပ်ရင်း/တပ်ဖွဲ့မဲရုံများနှင့် ပတ်သက်၍ လုံခြုံရေးကန့်သတ်ချက်ရှိသည်မှလွဲ၍ ရွေးကောက်ပွဲကော်မရှင်၏ သတ်မှတ်ချက်များအတိုင်း ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ တပ်မတော်သားများ မဲဆန္ဒပေးမှုနှင့်ပတ်သက်၍လည်း မြို့နယ်ပေါင်း ၃၃၀ ရှိ၍ တစ်ယောက်နှင့် တစ်ယောက်၊ ပါတီတစ်ခုနှင့်တစ်ခု မတူနိုင်သဖြင့် ဖြစ်သင့်သည့် မူဝါဒအပေါ်တွင်သာ ချိန်ဆဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေးနှင့် NCA စာချုပ်လက်မှတ်ရေးထိုးမှုနှင့် ပတ်သက်ပြီး ယုံကြည်မှုနှင့် မြန်မာပြည်တွင် နေထိုင်ကြသည့် မြန်မာဆိုသည့်စိတ်မွေးရန်လိုပါကြောင်း၊ သံသယမရှိအောင် နေထိုင်လုပ်ကိုင်ကြရန်၊ သံသယစိတ်ပိုမိုကြီးထွားလာအောင် မလှုံ့ဆော်ကြရန် အရေးကြီးပါကြောင်း၊ တပ်မတော်အနေဖြင့် အဆင်သင့်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းတွင် လက်နက်ကိုင်လမ်းစဉ်မရှိပါကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် အာဏာသုံးရပ်ကိုင်ဆောင်ထားရာမှ အရပ်သားအစိုးရသို့ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း။

တပ်မတော်မှ အရပ်ဘက်ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခြင်းနှင့်ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းဥပဒေပြဋ္ဌာန်းထားရှိပြီး ဝန်ကြီးဌာနတစ်ခုမှ တစ်ခုသို့ ပြောင်းလဲတာဝန်ထမ်းဆောင်ပိုင်ခွင့်ရှိပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ လိုအပ်ချက်အရ တောင်းဆိုမှု၊ ကာယကံရှင်၏ တင်ပြမှုအရသာ ဆောင်ရွက်ပြီး တပ်မတော်မှ စတင် Initiative မလုပ်ပါကြောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ စိစစ်မှု၊ အစိုးရအဖွဲ့၏ ခွင့်ပြုမှုများလည်း ရှိပါကြောင်း၊ ရန်သူကြောင့် ထိခိုက်ဒဏ်ရာရသူအချို့၊ကျန်းမာရေးအရပြောင်းရွှေ့မှုအချို့နှင့် လုံခြုံရေးပိုင်းဆိုင်ရာ လိုအပ်ချက်အရ ပြောင်းရွှေ့ပေးရသူများလည်း ရှိပါကြောင်း၊ ဥပဒေနှင့်အညီ အတတ်နိုင်ဆုံး ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

လေ့စီးသွားလာသူများနှင့်ပတ်သက်၍ နိုင်ငံတကာတွင် တားဆီးကာကွယ်မှုများ ပြုလုပ်နေ၍ မိမိနိုင်ငံအနေဖြင့်လည်း တတ်နိုင်သမျှ ကာကွယ်မှုများ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ Standard Army တည်ဆောက်ရေးနှင့်ပတ်သက်၍ မေးမြန်းရာတွင် ရေတပ်စွမ်းရည်မြှင့်တင်ရန် မြန်မာ့ပင်လယ်ပြင် ကာကွယ်နိုင်ရန် စွမ်းပကားရှိရန်လိုကြောင်း၊ စစ်ရေယာဉ်များကို စွမ်းအားပြည့် သုံးစွဲနိုင်အောင် ကြိုးစားနေကြောင်း၊ ရေတပ်သင်္ဘောများဝယ်ခြင်း၊ ပြည်တွင်းတွင် တည်ဆောက်ခြင်းများ လုပ်ဆောင်နေကြောင်း၊ လေတပ်စွမ်းရည်မြှင့်တင်ရေးနှင့် ပတ်သက်၍ အရပ်ဘက်သုံးထက် စစ်ဘက်သုံးလေယာဉ်များက ပိုဈေးကြီးကြောင်း၊ လေယာဉ်ဝယ်ယူခြင်းနှင့်ဆက်စပ်၍ Training ကိစ္စရပ်များ၊ Ground Facility၊ Maintenance ကိစ္စရပ်များပါ လိုအပ်၍ ကုန်ကျစရိတ်များကြောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာငွေပေါ်တွင် များစွာမူတည်ပါကြောင်း၊ တပ်မတော်နှင့်သတင်းမီဒီယာများအကြား ဆက်ဆံမှုတိုးမြှင့်ရေး၊ သတင်းစီးဆင်းမှု မြန်ဆန်စေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်၍ နည်းလမ်းများ ရှာဖွေလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



# ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၂၁**

ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဒုတိယစစ်ဦးစီးချုပ် Admiral Sun Jiangou ၏ ဖိတ်ကြားချက်များအရ ချစ်ကြည်ရေးခရီး သွားရောက်ရန်အတွက် စက်တင်ဘာ ၂၀ ရက် ည ၁၁ နာရီ မိနစ် ၅၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာကြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးဇော်သိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာဟုန်လျှန်နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။


ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ အဖွဲ့ဝင်များအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မိုးမြင့်ထွန်းနှင့် တပ်မတော်အရာရှိကြီးများ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။ **(ဝဝှ)**

**(မြဝတီ)**

# ရေကြီးရေလျှံမှု၊ မြေပြိုမှုဒဏ်ကြောင့် ပြိုကျ/ပျက်စီးခဲ့သောဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းနိုင်

မြန်မာနိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှု မြေပြိုမှုဒဏ်ကြောင့် ပြိုကျ/ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းများကို သာသနာရေးဝန်ကြီးဌာနကဦးစီး၍အလှူရှင်များလှူဒါန်းမှုဖြင့် ပြန်လည်ပြုပြင်တည်ဆောက်သွားမည်ဖြစ်သည်။

ပြိုကျ/ပျက်စီး၍ အသစ်ပြန်လည်တည်ဆောက်မည့် ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်းဖြစ်ပြီး ရေတိုက်စားမြေပြို၍ အသင့်အတင့်ပျက်စီးသည့် ဘုန်းတော်ကြီးကျောင်း ၆၉ ကျောင်းနှင့် ရေဝင်ရေမြုပ်၍ သာမန်ပျက်စီးသည့် ဘုန်းတော်ကြီးကျောင်း ၁၀၉ ကျောင်းတို့ဖြစ်သည်။




အသစ်ပြန်လည်တည်ဆောက်ပေးမည့် ပေ (၄၀× ၃၀)သံကူကွန်ကရစ် ခြေတံရှည် ၁၁ ပေ၊ အမြင့် ၂၇ ပေ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၏ တန်ဖိုးမှာ ငွေကျပ်သန်း ၅၀ ကုန်ကျမည်ဖြစ်သည်။

အသစ်ပြန်လည်တည်ဆောက်မည့် ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်းအတွက် တန်ဖိုးငွေကျပ်သန်း ၃၅၀၊ အသင့်အတင့်ပျက်စီးသည့် ဘုန်းတော်ကြီးကျောင်း ၆၉ ကျောင်းအတွက် ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈ သန်း၊ သာမန်ပျက်စီးသည့် ဘုန်းတော်ကြီးကျောင်း ၁၀၉ ကျောင်းအတွက် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၃၄ သန်း စုစုပေါင်း တန်ဖိုးငွေကျပ် ၄၅၉ ဒသမ ၃၄ သန်း ကုန်ကျမည်ဖြစ်သည်။

စေတနာရှင်အလှူရှင်များအနေဖြင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းချင်း တစ်ဦးတည်းဒါယကာခံ၍ဖြစ်စေ၊ အသင်းအဖွဲ့လိုက် စုပေါင်းဒါယကာခံ၍ဖြစ်စေ၊ တစ်ဦးချင်း တတ်အားသရွေ့ဖြစ်စေ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံသို့ လာရောက်ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

၁။ ဦးထိန်လင်း
ညွှန်ကြားရေးမှူး(ဦးစီး)
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
နေပြည်တော်
ဖုန်း-၀၆၇-၄၀၆၀၁၄၊ ၀၉-၈၃၀၄၇၉၆

၂။ ဦးဝင်းနိုင်
ညွှန်ကြားရေးမှူး
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၁-၆၆၀၂၇၅၊ ၀၉-၅၅၅၇၇၇၈

၃။ ဦးခင်မောင်ဝင်း
ညွှန်ကြားရေးမှူး
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
မန္တလေးတိုင်းဒေသကြီး
ဖုန်း-၀၂-၆၁၁၁၃၊ ၀၉-၂၀၀၀၁၀၀

## သာပေါင်းမြို့နယ်အတွင်းမှ ရေချိုအင်းလုပ်ငန်းသမားများနေထိုင်ရာ ကျေးရွာများ ရေကောင်းရေသန့်သုံးစွဲရသဖြင့် ဝမ်းမြောက်ပျော်ရွှင်နေ

**ပုသိမ် စက်တင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုငွေကျပ်သန်းပေါင်း ၇၅ ဒသမ ၅၆ ဖြင့် သောက်သုံးရေအခက်အခဲဖြစ်နေကြသော ရေချိုအင်းလုပ်သားတို့ မှီခိုနေထိုင်ရာ လေ့ကြီးပျက်ကျေးရွာအုပ်စု အုပ်ပုံကုန်းကျေးရွာ၊ ကမ္ဘဲ့ညောင်ကုန်းကျေးရွာအုပ်စု ကြိမ်ငူကျေးရွာ၊ ဥသျှစ်ကျေးရွာအုပ်စု လေးအိမ်တန်းကျေးရွာ၊ ထန်းတပင်ကျေးရွာအုပ်စု သံပုရာချောင်းကျေးရွာ၊ ကညင်ပင်ကျေးရွာအုပ်စု ဆည်ကြီးကျေးရွာ၊ လဟာဂမုံကျေးရွာအုပ်စု ကုန်းစွန်းကျေးရွာ၊ လယ်တီကျေးရွာ၊ ဒယ်ကုန်းကျေးရွာအုပ်စု ကုန်းတန်းကျေးရွာ၊ ကွင်းခြောက်ကျေးရွာအုပ်စု ကွင်းခြောက်ကျေးရွာ၊ ရွှေဇံအိုးအုပ်စု ကျောက်စရစ်ကုန်းကျေးရွာများ၌ တွင်းတိမ်၊တွင်းနက်အဝီစိတွင်းများ ရွာစဉ်အလိုက် တူးဖော်ပေးလျက်ရှိရာ စက်တင်ဘာ ၂၁ ရက် နံနက် ၈ နာရီက ပြီးစီးသွားသော လဟာဂမုံကျေးရွာအုပ်စု ကုန်းစွန်းကျေးရွာ စက်ရေတွင်းနက်ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်မင်းထွန်းနှင့် ဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများနှင့်အတူ သွားရောက်စစ်ဆေးကြည့်ရှုကြသည်။

"ကျွန်မတို့မွေးကတည်းက နွှေးနွှေးမိုးမိုး ရေပတ်လည်ဝိုင်းနေတဲ့ အင်းရေထဲမှာ နေကြရတော့ သားငါးပုစွန်တွေ ပျော်မွေ့နေတဲ့ အင်းရေ/ ချောင်းရေကိုသာ သုံးစွဲခဲ့ကြတယ်။ အခုတော့ နိုင်ငံတော်က အဝီစိတွင်းတွေ တူးဖော်ပေးလို့ သန့်ရှင်းအေးမြတဲ့ ရေလေးတစ်ပေါက်သောက်လိုက်ရတာ အသက် ၁၀ နှစ်လောက် ပိုရှည်သွားတယ်လို့ ထင်ရတယ်၊ ဒါကြောင့် နိုင်ငံတော်ကိုလည်း အထူးကျေးဇူးတင်ပါတယ်" ဟု သာပေါင်းမြို့နယ်အတွင်းမှ အင်းအလုပ်သမ ဒေါ်ထွေးဖြူက ဝမ်းသာစကားပြောကြားခဲ့သည်။

**ပုသိမ်လှကြည်**

## အောင်လံမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တံတားကမ်းကပ်ခုံပြိုကျ

**အောင်လံ စက်တင်ဘာ ၂၁**



အောင်လံမြို့နယ် ကျောက်ပန်းတောင်းအုပ်စု သံချိုပ်ကျေးရွာအနီး၌ စက်တင်ဘာ ၁၉ ရက် ညနေ ၃ နာရီက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အောင်လံ၊ ကျောက်ပန်းတောင်း၊ သဗ္ဗာုလကားလမ်းပေါ်ရှိ လယ်ဝေမြောင်ချောင်းကွန်ကရစ်တံတားကမ်းကပ်ခုံပြိုကျပျက်စီးမှု ဖြစ်ပွားခဲ့သည်။

ယင်းတံတားသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ရန်ပုံငွေကျပ်သိန်း ၅၀ ဖြင့် တည်ဆောက်ခဲ့သော အကျယ် ပေ ၂၀၊ အရှည် ၁၀ ပေ၊ အမြင့် ၁၈ ပေရှိ ချောင်းကူးကွန်ကရစ်တံတားဖြစ်ပြီး ထိုသို့ပြိုကျ ပျက်စီးရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတိုးကြည်၊ ကျောက်ပန်းတောင်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာဖွံ့/ထောက်အဖွဲ့ဝင်များ၊ ကျောက်ပန်းတောင်းရဲကင်းစခန်းမှူး ရဲအုပ်ထွန်းကြွယ်နှင့် တပ်ဖွဲ့ဝင်များက တံတား၏ ယာဘက်လမ်းလွှဲမှ ယာဉ်များသွားလာနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



## ဒါးကမြစ်ရေ လျှံတက်မှုကြောင့် ကျောင်းများယာယီပိတ်ထား


**ကျောင်းကုန်း စက်တင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့၌ ဒါးကမြစ်ရေလျှံတက်မှုကြောင့် လှည်းဆိပ်ကျေးရွာအုပ်စု အမကအုန်းပင်စု၊ အမက အပင်နှစ်ဆယ် စာသင်ကျောင်းနှစ်ကျောင်း၊ သဲကုန်ကျေးရွာအုပ်စု အမက သဲကုန်ကျောင်း တစ်ကျောင်း စုစုပေါင်း သုံးကျောင်းကို စက်တင်ဘာ ၂၁ ရက်မှစ၍ ယာယီပိတ်ထားရသည်။

အဆိုပါ ကျောင်းသုံးကျောင်းအနက် သဲကုန်အမကကျောင်းသည် ပထမရေကျသော်လည်း မပေါ်သေးဘဲ ဒုတိယအကြိမ် ရေတက်သည်အထိ မြုပ်နေဆဲဖြစ်သောကြောင့် ဘုန်းကြီးကျောင်းသို့ ပြောင်းရွှေ့သင်ကြားနေရကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

**ရေကြီးမှုမတိုင်မီ မိုးလေဝသသတင်းကို အမြဲမပြတ်နားထောင်ပါ**




# ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၁**


ဝေန်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့၌ နှစ်ပေခွဲခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းကို ဂရပ်ဖြင့်ဖော်ပြထားသည်။ **(သတင်းစဉ်)**


# ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့၌ စိုးရိမ်ရေမှတ်အောက် ဆက်လက်ကျဆင်းနိုင်

**နေပြည်တော် စက်တင်ဘာ ၂၁**

ဧရာဝတီမြစ်ရေသည် ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အထက်သို့ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်များဖြင့် ဖော်ပြထားသည်။

**(သတင်းစဉ်)**




# ရေဘေးဒုက္ခသည်များအတွက် အကျီအထည် ၁၀၀ လှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၁**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ ရေဘေးဒုက္ခသည်များအတွက် အကျီအထည် ၁၀၀ လှူဒါန်းမှုကို စက်တင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် စေတနာရှင်မိသားစုက လှူဒါန်းခဲ့သည်။

အဆိုပါ စေတနာရှင်မိသားစုမှာ ဂျပန်နိုင်ငံ၌ နေထိုင်နေသော ဦးသူရဆွေနှင့် ဇနီး ဒေါ်နန်းစင်သီတာထွန်းတို့ဖြစ်သည်။ ဂျပန်နိုင်ငံ၌ ရောက်ရှိနေသော ၎င်းမိသားစုကိုယ်စား မြင်းခြံမြို့နယ် သံဃာ့ဝန်ဆောင်အဖွဲ့ဝင် ဆရာတော် ဦးသာသန (သာသနမာမကတိုက်ကျောင်း၊ သင်ပြွန်ကျေးရွာ မြင်းခြံမြို့နယ်)ဆရာတော်က မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ သွားရောက်လှူဒါန်းရာ သစ်တောနှင့် သတ္တုဝန်ကြီး ဦးသန်းစိုးမြင့်က ၎င်း၏ ရုံးခန်း၌ ရေဘေးဒုက္ခသည်များအတွက် အကျီအထည် ၁၀၀ ကို လက်ခံယူခဲ့ကြောင်း သိရသည်။

**တင်မောင်**



# တိုင်းဒေသကြီး/ပြည်နယ်အလိုက် မိုးရွာသွန်းမည့်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၁**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ စက်တင်ဘာ ၂၂ ရက်တွင် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၌ နေရာအနှံ့အပြား၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်တို့၌ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**(မြန်မာ့အလင်း)**

## ၂၀၁၅-၂၀၁၆ ခုနှစ် ဇူလိုင်လအတွင်း မြန်မာနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်သည့် တိုင်းဒေသကြီး/ ပြည်နယ်များအတွင်းရှိ ကျေးရွာများတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကျေးလက်ရေပေးဝေရေးနှင့် ကျန်းမာရေးလုပ်ငန်းများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းတိုးတက်မှုစာရင်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် ပေါင်း | ကျေးရွာ ပေါင်း | ရေပေးရေး | | | | | | | | | | | | | | ခွင့်ပြုငွေ ကျပ်သန်း | ကျန်းမာသန့်ရှင်းရေး | | | ဆောင်ရွက်ဆဲ ရေပေးရေး လုပ်ငန်း | ဆောင်ရွက်သည့် အစုအဖွဲ့ ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | တွင်းတိမ် | | တွင်းနက် | | တုံကင် | | လက်တူးတွင်း | | မိုးရေကန် | | အခြား | | ပေါင်း | | | ကျေးရွာ | ယင်လုံ အိမ်သာ | ကုန်ကျငွေ(ကျပ်သန်း) | | | |
| | | | | ပြုပြင်ရန် | ပြုပြင်ပြီး | ပြုပြင်ရန် | ပြုပြင်ပြီး | ပြုပြင်ရန် | ပြုပြင်ပြီး | ပြုပြင်ရန် | ပြုပြင်ပြီး | ပြုပြင်ရန် | ပြုပြင်ပြီး | ပြုပြင်ရန် | ပြုပြင်ပြီး | ပြုပြင်ရန် | ပြုပြင်ပြီး | | | | | | | |
| ၁။ | ကချင် | ၁ | ၁ | | | | | | | | | | | ၁ | | ၁ | | ၀.၅၀ | | | | ၁ | | |
| ၂။ | ချင်း | ၇ | ၄၂ | | | | | | | | | | | ၄၂ | | ၄၂ | | ၁၁၁.၀၀ | | | | | | |
| ၃။ | စစ်ကိုင်း | ၆ | ၁၀၅ | ၅၅ | ၄၁ | ၂၃ | ၁၈ | ၁၀၂ | ၈၇ | ၅ | ၅ | ၁၀ | ၁ | ၃၃၅၅ | ၈၈၉ | ၃၅၅၀ | ၁၀၄၁ | ၁၉၅.၅၀ | ၂၄ | ၇၃၉ | ၉၄.၄၆ | ၁၆၀ | ၈ဖွဲ့ | |
| ၄။ | ပဲခူး | ၃ | ၆ | | | ၆ | | ၃၁၉ | ၁၀၄ | ၃ | | ၁ | | | | ၃၂၉ | ၁၀၄ | ၁၆.၉၀ | | | | ၂၂၅ | | |
| ၅။ | မကွေး | ၄ | ၁၈၅ | ၃၄၇၉ | ၂၆၅၃ | | | | | ၃၄၈ | ၂၆၁ | ၁၄ | ၁၀ | | | ၃၈၄၁ | ၂၉၂၄ | ၉၄.၅၅ | ၆၁ | ၅၇၇ | ၄၆.၁၆ | ၁၇၀ | ၆ ဖွဲ့ | |
| ၆။ | မန္တလေး | ၂ | ၁၄ | | | ၁ | | | | | | | | ၁၃ | | ၁၄ | | ၂၄.၃၉ | | | | | | |
| ၇။ | ရခိုင် | ၁၁ | ၇၈၀ | | | | | | | | | ၇၈၀ | ၇၇၀ | | | ၇၈၀ | ၇၇၀ | ၅၈၅.၃၈ | | | | ၁၀ | ၇ဖွဲ့ | |
| | | ၃၄ | ၁၁၃၃ | ၃၅၃၄ | ၂၆၉၄ | ၃၀ | ၁၈ | ၄၂၁ | ၁၉၁ | ၃၅၆ | ၂၆၆ | ၈၀၅ | ၇၈၁ | ၃၄၁၁ | ၈၈၉ | ၈၅၅၇ | ၄၈၃၉ | ၁၀၂၈.၂၂ | ၈၅ | ၁၃၁၆ | ၁၄၀.၆၂ | ၅၆၆ | ၂၁ ဖွဲ့ | |

မှတ်ချက်။ ချင်းပြည်နယ် ရေပေးရေးလုပ်ငန်းများအား **UNICEF** နှင့် ပူးပေါင်းဆောင်ရွက်ရန် စီစဉ်လျက်ရှိပြီး လုပ်ငန်းများကို အောက်တိုဘာလတွင် စတင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။



တီးတိန်-တွန်းဇံ-ကျီခါးလမ်းပေါ်ရှိ ဗျဲလ်ကျင်းတံတား ပေ (၇၀) ဘေလီတံတားပျက်စီးနေပုံ။ (ဆောက်လုပ်ရေး)



တီးတိန်-တွန်းဇံ-ကျီခါးလမ်းပေါ်ရှိ ဗျဲလ်ကျင်းတံတား ပေ (၇၀) ပြန်လည်ပြုပြင်ပြီးစီးပုံ။ (ဆောက်လုပ်ရေး)

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၁**

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၂၁ ရက်တွင် ဒေါ်မြမြဆန်း၊ ဦးနေထွန်းမင်း၊ ဦးမိုးသော်၊ METRO Group Co., Ltd. က ချင်းပြည်နယ်အတွင်း နေအိမ်တစ်လုံး ဆောက်လုပ်ရန် အလှူငွေကျပ် ၄၄၄၀၀၀၀၊ နမ့်ခမ်းမြို့ရှိ စေတနာရှင်ပြည်သူများက ငွေကျပ် ၁၃၃၂၂၈၃၈ ကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော် အလှူငွေစာရင်းအမှတ် (OA-011834)သို့ တိုက်ရိုက်ထည့်သွင်းခြင်းအပါအဝင် မြန်မာငွေစုစုပေါင်း ငွေကျပ် ၁၇၇၆၂၈၃၈ ကို လှူဒါန်းရာ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်တို့က လက်ခံယူကာ ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။



အလားတူ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ အလှူငွေကျပ် ၆၉၆၇၄၀၀ လက်ခံရရှိသည့်အတွက် ဇူလိုင် ၂၉ ရက်မှ စက်တင်ဘာ ၂၁ ရက်အထိ အလှူရရှိငွေ စုစုပေါင်းမှာ ငွေကျပ် ၃၉၇၈၆၆၃၃၈၊ အမေရိကန်ဒေါ်လာ ၂၁၆၂၄၁၄ ဒသမ ၁၁ ဖြစ်ပြီး အဆိုပါ လက်ခံရရှိသော အလှူငွေနှင့် ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အလှူငွေနှင့် အလှူပစ္စည်းများလက်ခံရရှိ

**နေပြည်တော် စက်တင်ဘာ ၂၁**

ရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၊ နေပြည်တော်ရုံးသို့ အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလျက်ရှိရာ သက်န်းတစ်စုံ၊ ထီးတစ်လက်၊ ဖိနပ်တစ်ရန်၊ ခေါက်ဆွဲခြောက် ၈၃၄ ကာတွန်း၊ ရေသန့်ခြောက်လုံးကတ်ပါ ကတ် ၁၀၀၀၀ ၊ ကျားလုံချည် အထည် ၆၀၀၀ ၊ မလုံချည်အထည် ၆၀၀၀ ၊ စောင်အထည် ၄၀၀၀ ၊ အဝတ်အထည် (၂၄/၅၉)အိတ်/ဖာ ပစ္စည်းစုံ နှစ်ပုံး၊ Paracetamol ၁၈ ကာတွန်း၊ Amoxicillin (250 mg) နှစ်ကာတွန်း၊ Cement Bags ၁၀၀၀၊ Smart board ၃၀၈၀ Ps ၊ ဘိလပ်မြေအိတ် ၆၀၀ ၊ ဆန်အိတ် ၂၀ ၊ သွပ် ၁၉၆ ချပ်၊ ပဲနို့(ဖာသေး) ၁၀၈ ဖာ၊ စားသောက်ကုန် ငါးအိတ်နှင့် ဂလူးကို့ ၂၄ ဖာတို့ ဖြစ်သည်။

အလားတူ ပြည်ပအလှူရှင်များက စက်တင်ဘာ ၁၆ ရက်တွင် Siam Cement Grous (SCG)မှ Cement Bags 1000, Smart board 3080 ခန့်မှန်းတန်ဖိုး အမေရိကန်ဒေါ်လာ ၆၀၀၀၀ ကို နေပြည်တော်၌ လည်းကောင်း၊ စင်ကာပူနိုင်ငံ Uni Com forwarding PTE. Ltd မှ အဝတ်အထည် ၃၈ ဖာ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉၀၀၀၀ ၊ စက်တင်ဘာ ၁၉ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့မှ Paracetamol ၁၈ ကာတွန်း ခန့်မှန်းတန်ဖိုးငွေကျပ် အမေရိကန်ဒေါ်လာ ၂၉၅၂ ၊ Amoxicillin (250 mg) နှစ်ကာတွန်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၀၀၀ တို့ကို လက်ခံရရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုသင်တန်းဖွင့်

**ကန့်ဘလူ စက်တင်ဘာ ၂၁**

ကျေးလက်နေလူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ရန် ကန့်ဘလူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းပညာ ဆိုင်ကယ်ပြင်သင်တန်းကို ကန့်ဘလူမြို့နယ် စက်မှုလယ်ယာဦးစီးဌာန လယ်ယာသုံးစက်ပစ္စည်းများပြခန်း ခန်းမ၌ စက်တင်ဘာလ ပထမပတ်မှစ၍ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ အဆိုပါ သင်တန်းသို့ ကျေးရွာ ၁၂ ရွာမှ သင်တန်းသား ၂၀ တက်ရောက်ပြီး စာတွေ့လက်တွေ့ တစ်လကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေဘေးသင့်ဒေသများတွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ထားရှိမှုအခြေအနေ

*(ယမန်နေ့မှအဆက်)*

စစ်ကိုင်းတိုင်းဒေသကြီး

| စဉ် | မြို့နယ် | သင်တန်းအမည် | သင်တန်းသားဦးရေ | ကုန်ကျငွေ (ကျပ်သန်း) | ဖွင့်လှစ်ပြီး | ဖွင့်လှစ်ဆဲ | ဖွင့်လှစ်ရန်လျာထား | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| ၁ | စစ်ကိုင်း | စက်ချုပ်သင်တန်း | ၁၀ | ၃. ၇၅၀ | | ၁ | | ၁ |
| | | လက်သမားသင်တန်း | ၂၀ | ၁. ၄၅၀ | ၁ | | | ၁ |
| | **ပေါင်း** | | **၃၀** | **၅.၂၀၀** | **၁** | **၁** | | **၂** |
| ၂ | မြင်းမူ | စက်ချုပ်သင်တန်း | ၁၁၅ | ၄. ၀၀၀ | | ၁ | ၄ | ၅ |
| | | မုန့်ဖုတ်၊ ဇာထိုးနည်းသင်တန်း | ၂၀ | ၀. ၈၀၀ | | | ၁ | ၁ |
| | **ပေါင်း** | | **၁၃၅** | **၄.၈၀၀** | | **၁** | **၅** | **၆** |
| ၃ | ရွှေဘို | စက်ချုပ်သင်တန်း | ၃၀ | ၄. ၀၀၀ | | | ၁ | ၁ |
| | | ဆိုင်ကယ်ပြင်သင်တန်း | ၂၀ | ၁. ၆၄၅ | | | ၁ | ၁ |
| | **ပေါင်း** | | **၅၀** | **၅.၆၄၅** | | | **၂** | **၂** |
| ၄ | ကောလင်း | စက်ချုပ်သင်တန်း | ၂၀ | ၅. ၄၄၉ | | ၁ | ၁ | ၂ |
| | | ဆိုင်ကယ်ပြင်သင်တန်း | ၄၀ | ၆. ၁၉၅ | | ၁ | ၃ | ၄ |
| | | စားသောက်ကုန်ပစ္စည်း ထုတ်လုပ်နည်းသင်တန်း | ၂၅ | ၅. ၉၀၈ | | ၁ | ၁ | ၂ |
| | | ပရိဘောဂသင်တန်း | ၁၀ | ၂. ၂၀၀ | | | ၁ | ၁ |
| | **ပေါင်း** | | **၉၅** | **၁၉.၇၅၂** | | **၃** | **၆** | **၉** |
| ၅ | ကနီ | စက်ချုပ်သင်တန်း | ၂၅ | ၁. ၅၅၅ | | | ၁ | ၁ |
| | | စိုက်ပျိုးရေးသင်တန်း | ၂၅ | ၀. ၈၄၀ | ၁ | | | ၁ |
| | | မွေးမြူရေးနှင့်ကုသရေးသင်တန်း | ၂၀ | ၀. ၆၉၀ | | | ၁ | ၁ |
| | | ပလတ်စတစ်ခြင်းရက်လုပ်ခြင်း သင်တန်း | ၃၀ | ၀. ၉၃၀ | ၁ | | | ၁ |
| | **ပေါင်း** | | **၁၀၀** | **၄.၀၁၅** | **၂** | | **၂** | **၄** |
| ၆ | မော်လိုက် | စက်ချုပ်သင်တန်း | ၃၀ | ၄. ၂၃၅ | | | ၁ | ၁ |
| ၇ | ဖောင်းပြင် | စက်ချုပ်သင်တန်း | ၃၀ | ၄. ၂၃၅ | | | ၁ | ၁ |
| | | တောင်သူပညာပေးလုပ်ငန်းသင်တန်း | ၃၅ | ၁. ၃၀၀ | | | ၁ | ၁ |
| | **ပေါင်း** | | **၆၅** | **၅.၅၃၅** | | | **၂** | **၂** |
| ၈ | ခင်ဦး | စက်ချုပ်သင်တန်း | ၃၀ | ၃. ၆၉၀ | | | ၁ | ၁ |
| | | လက်သမား၊ ပန်းရန်သင်တန်း | ၂၀ | ၃. ၂၀၀ | | | ၁ | ၁ |
| | | ဆိုင်ကယ်ပြင်သင်တန်း | ၂၀ | ၁. ၃၉၀ | | | ၁ | ၁ |
| | **ပေါင်း** | | **၇၀** | **၈.၂၈၀** | | | **၃** | **၃** |
| ၉ | ရေဦး | စက်ချုပ်သင်တန်း | ၃၀ | ၃. ၆၀၀ | | | ၁ | ၁ |
| | | ဆိုင်ကယ်ပြင်သင်တန်း | ၅၀ | ၁. ၃၄၅ | | | ၁ | ၁ |
| | **ပေါင်း** | | **၈၀** | **၄.၉၄၅** | | | **၂** | **၂** |
| ၁၀ | တန့်ဆည် | စက်ချုပ်သင်တန်း | ၃၀ | ၃. ၆၀၀ | | | ၁ | ၁ |
| | | ဆိုင်ကယ်ပြင်သင်တန်း | ၂၀ | ၁. ၄၃၅ | | | ၁ | ၁ |
| | **ပေါင်း** | | **၅၀** | **၅.၀၃၅** | | | **၂** | **၂** |
| ၁၁ | ကျွန်းလှ | စက်ချုပ်သင်တန်း | ၃၂ | ၄. ၂၈၀ | | | ၁ | ၁ |
| | | ဆိုင်ကယ်ပြင်သင်တန်း | ၂၈ | ၃. ၂၂၅ | | | ၁ | ၁ |
| | **ပေါင်း** | | **၆၀** | **၇.၅၀၅** | | | **၂** | **၂** |
| ၁၂ | ပင်လည်ဘူး | စက်ချုပ်သင်တန်း | ၁၀ | ၆. ၁၉၄ | | | ၁ | ၁ |
| ၁၃ | အင်းတော် | စက်ချုပ်သင်တန်း | ၃၀ | ၁၁. ၆၄၃ | | | ၃ | ၃ |
| | | စားသောက်ကုန်ပစ္စည်း ထုတ်လုပ်နည်းသင်တန်း | ၁၀ | ၂. ၉၅၄ | | ၁ | | ၁ |
| | **ပေါင်း** | | **၄၀** | **၁၄.၅၉၇** | | **၁** | **၃** | **၄** |
| ၁၄ | ထီးချိုင့် | စက်ချုပ်သင်တန်း | ၁၀ | ၆. ၁၉၄ | | | ၁ | ၁ |
| ၁၅ | ဝက်လက် | စက်ချုပ်သင်တန်း | ၆၀ | ၇. ၃၈၀ | | | ၃ | ၃ |
| | | လက်သမား၊ ပန်းရန်သင်တန်း | ၂၀ | ၁. ၆၁၂ | | | ၁ | ၁ |
| | | ဆိုင်ကယ်ပြင်သင်တန်း | ၅၀ | ၂. ၈၀၀ | | | ၂ | ၂ |
| | | မုန့်ဖုတ်၊ ဇာထိုးနည်းသင်တန်း | ၂၀ | ၁. ၁၁၂ | | | ၁ | ၁ |
| | **ပေါင်း** | | **၁၅၀** | **၁၂.၉၀၄** | | | **၇** | **၇** |
| ၁၆ | ချောင်းဦး | လက်သမားသင်တန်း | ၂၀ | ၂. ၃၀၀ | ၁ | | | ၁ |
| | | ဝါးအလှသင်တန်း | ၃၀ | ၁. ၃၆၀ | ၁ | | | ၁ |
| | | စိုက်ပျိုးရေးသင်တန်း | ၅၀ | ၀. ၈၄၀ | | | ၁ | ၁ |
| | | မွေးမြူရေးနှင့်ကုသရေးသင်တန်း | ၃၀ | ၀. ၆၉၀ | ၁ | | | ၁ |
| | **ပေါင်း** | | **၁၃၀** | **၅.၁၉၀** | **၃** | | **၁** | **၄** |
| ၁၇ | ကလေး | လက်သမားသင်တန်း | ၃၂၀ | ၄၀. ၁၉၉၉ | | | ၁၇ | ၁၇ |
| | | ပန်းရန်သင်တန်း | ၂၅ | ၂. ၅၀၀ | | | ၁ | ၁ |
| | | စိုက်ပျိုးရေးသင်တန်း | ၆၀ | ၀. ၇၀၀ | ၁ | | | ၁ |
| | **ပေါင်း** | | **၄၀၅** | **၄၃.၄၀၀** | **၁** | | **၁၈** | **၁၉** |
| ၁၈ | ကလေးဝ | လက်သမားသင်တန်း | ၁၉၀ | ၂၄. ၁၉၄ | ၁ | | ၈ | ၉ |
| | | ဝါးအလှသင်တန်း | ၆၀ | ၂. ၃၃၉ | ၁ | | ၁ | ၂ |
| | **ပေါင်း** | | **၂၅၀** | **၂၆.၅၃၃** | **၂** | | **၉** | **၁၁** |

*(ဆက်လက်ဖော်ပြပါမည်)*

# သူတို့ဘာအတွက် မဲပေးကြမှာလဲ

တွေ့ဆုံမေးမြန်း - မင်းသစ်၊
ဝင်းဝင်းမော်၊
မြတ်စန္ဒီသင်းဇော်၊
ဓာတ်ပုံ - MWM

**၂၀၁၅ အထွေထွေရွေးကောက်ပွဲအတွက် တစ်နိုင်ငံလုံး မဲဆန္ဒရှင်စာရင်းကို စက်တင်ဘာ ၁၄ ရက်မှ စတင်ကြေညာလျက်ရှိပြီး နိုင်ငံရေးပါတီအသီးသီးမှ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်အသီးသီးသည်လည်း သက်ဆိုင်ရာမြို့နယ်နှင့် မဲဆန္ဒနယ်အလိုက် မဲဆွယ်မှုများကို ပြုလုပ်နေကြပြီ ဖြစ်သည်။**

**မဲဆန္ဒနယ်ပြင်ပတွင် ရက်ပေါင်း ၁၈၀ အထက် နေထိုင်ကြသူများအား မဲပေးပိုင်ခွင့်ရရှိစေရန်အတွက် ပုံစံ (၃-က)ဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့အထိ နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အသိပေးထုတ်ပြန်ထားသည်။**

**၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ နေထိုင်လျက်ရှိကြသည့် အသက်(၁၈) နှစ်ပြည့်ပြီး ပထမဆုံးအကြိမ် မဲပေးခွင့်ရရှိကြမည့် လူငယ်များအနေဖြင့် မည်သို့ ရွေးချယ်မဲပေးကြမည်ကို မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းခဲ့သည်။**

**မောင်ဟိန်းထိုက်စိုး**
**(အသက် ၁၈၊ ပန်းရန်လုပ်သား)**
**ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်**

အရွေးခံမယ့် နာမည်ကြီးပါတီတွေလောက်ပဲ သိတယ်။ ကျန်တာတော့မသိဘူး။ စက်ရုံအလုပ်ရုံတွေ တော်တော်များများ ဖွင့်ပေးစေချင်တယ်။ လမ်းမကောင်းရင် လမ်းကောင်းအောင် ပြင်ပေးတဲ့သူမျိုးကိုတော့ လိုချင်တယ်။ အခုလက်ရှိမှာ တစ်နေ့လုပ် တစ်နေ့စားပြီး ရှန်းကန်နေရပေမယ့် ရုပ်ရှင်ကားတွေထဲကလို အဆင့်မြင့်မြင့်လည်း နေချင်မိတယ်။





**မထက်ဝေဝေအောင် (အသက်၂၂ နှစ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)**

အိမ်က မိသားစုတွေကတော့ မဲစားရင်းသွားကြည့်တယ်။ ကိုယ့်မြို့နယ်က လွှတ်တော်ကိုယ်စားလှယ်တွေ ဘယ်သူဆိုတာတော့ မသိသေးဘူး။ လူငယ်ဆိုတော့ ပညာရေးက အဓိကပါ။ ပညာရေးကို ဦးစားပေးပြီး စနစ်တကျလုပ်ပေးမယ့်သူကို လိုလားတယ်။ နိုင်ငံကို ဦးဆောင်မယ့်သူ ကိုယ်တိုင်က ပညာတတ်နေမှဖြစ်မှာ။ ပြည်သူတွေကို ဘာအလိုရှိတယ်ဆိုတာထက် ဘာလုပ်ပေးနိုင်တယ်ဆိုတဲ့ ကိုယ်စားလှယ်ကိုသာ မဲပေးမယ်။ ရွေးကောက်ပွဲကို သိပ်ပြီးစိတ်မဝင်စားတာက တကယ်ရော ပြည်သူတွေဖြစ်စေချင်တဲ့သူရမှာလား တွေးမိတယ်။ အရင်ကလည်း မဲတွေဆွယ်သွားပြီးတော့ မဲလည်းထည့်ပြီးရော ဘာမှမလုပ်ပေးဘူး။ အခု ကိုယ့်မြို့နယ်မှာ လာမဲဆွယ်ရင်တော့ ပညာရေးနဲ့ပတ်သက်ပြီး အဓိကတောင်းဆိုမယ်။ ၂၀၁၅ ရွေးကောက်ပွဲကတော့ ပြောင်းလဲမယ်လို့ မျှော်လင့်တယ်။

**မောင်အောင်ကိုကိုလွင်**
**(အသက် ၁၉ နှစ်၊ ကုမ္ပဏီဝန်ထမ်း)**
**လှိုင်သာယာမြို့နယ်**

ရုပ်ကွက်ထဲမှာတော့ လမ်းတွေဘာတွေ ခင်းထားတာ သတိထားမိတယ်။ အဓိကကျတဲ့ ပြဿနာကိုပြောရရင် ကားလမ်းတွေ ယာဉ်ကြောပိတ်ဆို့မှုကြောင့် သွားလာရခက်တဲ့အခါမှာ စိတ်ညစ်ရတယ်။ ကိုယ်မဲပေးတဲ့ သူဟာ ကိုယ့်မြို့နယ်အတွက် လုပ်ဆောင်ပေးမယ်လို့ ယုံကြည်ထားသလို ကိုယ်စားလှယ်ကိုလည်း သူကတိပေးခဲ့တဲ့အတိုင်း အမှန်တကယ်ဖော်ဆောင်ပေးမယ့်သူရရှိချင်တယ်။



**မောင်ထွန်းသစ္စာ (အသက် ၁၉နှစ်၊ အစိုးရဝန်ထမ်း)**
**ဗိုလ်တထောင်မြို့နယ်**

မဲစာရင်းပါတာက ဇာတိဖြစ်တဲ့ ကလောမြို့နယ် လမိုင်းကျေးရွာကဆိုတော့ ရွာပြန်ပြီး မဲပေးချင်တယ်။ ကိုယ်မဲပေးမယ့် ကိုယ်စားလှယ်အပေါ် အများကြီး မျှော်လင့်ထားတာ မရှိဘူး။ ရွာကကျောင်းကိုတော့ အထက်တန်းကျောင်းအဖြစ် တိုးမြှင့်လာစေချင်တာပါ။ ရန်ကုန်မှာတော့ ကားလမ်းပိတ်ဆို့နေတဲ့ ပြဿနာကို ပြေလည်စေချင်ပါတယ်။



**ဂုဏ်ရည်အေးကျော် (အသက် ၂၃နှစ်၊ Miss Myanmar International 2013)**

မန္တလေး ချမ်းမြသာစည်ကဆိုတော့ ကိုယ့်မြို့မှာပဲ ကိုယ်မဲပေးမှာပါ။ မန္တလေးမြို့က ရေမြောင်းတွေကို မပိတ်ဆို့အောင် ပြုလုပ်ပေးစေချင်ပါတယ်။ စည်းကမ်းမဲ့ ဆိုင်တွေဖွင့်တာတွေကိုလည်း ထိထိရောက်ရောက် ကိုင်တွယ်ပေးစေချင်တယ်။ မြန်မာနိုင်ငံရဲ့ ဂုဏ်ဒြပ်ကို ပြန်လည်ဖြည့်ဆည်းပေးနိုင်မယ့် သမ္မတမျိုးကို အလိုရှိနေပါတယ်။



**မစုစန္ဒီဦး (အသက်၂၁ နှစ်၊ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်)**

အများဆန္ဒအတိုင်း ဖြစ်မယ့် ကိုယ်စားလှယ်မျိုးကို လိုချင်တယ်။ ကိုယ့်မြို့နယ်မှာ မဲလာဆွယ်မယ့်ကိုယ်စားလှယ်တွေကို ပညာရေးစနစ်နဲ့ပတ်သက်ပြီး မေးခွန်းထုတ်မယ်။ ပညာရေးကို စနစ်ပြောင်းလဲပေးဖို့ တောင်းဆိုမယ်။ လူငယ်တွေက နိုင်ငံရေးကို စိတ်ဝင်စားပါတယ်။ ၂၀၁၅ ရွေးကောက်ပွဲရဲ့ လွတ်လပ်ပြီး တရားမျှတမှုကိုလည်း စောင့်ကြည့်ရမယ်။

**မောင်ထက်ကိုကိုဇင် (အသက် ၂၁နှစ်၊ သန်လျင်နည်းပညာတက္ကသိုလ်)**

အရင် ရွေးကောက်ပွဲတုန်းက ကိုယ်စားလှယ်တွေက လုပ်ပေးမယ် ပြောသွားပြီး ဘာမှ မထူးခြားလာဘူး။ အခု ကိုယ်တိုင် မဲထည့်ခွင့်ရတော့မယ့် ရွေးကောက်ပွဲမှာ တကယ်လုပ်ပေးမှာလားလို့ မေးချင်တယ်။ ကျွန်တော်ကတော့ သိပ်ဆင်းရဲတဲ့ထဲ မပါပေမယ့် ဆင်းရဲတဲ့သူတွေကို မြင်ရရင် သူတို့ရဲ့ အခက်အခဲတွေကို စာနာမိတယ်။ ရွေးကောက်ပွဲမှာ အပြောနဲ့အလုပ်ညီတဲ့အစိုးရကို လိုချင်တယ်။ ရွေးကောက်ပွဲမှာ ကိုယ်ပေးလိုက်တဲ့ မဲက ရွေးချယ်တာ မှန်သွားရင် ဝမ်းသာစရာပါ။ ရွေးချယ်မှု မှားသွားရင် နောင်တရစရာ ဖြစ်သွားမှာပါ။

**မောင်ဝင်းထိုက် (အသက် ၁၉ နှစ်၊ အုတ်သဲကျောက်ဆိုင် အကူလုပ်သား)၊ ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ်**

ဇာတိက ဧရာဝတီဘက်က။ မဲစာရင်းတော့ သွားမကြည့်ရသေးဘူး။ ပါတီတွေအကြောင်းတော့ စာထဲမှာ ဖတ်ဖူးတယ်။ မဲပေးရမယ်ဆိုရင်တော့ နိုင်ငံသားတွေ ကောင်းကျိုးအတွက် အဆင်ပြေအောင် ဆောင်ရွက်ပေးမယ့် အစိုးရမျိုးဖြစ်လာစေချင်တယ်။

**နေလင်းထွန်း (အသက် ၁၉ နှစ်၊ အစိုးရဝန်ထမ်း)၊ ဗိုလ်တထောင်မြို့နယ်**

ဇာတိက ချောက်မြို့မှာဆိုတော့ မဲစာရင်းက ချောက်မှာပါနေတယ်။ အစိုးရဝန်ထမ်းဆိုတော့ ရန်ကုန်မှာ တန်ဖိုးနည်း အိမ်ရာလိုမျိုးတွေ ရှိစေချင်တယ်။ နိုင်ငံကိုတော့ ငြိမ်းချမ်းရေးရပြီး အေးချမ်းစေချင်တယ်။

# ခမ်းပတ်တံတား ဆောက်လုပ်ပြီးစီး၍ ကားကြီးကားငယ်များ ဖြတ်သန်းနိုင်

**တမူး စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် တံတားကြီးခုနစ်စင်းနှင့် တံတားငယ်လေးစင်းသည် ချောင်းရေတိုက်စားပြီး ပြုတ်ကျပျက်စီးသဖြင့် ဩဂုတ်လမှစ၍ ယာယီဘေလီတံတားများတည်ဆောက်ကာ ကားငယ်များသာ ဖြတ်သန်းသွားလာလျက်ရှိသည်။ တမူး-ကလေးလမ်းပေါ်ရှိ ပျက်စီးတံတားများအနက် ခမ်းပတ်မြို့တွင်းရှိ အမှတ်(၂)တံတားပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနတည်ဆောက်ရေး(၃)မှ တာဝန်ယူ၍ ဩဂုတ် ၂၉ ရက်နေ့တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၉ ရက်နေ့တွင် ဆောက်လုပ်ပြီးစီးသဖြင့် ကားကြီးကားငယ်များ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်သည်။အဆိုပါတံတားသည် အရှည်ပေ ၂၈၀ရှိပြီး ဘေလီတံတားအမျိုးအစားဖြစ်ကာ အချိန်တိုအတွင်း အမြန်ဆောက်လုပ်ပြီးစီးမှုကြောင့် ဒေသတွင်းနေပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရှိရသည်။

**(ခရိုင်/ပြန်ဆက်)**



# ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်မှု ၇၀ ရာခိုင်နှုန်းပြီးစီး

**မြစ်ကြီးနား စက်တင်ဘာ ၂၁**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဆော့လော်မြို့နယ်တွင် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၂၀ အကုန်အကျခံကာ မီဇူကျေးရွာမှ ဒေပိုးထုကျေးရွာအတွင်း ကျေးရွာချင်းဆက် မြေသားလမ်းသစ်ဖောက်လုပ်ခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ အဆိုပါလမ်းဖောက်ရေးလုပ်ငန်းကို နယ်မြေလုံခြုံရေး တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်မှ အရာရှိကြီးများက ကြည့်ရှုစစ်ဆေးလျက် လိုအပ်သည်များ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

**မိုဃ်းကျ(မြစ်ကြီးနား)**

# စိုးရိမ်ရေမှတ်များအောက် ကျဆင်းနိုင်

**နေပြည်တော် စက်တင်ဘာ ၂၁**

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

**(မိုး/ဇလ)**

# စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၁**

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ နောက်သုံးရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

# မူလတန်းကျောင်းဆောင်သစ်တည်ဆောက်

**သုံးခွ စက်တင်ဘာ ၂၁**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မှိုကုန်းသာ၊ အမောင်း၊ ကိုင်းကုန်း၊ ရေကျော်ကျေးရွာလေးရွာ၌ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်များ တည်ဆောက်လျက်ရှိကြောင်း သိရသည်။ အလျားပေ ၆၀၊ အနံ ပေ ၃၀၊ အာရ်စီတစ်ထပ်တိုက်ဖြစ်ကြောင်း သိရသည်။ ကျောင်းဆောင်သစ်များ တည်ဆောက်ပြီးစီးပါက ဒေသခံကျောင်းသားကျောင်းသူများ ပညာသင်ကြားရေး ပိုမိုအဆင်ပြေလာမည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# ပုဂံဘုရားများနှင့် လှူသွားလမ်းများအတွက် ဆိုလာစနစ် မီးတိုင်များလှူဒါန်း




**နေပြည်တော် စက်တင်ဘာ ၂၁**

ဆိုလာစနစ်ဖြင့် ပြုလုပ်ထားသည့် လှူသွားလမ်းမီးတိုင်များကို ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံမြို့ရှိ စေတီပုထိုးများနှင့် လှူသွားလမ်း၊ စကြိုလမ်းများတွင် ဘုရားဖူးများ သွားလာမှုလွယ်ကူစေရန်အတွက် တစ်စုံလျှင် မြန်မာငွေကျပ်သိန်း ၂၀ နှုန်းနှင့် အစုံ ၃၀ စာ စုစုပေါင်း ကျပ်သိန်း ၆၀၀ လှူဒါန်းခြင်းကို နေပြည်တော် ဟိုတယ်ရွှေပြည်တော်၌ စက်တင်ဘာ ဒုတိယပတ်က ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ တက်ရောက်၍ Korea နိုင်ငံမှ Bong International Co., Ltd. နှင့် မြန်မာနိုင်ငံမှ WE Mining and Engineering Co., Ltd. တို့၏ လှူဒါန်းမှုကို လက်ခံရယူခဲ့ပြီး ကျေးဇူးတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။ **(ဓာတ်ပုံ)**

အခမ်းအနားသို့ မွေးမြူရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

**စက်တင်ဘာ ၁၉ ရက်က လှိုင်မြို့နယ် အမှတ်(၁၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးသစ် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး၊ တိုင်းအထွေထွေအုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်ကျော်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းနိုင်၊ ဦးမင်းလွင်၊ အနောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးသန်းထွဋ်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ တက်ရောက် ဖွင့်လှစ်ပေးစဉ်။ မီးမီး(လှိုင်)**



# ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးပေးမည်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေးအပ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | နေပြည်တော် | လယ်ဝေး |
| ၂။ | ကချင်ပြည်နယ် | ဝိုင်းမော်၊ မိုးကောင်း |
| ၃။ | ကယားပြည်နယ် | မယ်စဲ့၊ ဖားဆောင်း၊ ဘော်လခဲ |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ပုလဲ၊ ကန့်ဘလူ |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ကျောက်တံခါး |
| ၆။ | မကွေးတိုင်းဒေသကြီး | မြိုင်၊ ပေါက် ၊ငဖဲ၊ အောင်လံ |
| ၇။ | မန္တလေးတိုင်းဒေသကြီး | စဉ့်ကူး၊ မလှိုင် |
| ၈။ | မွန်ပြည်နယ် | ရေး၊ ကျိုက်ထို |
| ၉။ | ရခိုင်ပြည်နယ် | သံတွဲ၊ တောင်ကုတ်၊ ဂွ |
| ၁၀။ | ရန်ကုန်တိုင်းဒေသကြီး | တိုက်ကြီး |
| ၁၁။ | ရှမ်းပြည်နယ် | ဖယ်ခုံ၊ လင်းခေး၊ မိုင်းခတ်၊ မိုင်းယန်း၊ ကျိုင်းလပ် |
| ၁၂။ | ဧရာဝတီတိုင်းဒေသကြီး | ကျုံပျော်၊ ရေကြည်၊ ညောင်တုန်း၊ ဒေးဒရဲ၊ လေးမျက်နှာ |

# မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၌ ထစ်ချုန်းမည့်အခြေအနေများဖြစ်ပေါ်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီး တစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများ၌ ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နေမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီ လျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# အမှတ်(၃)စက်မှုသင်တန်းကျောင်း(သာဂရ)မှ သင်တန်းသားများကို လေ့ကျင့်မွေးထုတ်ပေး

**နေပြည်တော် စက်တင်ဘာ ၂၁**

စက်မှုဝန်ကြီးဌာနသည် "ကျွမ်းကျင်လုပ်သားများကို စနစ်တကျ လေ့ကျင့်ပျိုးထောင်ပြီး နိုင်ငံတကာ အဆင့်မီ အရည်အချင်းရှိသူများ ဖြစ်သည်အထိ လေ့ကျင့်ပျိုးထောင်ပေးခြင်း"ဆိုတဲ့ လုပ်ငန်းစဉ်နှင့် အညီ စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာနသည် "တိုင်းပြည်၏ စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားဖြစ်သည့် အရည်အသွေးပြည့်ဝသော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရေးနှင့် ကဏ္ဍအလိုက် သင့်လျော်သည့် လုပ်ငန်းခွင်များတွင် တာဝန်ယူထမ်းဆောင်နိုင်ရေး၊ ပြည်တွင်း ကျွမ်းကျင်လုပ်သား လိုအပ်ချက် မညီမျှမှုကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးရေး" ဟူသည့် ရည်မှန်းချက်တာဝန်များဖြင့် စက်မှုသင်တန်းကျောင်းများ ဖွင့်လှစ်၍ စက်မှုကျွမ်းကျင်လုပ်သားများကို နှစ်စဉ် လေ့ကျင့် မွေးထုတ်ပေးလျက်ရှိသည်။

စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ အမှတ်(၃) စက်မှုသင်တန်းကျောင်း (သာဂရ)၏ အမှတ်စဉ်(၆) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် သင်တန်းကျောင်းရှိ "Auditorium" ၌ ကျင်းပသည်။

စက်မှုဝန်ကြီးဌာန အနေဖြင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် စက်မှုကျွမ်းကျင်လုပ်သားများအား တစ်ဖက်တစ်လမ်းမှ ပြုစုပျိုးထောင်ပေးရန်အတွက် ဆင်တဲ၊ မန္တလေး၊ သာဂရ၊ ပခုက္ကူ၊ မကွေးနှင့် မြင်းခြံမြို့တို့၌ စက်မှုသင်တန်းကျောင်း ခြောက်ခုကို ဖွင့်လှစ်၍ အရည်အချင်းပြည့်ဝသည့် စက်မှုကျွမ်းကျင်လုပ်သားများကို နှစ်စဉ် လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည်။ အမှတ်(၃) စက်မှုသင်တန်းကျောင်း (သာဂရ)အနေဖြင့် ယနေ့အထိ သင်တန်းသား ၄၉၆ ဦးနှင့် သင်တန်းသူ ၂၄၅ ဦး၊ စုစုပေါင်း ၇၄၁ ဦးကို လေ့ကျင့်မွေးထုတ်ပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းဆင်းပွဲ အခမ်းအနားသို့ သာဂရစက်မှုနယ်မြေမှ စက်ရုံမှူးများ၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ အမှတ်(၃)စက်မှု သင်တန်းကျောင်း(သာဂရ)မှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ သင်တန်းဆင်း သင်တန်းသား ၁၁၀၊ သင်တန်းသူ ၃၇ ဦး တက်ရောက်ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# နိုင်ငံတကာမျက်မမြင် လမ်းလျှောက်တုတ်နေ့အထိမ်းအမှတ် အလှူငွေနှင့် ပစ္စည်းများလှူဒါန်းနိုင်

**ရန်ကုန် စက်တင်ဘာ ၂၁**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်သည် နိုင်ငံတကာမျက်မမြင် လမ်းလျှောက်တုတ်နေ့ဖြစ်သည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီသည် ရန်ကုန်မြို့နှင့် ဒေသအသီးသီးမှ မျက်မမြင်ကျောင်းများ၊ အလုပ်ရုံများမှ မျက်မမြင်များအားဖိတ်ကြား၍ နိုင်ငံတကာမျက်မမြင် လမ်းလျှောက်တုတ်နေ့အထိမ်းအမှတ် လမ်းလျှောက်ပွဲကို ၁၉၉၂ ခုနှစ်မှ စတင်ပြီး နှစ်စဉ်ကျင်းပ၍ အလှူရှင်များ လှူဒါန်းသည့်အလှူငွေနှင့် ပစ္စည်းများကို အချိုးကျ မျှဝေလှူဒါန်းလျက်ရှိသည်။

ယခုနှစ်တွင် နိုင်ငံတကာမျက်မမြင် လမ်းလျှောက်တုတ်နေ့အထိမ်းအမှတ် လမ်းလျှောက်ပွဲကို အစဉ်အလာမပျက် ကျင်းပသွားမည်ဖြစ်ရာ အဝတ်အထည်၊ အစားအသောက်၊ ငွေကြေးများလှူဒါန်းလိုပါက ဒေါ်သီသီညွန့် ဌာနမှူး ဘတ်ဂျက်နှင့်ငွေစာရင်းဌာန ဖုန်း-၀၁-၃၇၁၅၇၃၊ ဦးရွှေစင် ဒုတိယဌာနမှူး စီမံရေးရာဌာန ဖုန်း-၀၁-၂၅၁၉၈၉ နှင့် ဦးစစ်မင်းဟန် လက်ထောက်ဌာနမှူး စီမံရေးရာဌာန ဖုန်း-၀၁-၂၅၂၁၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စက်ယန္တရားစရိတ်ကြီးမားသည့်အတွက် ရေကြီး၍ပျက်စီးသွားသည့် မွေးမြူရေးကန်များပြုပြင်ရန်အခက်အခဲရှိနိုင်

**ရန်ကုန် စက်တင်ဘာ ၂၁**

ငါးမွေးမြူရေး လုပ်ငန်းရှင်များ အနေဖြင့် စက်ယန္တရားစရိတ်များ ကြီးမားသည့်အတွက် ရေကြီးရေလျှံ၍ပျက်စီးသွားသည့်ငါးကန်များ ပြုပြင်ရန် အခက်အခဲများ ရှိကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးနှင်းဦးက ပြောသည်။

"ရေလုပ်ငန်းစီးပွားရေးကျဆင်းနေရတဲ့အထဲမှာ ရေကြီးရေလျှံမှုတွေ ဖြစ်သွားတဲ့အတွက် ဆုံးရှုံးမှုတစ်ရပ်ပါပဲ၊ တိုးတက်မှုရဲ့နောက်ပြန်ပါပဲ၊ အဲဒီရေကြီးရေလျှံလို့ ကန်တွေ ပျက်သွားလို့ လူတွေကို ကျွန်တော်တို့အနေနဲ့ သိပ်ပြီးမကူညီနိုင်ဘူး၊ အစိုးရက သူ့နည်းသူ့ဟန်နဲ့ကူညီတယ်၊ သူတို့တစ်တွေမှာ ကန်တွေပျက်သွားတယ်၊ ကန်ပေါင်တွေပျက်သွားတာက စက်ယန္တရားနဲ့ပြန်လုပ်မှရမယ်၊ ရှိရင်းစွဲကန်တွေတောင်မှ ရေကိုမထိန်းနိုင်တဲ့အတွက် ကျိုးသွားတာရှိတယ်၊ အဲဒါတွေအတွက်ငွေကြေးမရှိဘူး၊ ကန်ပြင်ဖို့ စက်ယန္တရားစရိတ်တွေ လိုတယ်၊ ကန်တွေ စနစ်တကျဖော်ရမယ်၊ ရေသွင်းရေနုတ်မြောင်းတွေ စနစ်တကျလုပ်ရတယ်၊ စက်ယန္တရားစရိတ်က အလွန်ကြီးတယ်၊ ငွေမရှိကြတော့ ကန်တောင်မပြင်နိုင်ကြဘူး"ဟု ၎င်းက ပြောသည်။ ယင်းကဲ့သို့မွေးမြူရေးကန်များ ပြုပြင်ရန်အတွက် စက်ယန္တရားစရိတ်များ ကြီးမားသောကြောင့် မပြုပြင်နိုင်ပါက ရေလုပ်ငန်းကဏ္ဍအတွက် အခက်အခဲရှိနိုင်ကြောင်း သိရသည်။

မွေးမြူရေးကန် တစ်ကန်ဖြစ်ရန်အတွက် တစ်ဧကကန်ဆိုပါက ငွေကျပ်သိန်း ၂၀ ခန့် ကုန်ကျနိုင်ပြီး ဒေသအလိုက် စက်ယန္တရားကုန်ကျစရိတ်များ ကွာခြားကြောင်းသိရသည်။

"ဒေသအလိုက် စက်ယန္တရားကုန်ကျစရိတ်တွေကွာတယ်၊ မွေးမြူရေးအတွက် အကောင်းဆုံးကန်က အကြီးဆုံး နှစ်ဧကခွဲကနေ ငါးဧကအထိရှိတတ်တော့ ကုန်ကျစရိတ်ကလည်း ကွာပါတယ်"ဟု ဒုဥက္ကဋ္ဌက ထပ်မံ ပြောသည်။ ယင်းကဲ့သို့ ရေလုပ်ငန်းကဏ္ဍ ပြန်လည်ထူထောင်ရန်အတွက် ကန်များပြုပြင်ရန် လုံလောက်သည့် ငွေကြေးအထောက်အပံ့များရရှိရန်လည်း လိုအပ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အနေဖြင့် ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသောကန်များကို စာရင်းများကောက်ယူလျက်ရှိပြီး ပျက်စီးဆုံးရှုံးမှုများပြားသည့်အတွက် စာရင်းကောက်ယူရာတွင် အချို့သောနေရာဒေသများ၌ မရရှိသေးကြောင်း သိရသည်။

**သတင်း-သီဟသူ**
**ဓာတ်ပုံ-ဘအေး**



ငါးမွေးကန်တစ်ခု၌ ငါးဖော်နေစဉ်။

# Media Crisis Management သင်တန်းကို မြန်မာ-စင်ကာပူ ပူးပေါင်းဖွင့်လှစ်

**နေပြည်တော် စက်တင်ဘာ ၂၁**

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် စင်ကာပူသံရုံးတို့ ပူးပေါင်း၍ ပဋိပက္ခများနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ အဖွဲ့အစည်းနှင့် ဌာနများက မီဒီယာဖြင့် ကာကွယ်နိုင်ရန် အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ဖြေရှင်းပေးနိုင်ရန် ရည်ရွယ်ပြီး Media Crisis Management သင်တန်းကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းဝေးခန်းမ၌ ဖွင့်လှစ်ခဲ့ရာ ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးရှိ ဌာနဆိုင်ရာ/ရုံးများမှ အမှုထမ်း၊ အရာထမ်း သင်တန်းသား ၃၀ ကျော်တက်ရောက်ပြီး ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေက အမှာစကားပြောကြားသည်။

"တချို့ဒေသ အသီးသီးမှာ Crisis တွေ၊ အကျပ်အတည်းတွေ၊ သဘာဝဘေးတွေ၊ လူစုလူဝေးကိစ္စတွေဖြစ်ကြတဲ့အခါမှာ ဒါကို ဘယ်လို မီဒီယာနဲ့ စီမံခန့်ခွဲမလဲ၊ သတင်းထုတ်ပြန်ရေး၊ အန္တရာယ်မဖြစ်အောင် ဘယ်လို ကြိုတင်ကာကွယ်မလဲ၊ နောက်တစ်ခုက ဖြစ်ပြီးရင်လည်း ဘယ်လိုနည်းနဲ့ လုပ်ဆောင်ပြီးတော့ ဒါကို ကျော်လွှားမလဲ၊ မီဒီယာနဲ့ Manage လုပ်နိုင်ဖို့အတွက် စင်ကာပူနိုင်ငံ အကူအညီနဲ့ ပြုလုပ်တဲ့သင်တန်းဖြစ်ပါတယ်။ Crisis သတင်းနဲ့ပတ်သက်ပြီး သတင်းအချက်အလက်တွေကို မြန်မြန်ဆန်ဆန်နဲ့ မှန်မှန်ကန်ကန် ထုတ်ပြန်ပေးရင် တိုင်းပြည်အတွက်ရော နိုင်ငံအတွက်ပါ ပိုပြီးအကျိုးရှိပါတယ်"ဟု သင်တန်းနှင့်ပတ်သက်ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်က ပြောသည်။



"Crisis တွေက အခု ထုတ်ပြန်ပေးရမယ့် အစိုးရအဖွဲ့အစည်းတွေနဲ့ ပတ်သက်တဲ့ ပြည်သူတွေကြားမှာ ပြည်သူတွေ မျှော်လင့်သလို ထုတ်ပြန်မပေးရင်လည်း ပြဿနာတွေဖြစ်စေသလို၊ နောက်တစ်ခုက အစိုးရလို အဖွဲ့အစည်းတွေက ပြည်သူတွေသိသင့်တယ်လို့ ထုတ်ပြန်လိုက်တဲ့အခါ ပြည်သူတွေသိနေတာနဲ့ လွဲသွားရင်လည်း ဒီလို Crisis တွေ ဖြစ်တတ်ပါတယ်။ ဒီလို Crisis တွေ မဖြစ်အောင်နဲ့ ဖြစ်လာရင် Balance လုပ်တဲ့ သတင်းတွေကို ဘယ်လို ထုတ်ပြန်နိုင်အောင် ကောင်းမွန်တဲ့ လက်နက်တွေတပ်ဆင်ပေးသလို ဖြစ်မယ်လို့ မျှော်လင့်ပါတယ်" ဟု စင်ကာပူဝန်ကြီးချုပ်ရုံး၊ ဆက်ဆံရေးဌာန ဒုတိယညွှန်ကြားရေးမှူး သင်တန်းဆရာ Mr. Justin Fong က ပြောသည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# လျှပ်စစ်ရထားပြေးဆွဲရန်အတွက် လျှပ်စစ်ဓာတ်တိုင်များ ချိတ်ဆက်ဆောင်ရွက်မှု ၅၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီး

**ရန်ကုန် စက်တင်ဘာ ၂၁**

မြန်မာနိုင်ငံ၌ ပထမဦးဆုံးအဖြစ် ရန်ကုန်မြို့ ကမ်းနားလမ်းပိုင်းတွင် လျှပ်စစ်ရထား(Tram Rail)ကို ပြေးဆွဲတော့မည်ဖြစ်ရာ ရထားလမ်းပိုင်းတွင် လျှပ်စစ်ဓာတ်အားအသုံးပြုရန်အတွက် လျှပ်စစ်ဓာတ်တိုင်များ ချိတ်ဆက်ဆောင်ရွက်မှုမှာ Phase 1 အပိုင်း၌ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ တိုင်များစိုက်ပြီးလျှင် လျှပ်စစ်ဓာတ်ကြိုးများ ဆက်လက်သွယ်တန်းရန်စီစဉ်ထားကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သိရသည်။



လာမည့် အောက်တိုဘာလကုန်ပိုင်းတွင် လျှပ်စစ်လုပ်ငန်းအားလုံး ပြီးစီးမည်ဖြစ်ပြီး ရထား(Tram Rail) စမ်းသပ်ပြေးဆွဲမည်ဖြစ်ရာ ဩဂုတ် ၂၀ ရက်က ဂျပန်နိုင်ငံမှ အပြည့်ပြည့်ဆိုင်ရာသီလဝါဆိပ်ကမ်းသို့ ရောက်ရှိခဲ့ပြီး မြန်မာ့မီးရထား ဝါးတန်းကုန်ရုံ၌ ထားရှိသော လျှပ်စစ်ရထား(Tram Rail) ကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ယနေ့နံနက်ပိုင်းတွင် လာရောက်ကြည့်ရှုစစ်ဆေး မှာကြားသည်။

လက်ရှိအနေအထားအရ လျှပ်စစ်ရထား (Tram Rail )ကို ပြေးဆွဲရန်အတွက် ပို့ဆောင်ရေးဝန်ကြီးဌာန ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာ့ စီးပွားရေးကော်ပိုရေးရှင်းနှင့် Asia World တို့မှ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

DC 600 V လျှပ်စစ်ဓာတ်အားဖြင့် DC Motor များကို လည်စေခြင်းဖြင့် လျှပ်စစ်ရထားကို မောင်းနှင်အသုံးပြုသွားမည်ဖြစ်ပြီး လျှပ်စစ်ရထား(Tram Rail) ပြေးဆွဲရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ Asia World တို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့မီးရထားလုပ်ငန်းမှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-တင်လှမောင်**

❋ *ကျောဖုံးမှ*

အင်ဒိုနီးရှားနိုင်ငံအပါအဝင် နိုင်ငံပေါင်း ကိုးနိုင်ငံတွင် ဘေးမဲ့တော ကိုးနေရာဆောင်ရွက်ထားပြီးဖြစ်ပြီး မြန်မာနိုင်ငံအတွက် ဆောင်ရွက်ရန်ဝင်ရောက်လာခြင်းဖြစ်ကာ မကြာမီကာလတွင် ဗီယက်နမ်နိုင်ငံတွင် ဘေးမဲ့တော ပြုလုပ်ရန် စီစဉ်ထားသည်။

မင်္ဂလာမြန်မာအသင်းမှ ဒါရိုက်တာ ဒေါက်တာဖုန်းဝင်းက " FOUR PAWS International က ဒီလိုဘေးမဲ့တောများလုပ်ရတဲ့အကြောင်းရင်းကတော့ အာရှနိုင်ငံများမှာ ဆင်ထိန်းသိမ်းရေးဘေးမဲ့တောတွေကို လုပ်ချင်နေပါတယ်။ ဒီပဲခူးရိုးမရှိ သဘာဝဘေးမဲ့တောဖြစ်တဲ့ မြောက်ဇာမရိနေရာဟာ ဘေးမဲ့တောနဲ့ ကိုက်ညီမှုရှိနေလို့ပါ။ ပြီးတော့ FOUR PAWS International မှ ဥက္ကဋ္ဌက အဲ့ဒီနေရာကို သုံးကြိမ်သွားရောက်လေ့လာပြီးပါပြီ။ ဒါကြောင့် ဆင်တွေနေထိုင်ရာနေရာနဲ့ ကိုက်ညီတဲ့နေရာကို ရွေးချယ်ပါတယ်။ ပြန်လည်ထူထောင်ရေးအပိုင်းကလည်း ဆင်အိုများ၊ ကျန်းမာရေးမကောင်းတဲ့ဆင်တွေကို ကျွန်တော်တို့က ပြန်လည်ဆေးကုသမှုတွေ ပြုလုပ်ပြီးပြီဆိုရင် သူတို့ကို တောထဲပြန်လွှတ်ပေးရမှာပါ။ ဆင်တွေအသက်အန္တရာယ်လုံခြုံစေဖို့အတွက်ကိုလည်း ကာကွယ်ရေးပိုင်းအရ တောထဲစောင့်ရှောက်ရမယ့်သူတွေကိုလည်း ကျွန်တော်တို့က ထားရှိမှာပါ"ဟုပြောသည်။

မြန်မာနိုင်ငံ၌ ဆင်ရိုင်းအကောင်ရေ သုံးထောင်ကျော်ရှိပြီး ဝန်တင်ဆင်၊ သစ်ဆွဲဆင်နှင့် မွေးမြူဆင်ပေါင်း အကောင်ရေ ၅၀၀၀ ဝန်းကျင်ခန့်ရှိကာ အဆိုပါဆင်များ၏ လာမည့် အနာဂတ်ကာလအတွက် ယခုကတည်းက စတင်ဖြေရှင်းဆောင်ရွက်လိုက်ခြင်းလည်းဖြစ်ကြောင်း သိရသည်။

**စိုးဝင်း(SP)**

# ဘဏ္ဍာရေးဝန်ကြီးဌာန ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်မှ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၁၅)ထုတ်ပြန်ထား

**နေပြည်တော် စက်တင်ဘာ ၂၁**

ဘဏ္ဍာရေးဝန်ကြီးဌာန ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်က အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၁၅)ကို ၂၀၁၅ ခု စက်တင်ဘာ ၁၄ ရက်စွဲဖြင့် ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၁၅)တွင် အဓိပ္ပာယ်သတ်မှတ်ချက်နှင့် လုပ်ငန်းအစီအစဉ်ဟူ၍ အခန်း(၂)ခန်းပါရှိပြီး ချေးငွေသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ အခန်း(၆)၊ ပုဒ်မ (၃၅)(က)တွင် အများနှင့်သက်ဆိုင်သောကုမ္ပဏီများသည် ငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ကမ်းလှမ်းခြင်းမပြုမီ အလားအလာညွှန်းတမ်း(Prospectus)အား ငွေချေးသက်သေခံလက်မှတ် ကြီးကြပ်ရေးကော်မရှင်သို့ တင်ပြအတည်ပြုချက် ရယူရမည်ဖြစ်ပြီး ကော်မရှင်သည် ရက်ပေါင်း(၆၀)အတွင်း အဆုံးအဖြတ်ပေးရမည်ဟု ပြဋ္ဌာန်းထားသည်။

အဆိုပါ အမိန့်ကြော်ငြာစာအပြည့်အစုံကို ဘဏ္ဍာရေးဝန်ကြီးဌာန ဝက်ဆိုက် www.mof.gov.mm နှင့် ချေးငွေသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးတည်ရှိရာ အမှတ်(၂၁-၂၅)ဆူးလေဘုရားလမ်း မြန်မာ့စီးပွားရေးဘဏ် ဒုတိယထပ် ကျောက်တံတားမြို့နယ်တွင် စိတ်ပါဝင်စားသော ကုမ္ပဏီများနှင့် ပြည်သူများ လာရောက်ကြည့်ရှုနိုင်ပါကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

# အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၂၁**

အာဆီယံယဉ်ကျေးမှုနှင့်ပြန်ကြားရေးကော်မတီ၏ Ancient Cities Network: Preservation and Conservation Management of Bagan Ancient City အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၃ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပုဂံဟိုတယ်၌ ကျင်းပသွားမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲကို အာဆီယံယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးကို မြှင့်တင်ရန်၊ သမိုင်းဝင်ဒေသများအား ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ သတင်းအချက်အလက်များကို မျှဝေရန်၊ ပုဂံဒေသ၏ တစ်မူထူးခြားသော သမိုင်းဆိုင်ရာယဉ်ကျေးမှုအမွေအနှစ်များ၏ တန်ဖိုးကို သိရှိနားလည်စေရန်၊ ရှေးဟောင်းသုတေသနနှင့် ယဉ်ကျေးမှုအမွေအနှစ်များ စီမံခန့်ခွဲမှုအတွက် ချိတ်ဆက်ဆောင်ရွက်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ စီမံချက်သည်၂၀၁၃ ခုနှစ် ဇွန်လက ရန်ကုန်မြို့၌ ကျင်းပခဲ့သည့် အာဆီယံယဉ်ကျေးမှုဆိုင်ရာ ဆပ်ကော်မတီ၏ (၁၄)ကြိမ်မြောက် အစည်းအဝေးတွင် မြန်မာနိုင်ငံမှ တင်သွင်းခဲ့သည့် စီမံချက်တစ်ခုဖြစ်ပြီး ဘရူနိုင်းနိုင်ငံ ဘန်ဒါဆီရီဘီဂါဝန်၌ ကျင်းပခဲ့သော (၄၈)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးနှင့်ယဉ်ကျေးမှုကော်မတီအစည်းအဝေးတွင် အာဆီယံနိုင်ငံများက အတည်ပြုခဲ့ကြသည်။

ပုဂံမြို့၌ ကျင်းပမည့် အလုပ်ရုံဆွေးနွေးပွဲသို့ အာဆီယံနိုင်ငံများမှ ရှေးဟောင်းသုတေသနဆိုင်ရာ သုတေသီများက ပုဂံဒေသ၌ ဆောင်ရွက်ထားသော ပြုပြင်ထိန်းသိမ်းမှု၊ ကာကွယ်စောင့်ရှောက်မှုများကို လေ့လာရေးသွားရောက်ကာ ဆောင်ရွက်ချက်များအပေါ် သုံးသပ်ဆွေးနွေးကြမည်ဖြစ်သည်။

**သူရဇော်**

❀ *ကျောဖုံးမှ*

စတင်ကစားရမည်ဖြစ်သော်လည်း အာဆီယံဒေသတွင်း အသင်းအများစုနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် ခြေစစ်ပွဲအောင်ရန် အခွင့်အရေးရှိနေသည်။ မြန်မာ ယူ-၁၉ အသင်းကို ဂျတ်ဖရိုင်းဒရစ်ကပင် ဆက်လက်ကိုင်တွယ်လျက်ရှိပြီး ၎င်း၏ တတိယမျိုးဆက်နှင့်အတူ အောင်မြင်မှုရယူနိုင်ခြင်း ရှိ မရှိကို ပရိသတ်များက စိတ်ဝင်စားလျက်ရှိသည်။

မြန်မာ ယူ-၁၉ အသင်းသည် ခြေစစ်ပွဲယှဉ်ပြိုင်ရန်အတွက် စက်တင်ဘာ ၄ ရက်မှစတင်ကာ ပဏာမကစားသမား ၃၄ ဦးဖြင့် စတင်ပြင်ဆင်ခဲ့ပြီး စက်တင်ဘာလဒုတိယပတ်တွင် ကစားသမား ၂၃ ဦးသို့ လျှော့ချခဲ့သည်။ မြန်မာ ယူ-၁၉ အသင်းသည် ပြည်တွင်းကလပ်အသင်းများဖြစ်သည့် ဇေယျာရွှေမြေ၊ ရတနာပုံအသင်းအပါအဝင် မြန်မာယူ-၁၆ အသင်းတို့နှင့် ခြေစမ်းကစားခဲ့ပြီး ပြည်ပခြေစမ်းပွဲအဖြစ် စက်တင်ဘာ ၂၀ ရက်က ထိုင်း ယူ-၁၉ အသင်းနှင့် ခြေစမ်းကစားခဲ့ရာ ဂိုးမရှိ သရေကျခဲ့သည်။ မြန်မာအသင်း ယှဉ်ပြိုင်မည့် ခြေစစ်ပွဲအုပ်စု (G ) ကို စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့်အတူ ဗီယက်နမ်၊ ဟောင်ကောင်၊ တီမောနှင့် ဘရူနိုင်းအသင်းတို့ပါဝင်လျက်ရှိသည်။ မြန်မာအသင်းသည် ပြီးခဲ့သည့် အာဆီယံ ယူ-၁၉ ပြိုင်ပွဲတွင် ဗီယက်နမ်၊ တီမောအသင်းတို့နှင့် တွေ့ဆုံခဲ့ဖူးပြီး တီမောနှင့် သရေကျကာ ဗီယက်နမ်အသင်းကို ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းအနေဖြင့် ခြေစစ်ပွဲအောင်မြင်ရေး အဓိကပြိုင်ဘက်အဖြစ် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ခြေစစ်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာယူ- ၁၉ အသင်းတွင် နည်းပြချုပ် ဂျတ်ဖရိုင်းဒရစ်၊ လက်ထောက်နည်းပြ ဦးညီညီလတ်နှင့် ဦးအောင်ခိုင်၊ ဂိုးနည်းပြ ဦးအောင်ကျော်ကျော်၊ အားကစားသမားများအဖြစ် ဂိုး-ဘုန်းသစ္စာမင်း၊ စိုးအာကာ၊ ဆန်းဆက်နိုင်၊ နောက်တန်း-သူရိန်စိုး၊ မြတ်မင်းသူ၊ ရဲမင်းသူ၊ စိုးမိုးထွန်း၊ ရဲရင့်အောင်၊ ကျော်သူထွန်း၊ ဇင်မျိုးထက်၊ ဝင်းမိုးကျော်၊ ချမ်းမြေ့ထွန်း၊ အလယ်တန်း-ကောင်းချစ်နိုင်၊ ထူးခန့်လွင်၊ စစ်မင်း၊ ဇင်ဖြိုးအောင်၊ နိုင်မင်းသူ၊ ဈာနေရသူ၊ ဇော်ဝင်းထွန်း၊ ရှေ့တန်း-အောင်ဇင်ဖြိုး၊ ရွှေကို၊ အာကာနှင့် အောင်မိုးသူတို့ ပါဝင်ကြသည်။

# ဥပဒေပြင်ပ အလုပ်ထုတ်ခဲ့သောကြောင့် စက်ရုံပိုင်ရှင်ကို တရားစွဲမည်ဟုဆို

**ရန်ကုန် စက်တင်ဘာ ၂၁**

အလုပ်ရှင်က ဥပဒေပြင်ပ အလုပ်ထုတ်ခဲ့ခြင်းကို ဥပဒေအရ တရားစွဲဆို ဖြေရှင်းသွားမည်ဖြစ်ကြောင်း လှိုင်သာယာစက်မှုဇုန်ရှိ Asia Rose အထည်ချုပ်စက်ရုံမှ အလုပ်ထုတ်ခံ အလုပ်သမား ၁၀၀ ကျော်က ပြောကြားလိုက်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဩဂုတ်လ ၂၄ ရက်နေ့က ဘာမှ ကြိုတင်မကြေညာ၊ အကြောင်းမကြားဘဲ အလုပ်ဆင်းမှ ၁၉၆ ယောက်ကို စက်ရုံက အမှာအော်ဒါနည်းလို့ဆိုပြီး အလုပ်ထုတ်တယ်ဆိုတဲ့ ကြော်ငြာစာကပ်ထားတာတွေ့တာ။ စက်ရုံထဲမှာ ညှိနှိုင်းရေး ကော်မတီရှိတာကိုလည်း ကြိုအသိမပေးဘူး။ နောက်ရက်မှာ ကော်မတီကတစ်ဆင့် ညှိနှိုင်းဖို့ ခွင့်တောင်းတာကိုလည်း စက်ရုံဘက်က လက်မခံဘူး။ ဒါကြောင့် ညွှန်ချုပ်ရဲ့ လမ်းညွှန်မှုနဲ့ ခုံသမာဓိရုံးကို တင်တယ်။ အခုလ ၉ ရက်နေ့မှာ အမှုစစ်တယ်။ ၁၄ ရက်နေ့မှာ ခုံသမာဓိရုံးရဲ့ ဆုံးဖြတ်ချက်စာကို ခေါ်ပေးတယ်။ ဆုံးဖြတ်ချက်ထဲမှာက ထုတ်ပယ်လိုက်တဲ့အထဲက အလုပ်သမားကိုယ်စားလှယ် ခုနစ်ဦးကို မူလရာထူး၊ နေရာပြန်ခန့်ပေးမယ့် ကျန်တဲ့သူတွေကိုတော့ အလုပ်ထုတ်လျော်ကြေးနဲ့ ညှိမယ်ဖြစ်သွားတယ်။

ကျွန်မတို့က အလုပ်ထုတ်ခံရတဲ့သူတွေ အကုန်လုံး မူလအလုပ်နေရာပြန်ရဖို့ တောင်းဆိုထားတာပါ၊ ဒါကြောင့် အလုပ်သမားတွေကို အလုပ်သမားရေးရာ အငြင်းပွားမှု ဥပဒေ၊ နည်းဥပဒေတွေရှိရဲ့သားနဲ့ ဥပဒေပြင်ပအလုပ်ထုတ်ခဲ့တဲ့ အလုပ်ရှင်ကို သက်ဆိုင်ရာ အရပ်ဘက်တရားရုံးမှာ တရားစွဲဆိုသွားမှာပါ" ဟု အလုပ်ထုတ်ခံရသူ Asia Rose အထည်ချုပ်စက်ရုံမှ အလုပ်သမားကိုယ်စားလှယ်တစ်ဦးဖြစ်သူ မသန္တာမိုးက ပြောသည်။

ဆက်လက်၍ မသန္တာမိုးက "ဒီလိုအလုပ်ထုတ်ခံခဲ့ရတာ ကျွန်မတို့အတွက် အများကြီးနစ်နာပါတယ်။ အထုတ်ခံရတဲ့ အလုပ်သမားတွေထဲမှာ လုပ်သက် နှစ်နှစ်ကနေ ၁၃ နှစ် ရှိတဲ့သူတွေအထိ ပါပါတယ်။ ကျွန်မတို့ အလုပ်ထုတ်ခံရတဲ့သူတွေအနေနဲ့ ဒီကိစ္စနဲ့ပတ်သက်လို့ ဆန္ဒမပြပါဘူး။ ရွေးကောက်ပွဲနီးနေတော့ တခြားဆူပူမှုတွေ ဖြစ်မှာစိုးလို့ပါ။ ခုံသမာဓိရုံးရဲ့ဆုံးဖြတ်ချက်ကို မကျေနပ်ရင် ခုံသမာဓိကောင်စီအထိ တက်လို့ရပေမယ့် မတက်တော့ပါဘူး။ ဥပဒေရှိရဲ့သားနဲ့ ဥပဒေပြင်ပလုပ်ခဲ့တဲ့ စက်ရုံပိုင်ရှင်ကို ဥပဒေအရပဲ တရားစွဲသွားမှာပါ။ ဥပဒေရှိရဲ့သားနဲ့ ချိုးဖောက်နေတဲ့ လုပ်ငန်းရှင်တွေကို သက်ဆိုင်ရာက ဘယ်လိုအရေးယူမလဲဆိုတာကိုသိချင်တာပါ။ နောက်တစ်ခုက အလုပ်ရှင်တွေအနေနဲ့ အလုပ်သမားတွေကို ဖြုတ်ချင်တိုင်းဖြုတ်လို့မရအောင် ဘာတွေလုပ်ပေးမလဲဆိုတာလည်း သိချင်ပါတယ်" ဟု ၎င်းတို့ကိစ္စကို မည်ကဲ့သို့ ဖြေရှင်းသွားမည်ဆိုသည်ကို ရှင်းပြသည်။

အလုပ်ရုံစက်ရုံများတွင် အလုပ်ရှင်အလုပ်သမား အငြင်းပွားမှုများအတွက် အလုပ်ရှင် အလုပ်သမား နှစ်ဖက်ပါဝင်သည့် ညှိနှိုင်းရေး ကော်မတီကို ဥပဒေအရ ဖွဲ့စည်းထားရှိနိုင်ကြောင်းသိရပြီး Asia Rose အထည်ချုပ်စက်ရုံမှ အလုပ်သမား ၁၉၆ ဦးကို အလုပ်ထုတ်ခဲ့သည့်ဖြစ်စဉ်တွင် ညှိနှိုင်းရေး ကော်မတီကို ကြိုတင်ညှိနှိုင်း အသိပေးခဲ့ခြင်းမရှိကြောင်း သိရသည်။

**သတင်း-သီဟသူ**

# ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် မြောင်းမြအကျဉ်းထောင်နှင့် မြို့မရဲစခန်းစစ်ဆေး

**မြောင်းမြ စက်တင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းထွန်းသည် စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီက မြောင်းမြအကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မြောင်းမြအကျဉ်းထောင် တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ထွန်းက အကျဉ်းသား အကျဉ်းသူများကို နေရာထိုင်ခင်းသက်သာချောင်ချိစေရန်နှင့် သန့်ရှင်းစွာထားရှိမှု၊ စားသောက်ရေးအတွက် စီစဉ်ဆောင်ရွက်ထားမှု၊ ကျန်းမာရေးစောင့်ရှောက်ထားမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး တရားသူကြီးချုပ်က အကျဉ်းကျခံနေရသော အကျဉ်းသားများနှင့် အချုပ် တရားခံများအား နှိပ်စက်ညှဉ်းပန်းမှု၊ မတရားပြုမှု ရှိ၊ မရှိ ဥပဒေပါ အခွင့်အရေး များ ရရှိခြင်းရှိ၊ မရှိတို့နှင့်စပ်လျဉ်း၍ ကြည့်ရှုစစ်ဆေးမေးမြန်းကာ အကျဉ်း ထောင် လက်စွဲနှင့်အညီ ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**အောင်မင်း(ပြန်/ဆက်)**



# နဝလီတင် စက်တပ်ဘောက်တူရေယာဉ်၌ ရေယာဉ်အလုပ်သမားက ငွေကျပ် သိန်း ၄၀ ခန့်တန်ဖိုးရှိ ဆန်အိတ် ၁၀၀ ခိုးမှုဖြစ်

**ရန်ကုန် စက်တင်ဘာ ၂၁**

ဆိပ်ကမ်းမြို့နယ် ဘုန်းကြီးလမ်းကမ်းခြေရှိ အမှတ် (၂) ဇောတံတားဆိပ်ခံ၌ ဆိုက်ကပ်ထားသည့် ဒေးဒရဲမြို့နယ်မှ ဆန်အိတ်များ တင်ဆောင်လာသော နဝလီ(အငှား)တင်စက်တပ်ဘောက်တူ ရေယာဉ်တစ်စင်းပေါ်တွင် စက်တင်ဘာ ၁၅ ရက် ညနေပိုင်းတွင် အလုပ်သမားတစ်ဦးက ငွေကျပ်သိန်း ၄၀ ခန့် တန်ဖိုးရှိ ပေါ်ဆန်းမွှေး ဆန်အိတ် ၁၀၀ ခိုးယူမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဒေးဒရဲမြို့နယ် ကျုံဒါးချောင်းကျေးရွာမှ ရေယာဉ်ပိုင်ရှင် ဦးသန်းထိုက်ဦး (၃၈ နှစ်) သည် စက်တင်ဘာ ၁၄ ရက် ညနေပိုင်းက အောင်ကျော်စျာန်(၁) အမည်ရှိ ၎င်း၏ စက်တပ်ဘောက်တူရေယာဉ်နှင့် ဆန်အိတ်စုစုပေါင်း ၅၅၆ အိတ်ကို နဝလီတင်ပြီး ရေယာဉ်မောင်း ဦးဇော်ဝင်းဌေး၊ ရေယာဉ်အလုပ်သမား ဦးတင်ဦးလွင်နှင့် နိုင်ဝင်းတို့ကို ဒေးဒရဲမှ ရန်ကုန်သို့ စေလွှတ်လိုက်သည်။

စက်တင်ဘာ ၁၅ ရက် ညနေ ၅ နာရီခန့်က ရန်ကုန်တိုင်းဒေသကြီး ဘုန်းကြီးလမ်း အမှတ်(၂) ဇောတံတားဆိပ်ခံတွင် ဆိုက်ကပ်ခဲ့ပြီး ရေယာဉ်မောင်း ဦးဇော်ဝင်းဌေးက ရန်ကုန်မြို့ထဲ အလုပ်ကိစ္စနှင့်သွားနေစဉ် ထိုရေယာဉ်မှ အလုပ်သမား နိုင်ဝင်း (၃၄ နှစ်) အမှတ် ၂၇ ထူပါရုံ အရှေ့ (၄) လမ်း၊ ၁/ ထူပါရုံရပ်ကွက် သာကေတမြို့နယ်နေသူက ဆန်ကုန်သည် ဦးကြည်အေးတင်ပို့လိုက်သော ဆန်အိတ်များအနက် အောင်ပြည့်စုံ တံဆိပ်ပါ တစ်တင်းခွဲဝင် ပေါ်ဆန်းမွှေးဆန်အိတ် ၁၀၀ တန်ဖိုးငွေကျပ်သိန်း ၄၀ ခန့်ကို ကားငှားပြီး တင်ဆောင်ခိုးယူသွားကြောင်း ရန်ကုန်မှ ဆန်ကိုယ်စားလှယ် တစ်ဦးက ဦးသန်းထိုက်ဦးထံ ဖုန်းဖြင့် ပြောခဲ့သည်။

ထို့ကြောင့် ဦးသန်းထိုက်ဦးနှင့်အဖွဲ့သည် နိုင်ဝင်းကို လိုက်လံရှာဖွေရာ ဖျာပုံမြို့တွင် တွေ့ရှိရပြီး ဆိပ်ကမ်းမြို့မရဲစခန်းသို့ ခေါ်ဆောင်လာကာ စက်တင်ဘာ ၁၈ ရက်က အမှုဖွင့်တိုင်တန်းခဲ့သည်။

ဆိပ်ကမ်းမြို့မရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူး ဘလင်းနှင့်အဖွဲ့က နိုင်ဝင်းကိုစစ်ဆေး၍ ဆက်စပ်ဖော်ထုတ်ခဲ့ရာ ငွေကျပ် ကိုးသိန်းကျော်၊ ငွေကျပ်နှစ်သိန်းကျော်တန်ဖိုးရှိ ဘောက်ချာပါ ရွှေထည်များ၊ ငွေကျပ်တစ်သိန်းခွဲတန်ဖိုးရှိ VIVO အမျိုးအစား ဆင်းကတ်နှစ်ကတ်ပါ ဟန်းဆက်တစ်လုံးတို့ကို လက်ဝယ်တွေ့ရှိ သိမ်းဆည်းရမိပြီး စက်တင်ဘာ ၁၉ ရက်က ဘုရင့်နောင်ပွဲရုံတန်းရှိ ပွဲရုံတစ်ရုံသို့သွားရောက်ကာ ၎င်းရောင်းချခဲ့သော ဆန်အိတ် ၁၀၀ အနက် ပြုပြင်ထားသော ဆန်အိတ် ၃၆ အိတ်တို့ကို သက်သေများရှေ့၌ သိမ်းဆည်းရမိခဲ့သည်။

ဆန်အိတ်များ ခိုးယူသူ နိုင်ဝင်းကို ဆိပ်ကမ်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**သန်းဌေး(ဒလ)**

# အောင်လံမြို့နယ်၌ အမျိုးသားတစ်ဦး ယာခင်းမှအပြန် လှည်းလမ်းကြောင်းတွင် အသတ်ခံရ

**အောင်လံ စက်တင်ဘာ ၂၁**

အောင်လံမြို့နယ် လက်ပတုန်းကျေးရွာသားတစ်ဦးသည် စက်တင်ဘာ ၁၉ ရက် ညနေပိုင်းက လက်ပတုန်းကျေးရွာအနီးတွင် အသတ်ခံရမှုဖြစ်ပွားခဲ့ကြောင်း အောင်လံမြို့နယ် ရွှေပန်းတောနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၉ ရက် ညနေ ၅ နာရီခွဲက ဦးသန်းဇော်ဝင်း (၃၅ နှစ်) လက်ပတုန်းကျေးရွာနေသူသည် နေအိမ်တွင်ရှိနေစဉ် ၎င်း၏ညီဖြစ်သူ မြင့်ဇော်ဌေး၏ဇနီးဖြစ်သူ မထက်ထက်ခိုင်ရောက်ရှိလာပြီး မြင့်ဇော်ဌေးသည် စက်တင်ဘာ ၁၈ ရက် နံနက် ၆ နာရီက ရွာ၏အရှေ့တောင်ဘက် နှစ်မိုင်ခန့်အကွာရှိ ယာခင်းသို့ ယာထွန်ရန်အတွက် နွားလှည်းဖြင့် ညအိပ်သွားခဲ့ရာမှ နွားလှည်းသာရောက်ရှိလာပြီး လူမပါလာကြောင်း လာရောက်ပြောကြားခဲ့သဖြင့် ဦးသန်းဇော်ဝင်းသည် အစ်ကိုဖြစ်သူများနှင့် လိုက်လံရှာဖွေခဲ့ရာ မြင့်ဇော်ဌေးမှာ ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အောင်လံမြို့နယ် ရွှေပန်းတောနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# အငှားယာဉ်မောင်းအား လုယက်သူများ ဖမ်းဆီးရမိ

**ရန်ကုန် စက်တင်ဘာ ၂၁**

စက်တင်ဘာ ၁၈ ရက် ည ၁၁ နာရီခွဲတွင် လှိုင်သာယာမြို့နယ်နေ အငှားယာဉ်မောင်းဖြစ်သူ ကိုမျိုးမြင့်စန်းသည် ၎င်း၏ Probox အမျိုးအစား အငှားယာဉ်ကို အောက်ကြည့်မြင်တိုင်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာစဉ် ဟုမ်းလမ်းမှတ်တိုင်အလွန်အရောက်၌ လူငယ်လေးဦးက လှိုင်သာယာစက်မှုဇုန်သို့သွားလိုကြောင်း ပြောဆိုငှားရမ်းသဖြင့် တင်ဆောင်၍ မောင်းနှင်လာခဲ့ရာ ပန်းလှိုင်ဂေါက်ကွင်းလမ်းအရောက် ယာဉ်ကိုရပ်ခိုင်းသဖြင့် ရပ်ပေးခဲ့သည်။

ထိုစဉ် ၎င်းတို့အနက် တစ်ဦးက ကိုမျိုးမြင့်စန်း၏ လည်ပင်းအားသိုင်းချုပ်ကာ ပါသည့်ပိုက်ဆံအားပေးရန်တောင်းခဲ့သဖြင့် ကားစထွက်ခြင်းဖြစ်၍ ပိုက်ဆံ ၃၀၀ ကျပ်သာပါကြောင်း ရှင်းပြသော်လည်း မယုံကြည်ဘဲ ယာဉ်အတွင်းလိုက်လံရှာဖွေခဲ့ပြီးနောက် ကိုမျိုးမြင့်စန်းအား ယာဉ်၏နောက်ခန်းတွင် ထိုင်စေကာ တစ်ဦးက ချွန်ထက်သောအရာဖြင့်ထောက်၍ အခြားတစ်ဦးက ယာဉ်အား မောင်းနှင်သွားသည်။

၎င်းလူငယ် လေးဦးက လက်ကိုင်ဖုန်းပေးရန် ထပ်မံတောင်းခဲ့သဖြင့် လက်ကိုင်ဖုန်းမပါကြောင်းပြောဆိုခဲ့ရာ လှိုင်မြို့နယ် ဗဟိုလမ်းမအရောက်တွင် လမ်းဘေး၌ယာဉ်ကိုရပ်၍ ကိုမျိုးမြင့်စန်းအား ဆင်းခိုင်းပြီး ယာဉ်ကိုမောင်းနှင်ယူဆောင်ထွက်ပြေးရန်ပြုစဉ် လှိုင်မြို့မရဲစခန်းမှ လှည့်ကင်းရဲတပ်ဖွဲ့ဝင်များက တွေ့ရှိခဲ့ပြီး ထိန်းသိမ်းကား စစ်ဆေးမေးမြန်းခဲ့သည်။

စစ်ဆေးချက်အရ ၎င်းတို့ လေးဦးမှာ လှိုင်သာယာမြို့နယ်နေသူများဖြစ်သည့် ဇင်ကို (၁၉ နှစ်)၊ ပေါက်စ(ခ)ရဲမင်း (၂၁ နှစ်)၊ ဆယ်ပြား(ခ)အောင်မျိုးထက် (၂၃ နှစ်)နှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်နေ ဂျောက်ဂျက်(ခ) ဆံရှည်(ခ) သာနိုင်ဇံ (၂၀ နှစ်)တို့ဖြစ်ကြောင်း သိရှိရသည်။

ယင်းသို့ပြစ်မှုကျူးလွန်သူများဖြစ်သည့် ဇင်ကိုပါ လေးဦးကို လှိုင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။

**(သတင်းစဉ်)**

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၁**

မူးယစ်တပ်ဖွဲ့စု(၂၃) တန့်ယန်းမှတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၈ ရက်က တန့်ယန်းမြို့နယ် လွယ်ငင်းကျေးရွာဘက်မှ နမ့်မူဆယ်ကျေးရွာဘက်သို့ အိုက်ဆိုင်(ခ)အိုက်လိတ် မောင်းနှင်လာသည့်မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကိုလည်းကောင်း၊ စက်တင်ဘာ ၁၄ ရက်က မိုင်းခတ်ဘက်မှ ကျိုင်းတုံဘက်သို့ လီဒိုမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းစိမ်း ၁ ဒသမ ၆၃၃ ကီလို၊ အိုက်စ် နှစ်ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ပြား၊ မြန်မာငွေကျပ် ၃၄၀၀၀၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် အရိုးအသွား ၁၀ လက်မရှိ ဓားဦးချွန်တစ်ချောင်းကိုလည်းကောင်း၊ စက်တင်ဘာ ၁၉ ရက်က တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် မြသပိတ်လမ်းတွင် လမ်းလျှောက်လာသူ ကျော်ထွန်း(ခ)အားတီကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၅ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**ကိုရဲ**

# နေအိမ်ခြံဝင်းအတွင်းမှ သံဆန်ခါလိပ်များခိုးသူ ဖမ်းမိ

**နေပြည်တော် စက်တင်ဘာ ၂၁**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်တွင် လူနေထိုင်ခြင်းမရှိသည့် ခြံဝင်းအတွင်းမှ သံဆန်ခါလိပ်များခိုးယူလာသူတစ်ဦးကို ညအချိန် လှည့်ကင်းအဖွဲ့က ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၀ ရက်က ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်နယ်မြေရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ် စိုးမင်းနှင့်အဖွဲ့သည် စက်ကုန်းကျေးရွာဘုရားကြီးအနီး၌ လူငယ်တစ်ဦးက နေအိမ်ခြံစည်းရိုးသံဆန်ခါလိပ်များအား ညအခါ အချိန်အခါမဲ့ ဆိုင်ကယ်ဖြင့် သယ်ဆောင်လာသည်ကို မသင်္ကာဖွယ်တွေ့ရှိရသဖြင့် ရပ်တန့်စစ်ဆေးမေးမြန်းရာ ထွန်းထွန်း (၃၈ နှစ်) ကျည်တောင်ကန်နေသူက သုခဒီပရပ်ကွက်ရှိ လူမနေသော နေအိမ်ခြံဝင်းအတွင်းမှ ခိုးယူလာခြင်းဖြစ်ကြောင်း ထွက်ဆို၍ အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကိုရူပ(နေပြည်တော်)**



# မြန်မာရှီယွမ်အမျိုးသမီးအသင်း အာရှအမျိုးသမီးချန်ပီယံဆုရရှိ မြန်မာရှီယွမ်အဖွဲ့ ရွှေတစ်ခု၊ ငွေလေးခုနှင့် ကြေးသုံးခုဆွတ်ခူးထား

ရန်ကုန် စက်တင်ဘာ ၂၁

**မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ပထမအကြိမ် အာရှရှီယွမ်ချန်ပီယံရှစ်ပြိုင်ပွဲနှင့် (၅)ကြိမ်မြောက် ကမ္ဘာ့ရှီယွမ် ချန်ပီယံရှစ်ပြိုင်ပွဲကို စက်တင်ဘာ ၂၁ ရက်တွင် ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ အိမ်ရှင်မြန်မာအမျိုးသမီး ရှီယွမ်အသင်းက အာရှအမျိုးသမီးချန်ပီယံဆုရရှိခဲ့ကြောင်း သိရသည်။**

မြန်မာအမျိုးသမီး ရှီယွမ်အသင်းသည် ပထမအကြိမ် အာရှရှီယွမ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ၅၀ ကီလိုတန်း၊ ၆၀ ကီလိုတန်းနှင့် ၇၀ ကီလိုတန်းများ၌ ခုနစ်ဦးဝင်ရောက်ယှဉ် ပြိုင်ရာ ၅၀ ကီလိုတန်းတွင် တင်တင်ဝင်းက ရွှေ၊ နော်ဖောလာအဲက ကြေး၊ ၆၀ ကီလိုတန်းတွင် မအိဖြူအောင်က ငွေ၊ နန်းချယ်ရီခမ်းက ကြေးနှင့် ၇၀ ကီလိုတန်းတွင် မသင်းမြတ်အေးက ငွေတံဆိပ်တို့အသီးသီးရရှိကာ အာရှအမျိုးသမီးချန်ပီယံဆုကို ရရှိခဲ့သည်။



ဆုတံဆိပ်များ ဆွတ်ခူးရရှိထားသည့် မြန်မာရှီယွမ်အသင်း။

ယနေ့ ဒုတိယမြောက်နေ့အဖြစ် (၅) ကြိမ်မြောက် ကမ္ဘာ့ရှီယွမ်ချန်ပီယံရှစ်ပြိုင်ပွဲဆက်လက်ကျင်းပရာ မြန်မာရှီယွမ်အဖွဲ့အနေဖြင့် အမျိုးသား ၇၀ ကီလိုတန်း၊ ၉၀ ကီလိုတန်း၊ ၁၀၀ ကီလိုတန်းနှင့် အမျိုးသမီး ၆၀ ကီလိုတန်းတို့ကို ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်ရာ အမျိုးသား ၇၀ ကီလိုတန်းတွင် တရုတ်နိုင်ငံမှ YUZEUN ကရွှေ၊ မြန်မာနိုင်ငံမှ အောင်ဌေးက ငွေနှင့် လာထောင်လိန်က ကြေးတို့ ရရှိခဲ့သည်။ အမျိုးသား ၉၀ ကီလိုတန်းတွင် မွန်ဂိုလီးယားမှ MYAGMARSUREN UUGANBBATAR က ရွှေ၊ ဖင်လန်နိုင်ငံမှ SOSLAN KUSRATI က ငွေနှင့် ကြေးဆုကို အက်စတိုးနီယားမှ EDW ARDMUREL တို့က လည်းကောင်း၊ အမျိုးသား ၁၀၀ ကီလိုတန်းတွင် ယူကရိန်းမှ VALERII KOMAR က ရွှေ၊ တရုတ်နိုင်ငံမှ LI ZHE HAO က ငွေနှင့် ကြေးဆုကို ဥဇဘက်ကစ္စတန်မှ SHAKIRJANOV TEMUR တို့က အသီးသီးရရှိခဲ့သည်။ (၅) ကြိမ်မြောက် ကမ္ဘာ့ရှီယွမ်ချန်ပီယံရှစ်ပြိုင်ပွဲအမျိုးသမီး ၆၀ ကီလိုတန်းတွင် ဗီယက်နမ်နိုင်ငံမှ NGUYEN THI YEN TRINH က ရွှေ၊ မြန်မာနိုင်ငံမှ အိဖြူအောင်က ငွေနှင့် ကြေးကို မွန်ဂိုလီးယားနိုင်ငံမှ BAATAR-SAIKGAN SOLONGOO တို့အသီးသီး ရရှိခဲ့သဖြင့် မြန်မာရှီယွမ် အားကစားအဖွဲ့အနေဖြင့် ယနေ့ ဒုတိယမြောက်နေ့ယှဉ်ပြိုင်အပြီးတွင် ရွှေတစ်ခု၊ ငွေလေးခုနှင့် ကြေးသုံးခုတို့ ဆွတ်ခူးရရှိထားပြီးဖြစ်သည်။

စက်တင်ဘာ ၂၂ ရက် (ယနေ့)တွင် (၅) ကြိမ်မြောက် ကမ္ဘာ့ရှီယွမ်ချန်ပီယံရှစ်ပြိုင်ပွဲ အမျိုးသား ၈၀ ကီလိုတန်း၊ ၁၂၀ ကီလိုတန်းနှင့် အမျိုးသမီး ၅၀ ကီလိုတန်း၊ ၇၀ ကီလိုတန်းတို့တွင် ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မောင်စိန်လွင်**
**(မြန်မာ့အလင်း)၊ဓာတ်ပုံ-မင်းထက်**

# အိုလံပစ်အမျိုးသမီးခြေစစ်ပွဲ နောက်ဆုံးပွဲစဉ်များ ယနေ့ယှဉ်ပြိုင်မည်

**ရန်ကုန် စက်တင်ဘာ ၂၁**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၁၆ ရီယိုအိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ အာရှဇုန် ဒုတိယအဆင့် ခြေစစ်ပွဲနောက်ဆုံးနေ့ပွဲစဉ်များကို စက်တင်ဘာ ၂၂ ရက် (ယနေ့) တွင် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ဆက်လက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်သည်။

နောက်ဆုံးနေ့ပွဲစဉ်များအဖြစ် ညနေ ၃ နာရီခွဲ၌ ထိုင်းနှင့် ဗီယက်နမ်အသင်း၊ ညနေ ၆ နာရီခွဲ၌ အိမ်ရှင်မြန်မာအသင်းနှင့် တရုတ်(တိုင်ပေ)အသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ယနေ့ ယှဉ်ပြိုင်မည့်အသင်း လေးသင်းအနက် မြန်မာအသင်းမှလွဲ၍ ကျန်သုံးသင်းမှာ တတိယအဆင့်ခြေစစ်ပွဲတက်ရောက်ရန် အခွင့်အရေးရှိနေဆဲဖြစ်ရာ နောက်ဆုံးပွဲစဉ်များမှာ အကြိတ်အနယ် ဖြစ်ဖွယ်ရှိနေသည်။ စတုတ္ထနေ့ပွဲစဉ်များအပြီးတွင် တရုတ်(တိုင်ပေ)နှင့် ထိုင်းအသင်းတို့က ခုနစ်မှတ်စီရရှိထားသော်လည်း ဂိုးကွာခြားချက်တွင် တရုတ်(တိုင်ပေ) က (+ ၄)၊ ထိုင်းက (+၂ ) ရှိနေသည်။ ဗီယက်နမ်က ခြောက်မှတ်ရထားသည်။ ထိုင်းနှင့် ဗီယက်နမ်မှာ ပထမပွဲဖြစ်သောကြောင့် တရုတ်(တိုင်ပေ)က ယင်းရလဒ်ကို ကြည့်ကစားနိုင်မည်ဖြစ်ပြီး ဗီယက်နမ်သာ အနိုင်ရခဲ့ပါက မြန်မာကို အနိုင်ရရုံဖြင့် နောက်တစ်ဆင့် တက်ရောက်နိုင်မည်ဖြစ်သည်။ ထိုင်းသာ အနိုင်ရထားပါက တရုတ် (တိုင်ပေ) မှာ အနိုင်ရလဒ်အပြင် ဂိုးရလဒ်ကိုပါ စောင့်ကြည့်ရမည်ဖြစ်သည်။ သို့သော် မြန်မာအသင်းမှာ ခြေစစ်ပွဲမအောင်နိုင်တော့သော်လည်း ဂုဏ်သိက္ခာပိုင်းအရ နောက်ဆုံးပွဲကို အားကုန်ထုတ် ကစားဖွယ်ရှိနေရာ တရုတ် (တိုင်ပေ) အသင်း ရုန်းကန်ရဖွယ်ရှိနေသည်။

**ဖိုးသော်ဇင်**

### ❒ *ရှေ့ဖုံးမှ*

သဘာဝဓာတ်ငွေ့ကုမ္ပဏီများမှ ရငွေကို ထည့်သွင်းတွက်ချက်ခြင်းမပြုပါက အမှန်တကယ် လိုငွေပြမှုမှာ ၅ ဒသမ ၅ ရာခိုင်နှုန်းနီးပါးရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပြုပြင်ပြောင်းလဲမှုများ ထပ်မံ၍မလုပ်ဆောင်ပါက သွင်းကုန် သုံးလတာလောက်သာ ဆောင်ရွက်နိုင်သည့် ပမာဏရှိသော ၎င်း၏ အရန်နိုင်ငံခြားငွေများ ထိခိုက်ပွန်းပဲ့လာနိုင်ကြောင်း၊ မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုသည် ၁၃ ရာခိုင်နှုန်းအထိ ရောက်ရှိနိုင်ပြီး စာရင်းရှင်အပ်ငွေဆိုင်ရာ လိုငွေပြမှုမှာလည်း ဂျီဒီပီ၏ ၉ ရာခိုင်နှုန်းခန့် ရောက်ရှိလာနိုင်ကြောင်း၊ မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံ၏ စီးပွားရေးသည် ယခုနှစ်အတွင်း ၈ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်လာမည်ဟု ခန့်မှန်းရကြောင်း IMF က ဆိုသည်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

ခန္တီးမြို့တွင် ၃ ဒသမ ၀၈ လက်မ၊ ကျောက်ဖြူမြို့တွင် ၁ ဒသမ ၇၄ လက်မ၊ မြောက်ဦးမြို့တွင် ၁ ဒသမ ၂၂ လက်မ၊ ပလက်ဝမြို့တွင် ၁ ဒသမ ၁၀ လက်မနှင့် ညောင်တုန်းမြို့တွင် ၁ ဒသမ ၀၁ လက်မတို့ ဖြစ်ကြသည်။

**(မိုး/ဇလ)**


### ပျောက်ဆုံးကြောင်း

ကျွန်တော်များ၏ မြန်မာ့သစ်လုပ်ငန်းမှ ထုတ်ပေးထားသော သစ်သယ်ယူခွင့်ပါမစ် [Do No.912/2013 2014 (L)]သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၁၂၁၇၆၆**

### ပျောက်ဆုံးကြောင်း

ကျွန်တော်များ HTILA YOMA COMPANY LIMITED ၏ ကုမ္ပဏီမှတ်ပုံတင်ကတ်မူရင်း ၅၆၂၇/၁၄-၁၅ (၁၇-၂-၂၀၁၅) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၃၀၂၇၂၇၇**

### ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၈-၂၀၁၅ရက်ထုတ် ဤသတင်းစာ စာမျက်နှာ ၂၄ ပါ (ညွှန့်ညွှန့်ဝင်း) ဒုတိယခရိုင်တရားသူကြီး (၉)၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၏ ကြော်ငြာတွင် ဦးစန္ဒာသန်း၏ ကျန်ရစ်သောပစ္စည်းများအစား ဒေါ်စန္ဒာသန်း၏ ကျန်ရစ်သောပစ္စည်းများဟု ပြင်ဆင်ဖတ်ရှုပါရန်။




### မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
### မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
### မွေးမြူရေးဌာန
### ဈေးပြိုင်လေလံခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာနလက်အောက်ရှိ ဒိုက်ဦးသဘာဝမြေသြဇာစက်ရုံမှ ဓာတ်မြေသြဇာများ၊ သဘာဝမြေသြဇာထုတ်လုပ်ရာတွင် အသုံးပြုသည့် ကုန်ကြမ်းနှင့် ကုန်ချောများအား ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချလိုပါသည်။

၂။ လေလံစည်းကမ်းချက်များနှင့်ပုံစံများကို ၂၂-၉-၂၀၁၅ရက်မှစ၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာန (ရန်ကုန်)ရုံးခွဲ၌ ရယူရမည်ဖြစ်ပြီး ၂၉-၉-၂၀၁၅ရက် ညနေ ၄နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရပါမည်။

၃။ ဈေးပြိုင်လေလံဖြင့်ရောင်းချမည့် သဘာဝမြေသြဇာ ကုန်ကြမ်းနှင့်ကုန်ချောများအား ဆက်သွယ်ပြီး သွားရောက်မျက်မြင်ကြည့်ရှုနိုင်ပါသည်။ ဈေးပြိုင်လေလံလျှောက်ထားသူသည် သတ်မှတ်ထားသော Lot (၈)ခုစလုံးအား တင်သွင်းဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၄။ ဈေးပြိုင်လေလံရောင်းချခြင်းလုပ်ငန်းအား ၃၀-၉-၂၀၁၅ရက်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာန(ရန်ကုန်)တွင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာန(ရန်ကုန်)၊ ဘူတာရုံလမ်း၊ အင်းစိန်၊ ဖုန်း-၀၁-၆၄၀၂၄၄၊ ၀၁-၆၀၂၀၉၉၊ ၀၉-၇၈၈၃၉၁၂၀၁၊ ၀၉-၈၆၅၀၇၀၄ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**မွေးမြူရေးဌာန**

### ပျောက်ဆုံးကြောင်း

အင်းလေးချစ်သူ ခရီးသွားလုပ်ငန်း ကုမ္ပဏီလီမိတက်၏ ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၁၄၅ (၂၀၁၃-၁၄)ကတ်မူရင်းမှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၀၁၀၈၅၁**

### အမည်ပြောင်း

ဦးလှိုင်မျိုးဇော်၏သား ပဲခူးမြို့၊ အထက(၇) ဆဋ္ဌမတန်း (ဃ)မှ မောင်ဝင်းကိုကိုအား ယနေ့မှစ၍ မောင်လူမင်းဟု ပြောင်းလဲခေါ်ပါရန်။

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
### မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ
### လှိုင်မြို့နယ်

၁။ လှိုင်မြို့နယ်၊ရပ်ကွက်(၁၆)၊ရပ်ကွက်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်ထောင်စုလွှတ်တော်မှ ခွင့်ပြုပေးအပ်သော ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် သိန်း၁၀၀၀ (သိန်းတစ်ထောင်)ဖြင့် ဆောင်ရွက်ရန် လုပ်ငန်း(၂၇)မျိုးရှိပါသည်။

၂။ ၎င်းလုပ်ငန်းများလုပ်ဆောင်ရန်အတွက် တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာရုံးတွင် လာရောက်စုံစမ်းနိုင်ပါသည်-

| | |
|---|---|
| **တင်ဒါဖောင်ရောင်းချမည့်ရက်** | - ၂၀-၉-၂၀၁၅ ရက် |
| **နေရာ** | - မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီရုံး (မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်း၊ လှိုင်မြို့နယ်၊ ရန်ကုန်-အင်းစိန်လမ်း |
| **ပိတ်ရက်** | - ၂၉-၉-၂၀၁၅ ရက် |

**အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန် ဖုန်း-၀၁-၅၁၉၅၁၃၈၊ ၀၉-၂၅၄၅၁၄၅၁**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့နယ်၊ သဘင်အစည်းအရုံး၊ အဆောက်အအုံတည်ရှိသည့် မော်လမြိုင်မြို့၊ ရွှေမြိုင်သီရိရပ်ကွက်၊ အုပ်စုအမှတ် ၁၃၊ အကွက်အမှတ် ၁၀/ခ၊ မြေကွက်အမှတ် ၆၃၊ မြေချိန် ဧရိယာ ၀ ဒသမ ၁၁၅ဧကရှိမြေကွက်အား မော်လမြိုင်မြို့နယ်၊ သဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးတင်ညွှန့်(ခ)ဦးတိုင်းကျော်(ကွယ်လွန်)အမည်ဖြင့် ၁၉၉၇-၉၈ခုနှစ်တွင် ချထားပေးခဲ့သည့် နှစ်(၃၀) မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးလျက်ရှိပါသည်။ ထို့ကြောင့် အဆိုပါမြေငှားဂရန်မိတ္တူမှန်ရရှိရန် မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် အောက်အမည်ပါသူ ဦးပွင့်ကောင်း(ခ)ဦးကျော်ကျော်ဝင်းက လျှောက်ထားထုတ်ယူမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူသည် ဤကြော်ငြာစာ ကြော်ငြာသည့်ရက်မှခုနစ်ရက်အတွင်း နောက်ဆုံးထားပြီး ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးပွင့်ကောင်း(ခ)ဦးကျော်ကျော်ဝင်း ၁၂/ဥကတ(နိုင်)၀၂၅၂၉၅**
**တွဲဖက်အတွင်းရေးမှူး**
**မြို့နယ်သဘင်အစည်းအရုံး**
**အမှတ် ၈၉၊ မျှော်လင့်လမ်း၊ ရွှေမြိုင်သီရိရပ်ကွက်၊ မော်လမြိုင်**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ခ/၆၆၉၆၊ ၅ခ/၁၉၅၉ တို့၏ ဖောင်းကြွနံပါတ် ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်7F/6576 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

# ရွှေတိဂုံပုံတူ ရတနာမာန်အောင်စေတီတော်ကြီး ပန်းလည်တိုင်စိုက်ထူပွဲတော် အခမ်းအနားကျင်းပ

**ချောက် စက်တင်ဘာ ၂၁**

မကွေးခရိုင် ချောက်မြို့ မဟာဝိဇိတာရုံ ဆင်ဖြူကျွန်းကျောင်းတိုက်ရှိ ရွှေတိဂုံပုံတူ ရတနာမာန်အောင်စေတီတော်မြတ်ကြီး ပန်းလည်တိုင်စိုက်ထူပွဲတော်ကို စက်တင်ဘာ ၂၀ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားသို့ မဟာဝိဇိတာရုံ ဆင်ဖြူကျွန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒနှင့် ပင့်သံဃာများ၊ ပြည်ထဲရေးဝန်ကြီးဌာနရုံးအဖွဲ့မှူး ဒေါက်တာပြုံးချိုနှင့်မိသားစုဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်နှင့်ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာနရုံးအဖွဲ့မှူး ဒေါက်တာပြုံးချိုနှင့် တက်ရောက်လာသူများက ဆင်ဖြူကျွန်းကျောင်းတိုက်ဆရာတော်ထံမှ သီလဆောက်တည်ကြပြီး လှူဖွယ်ပစ္စည်းများ လှူဒါန်းသည်။ ထို့နောက် ဘုရားဒါယကာများက ပန်းလည်တိုင်ကို ဘုရားပေါ်သို့ပင့်ဆောင်စိုက်ထူခဲ့ပြီး သတ္တဌာနရုပ်ပွားတော်မြတ်များအား ဌာပနာသွင်းပူဇော်ခြင်း၊ ရုပ်ပွားတော်မြတ်လေးဆူအား ဂန္ဓကုဋိတိုက်အတွင်း ထည့်သွင်းလှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**ဇေယျာတု(မကွေး)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားပြည့်ဝစွာရရှိရေးဆောင်ရွက်

**စဉ့်ကူး စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့တွင် မိုးတွင်းကာလ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး မီးသုံးစွဲသူ ရပ်ကွက်ပြည်သူများ ဗို့အားပြည့်ဝစွာရရှိရေးနှင့် ဓာတ်အားပြတ်တောက်မှုလျော့နည်းကျဆင်းရေးတို့အတွက် ၂၀၀ ကေဗွီဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ဓာတ်အားလိုင်းကြိုးများနှင့် ကြွေသီးအသစ်များ လဲလှယ်ခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

မန္တလေးလျှပ်စစ်ဓာတ်အားပေးကော်ပိုရေးရှင်း၊ စဉ့်ကူးမြို့နယ်လျှပ်စစ်မန်နေဂျာ ဦးရဲနောင်နှင့်ဝန်ထမ်းများ၊ New Ever Light ကုမ္ပဏီဝန်ထမ်းများ စက်တင်ဘာ ၁၉ ရက်က စဉ့်ကူးမြို့ အမှတ်(၂)ရပ်ကွက် ရုံးပေါင်းစုံလမ်းတစ်လျှောက်ရှိ AC SR 35 mm ကြိုးများကို အရှည်ပေ ၆၀၀၀ ရှိ ABC 45 mmကြိုးကြီးများဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းနှင့် ဓာတ်အားလိုင်းကြိုးနှင့်မလွတ်ကင်းသည့် သစ်ပင် သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

အဆိုပါ ၂၀၀ ကေဗွီဓာတ်အားလိုင်းကြိုးများအား ဓာတ်အားလိုင်းကြိုးကြီးများဖြင့် အစားထိုးအသစ်လဲလှယ်ခြင်းဖြင့် မီးသုံးစွဲသူပြည်သူများ လျှပ်စစ်ဗို့အား ပိုမိုကောင်းမွန်စွာ သုံးစွဲနိုင်ကြပြီး ဓာတ်အားပြတ်တောက်မှုများလည်း လျော့နည်းကျဆင်းလာမည်ဖြစ်ကြောင်းနှင့် မိုးတွင်းကာလလျှပ်စစ်အန္တရာယ်များလည်း ကင်းရှင်းမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမောင်**



# တရားမဝင်သယ်ဆောင်လာသော တမလန်းသစ်များ ဖမ်းဆီးရမိ

**နောင်ချို စက်တင်ဘာ ၂၁**

ရှမ်းပြည်နယ် နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးလ်ဂိတ်အနီး၌ တရားမဝင်သယ်ဆောင်လာသော တမလန်းသစ် ငါးတန်ကျော်ကို စက်တင်ဘာ ၁၇ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

တရားမဝင်ကုန်သွယ်မှုမရှိစေရေးနှင့် နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် နောင်ချိုမြို့နယ် မိုဘိုင်းလ်အဖွဲ့သည် မြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီး၌ ယာယီအခြေပြု၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ပြင်ဦးလွင်ဘက်မှ လားရှိုးဘက်သို့ မောင်းနှင်လာသည့် ဒေါင်ဖန်းခြောက်ဘီးယာဉ်အနီရောင်ပေါ်မှ အဝါရောင်ဆီပုံးခွန်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် တမလန်းသစ် ၅ ဒသမ ၅၄၆ တန်ကို သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

သိမ်းဆည်းရမိသော သစ်များကို နောင်ချိုမြို့နယ်သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပြီး ယာဉ်ကို နိုင်ငံပိုင်အဖြစ်သိမ်းဆည်းကာ အကောက်ခွန်အမှုတွဲ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# မော်လမြိုင်တွင် ဆိုက်ကားများ မရှိသလောက် ရှားပါးလာ

**မော်လမြိုင် စက်တင်ဘာ ၂၁**

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ဆိုင်ကယ်ကယ်ရီများ အစီးရေတိုးတက်များပြားလာသောကြောင့် ငါးနှစ်တာအတွင်း အငှားယာဉ်ဆိုက်ကားများမှာ တဖြည်းဖြည်း လျော့နည်းသွားရာ ယခုအခါ လေးရာခိုင်နှုန်းခန့်သာ ရှိတော့ကြောင်း မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးရုံးမှ စာရင်းဇယားများအရ သိရသည်။

မော်လမြိုင်တွင် လွန်ခဲ့သော ငါးနှစ်ခန့်က ဆိုက်ကားစီးရေ ၃၄၃၄ စီးရှိခဲ့ရာမှ နှစ်စဉ် တဖြည်းဖြည်း လျော့နည်းလာရာ ယခုလက်ရှိအချိန်တွင် ၁၂၂ စီးခန့်သာ ကျန်ရှိတော့ကြောင်း အဆိုပါစာရင်းများအရ သိရသည်။

"အရင်က ဟိုနားသည်နားသွားရင် ဆိုက်ကားကိုပဲ အားထားကြတယ်။ အခုကျတော့ အလုပ်မရှိရင်ဆိုင်ကယ်မောင်းဆိုတဲ့အတိုင်း အလုပ်မရှိတဲ့သူတွေ၊ ယိုးဒယားပြန်တွေဟာ ဆိုင်ကယ်ပဲ ကယ်ရီဆွဲနေကြတဲ့အတွက် ဆိုက်ကားဂိတ်တွေဟာ ဆိုင်ကယ်ဂိတ်ဖြစ်မှန်းမသိ ဖြစ်လာတယ်"ဟု နှစ်ပေါင်း ၄၀ ဆိုက်ကားနင်းခဲ့သူ အသက် ၆၀ အရွယ် ဦးကြာညွန့်က ပြောသည်။

ဆိုင်ကယ်ကယ်ရီမောင်းသူတစ်ဦးဖြစ်သည့် ကိုစိုးလွင်က ၄င်းအနေဖြင့် အိမ်ထောင်ကျစ အသက် ၁၉ နှစ်မှစ၍ ကလေးသုံးယောက်ရချိန်အထိ ဆိုက်ကားနင်းခဲ့ကြောင်း၊ ထိုအချိန်က အဆင်ပြေကြောင်း၊ ဆိုင်ကယ်ကယ်ရီများ ပေါ်လာသည့်အချိန်တွင် လူအများစုက ဆိုက်ကားမစီးတော့ဘဲ ခရီးရောက်မြန်သည့် ဆိုင်ကယ်များကိုသာ စီးတော့ကြောင်း၊ ဆိုင်ကယ်ကယ်ရီသမားများမှာလည်း ဟိုနားသည်နားကအစ ဆိုက်ကားဈေးနှုန်းအတိုင်း သွားနေကြသည့်အတွက် ဈေးဦးမပေါက်သည့် နေ့များပင်ရှိကြောင်း၊ နောက်ဆုံးတွင် ဆွေမျိုးများ စုပေးသည့်ပိုက်ဆံဖြင့် ဆိုင်ကယ်အဟောင်း တစ်စီးဝယ်ယူပြီး ဆိုင်ကယ်သမားဖြစ်လာခဲ့ကြောင်း ဆိုက်ကားများ တဖြည်းဖြည်းပျောက်ကွယ်သွားပုံကို ရှင်းပြသည်။

လက်ရှိအချိန်တွင် ဆိုက်ကားများကို မြို့အစွန်အဖျားများတွင်သာ တွေ့ရပြီး မြို့တွင်းတွင်မူ ဆိုင်ကယ်ကယ်ရီများသာ တွေ့ရတော့သည်။

"ဆိုက်ကားက ရောင်းမယ့်သူပဲရှိတယ်။ ဝယ်မယ့်သူမရှိဘူး။ အုံနာခလည်း ၅၀၀ ပဲရတယ်။ ရောင်းရင်လည်း သုံးသောင်းဝန်းကျင်ပဲပေးတယ်။ ဆယ်သိန်းလောက်ပေးရတဲ့ ဆိုင်ကယ်ကျတော့ လိုင်စင်ခ နှစ်ထောင်၊ သုံးထောင်နဲ့ သက်တမ်းက ၂ နှစ်စာ ရတယ်။ ဆိုက်ကားက တစ်နှစ်တည်းနဲ့ ငါးထောင်ပေးရတဲ့အတွက် လိုင်စင်လည်း မလုပ်တော့ဘူး။ နင်းလည်းမနင်းတော့ဘူး"ဟု ယခင်က ဆိုက်ကားနင်းခဲ့သူ တစ်ဦးဖြစ်သည့် ဦးဝင်းစိုးက ပြောသည်။

မော်လမြိုင်မြို့တွင် လွန်ခဲ့သော ဆယ်စုနှစ်က ဆိုက်ကားထောင်စားခြင်းသည် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ကျယ်ပြန့်စွာတည်ရှိခဲ့ပြီး ဆိုက်ကားအုံနာတစ်ဦးလျှင် အနည်းဆုံး နှစ်စီး၊ သုံးစီးမှ အစီးနှစ်ဆယ်အထိ စီးပွားဖြစ်လုပ်ဆောင်ခဲ့ကြကာ အငှားနင်းသူအိမ်ပိတ်နှင့် ပိုင်ရှင်အိမ်ပိတ်ဟု ငှားရမ်းခြင်းနှစ်မျိုးဖြင့် စပေါ်ငွေ ပေးဆောင်၍ ငှားရမ်းခဲ့ကြရကြောင်း သိရသည်။

**ကိုဆက်**



# ရွှေကျွန်းရောအဝေးပြေးယာဉ်စခန်း ဖွင့်လှစ် ခရီးသည်များသွားလာရေး အဆင်ပြေလွယ်ကူလာ

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့၌ ရွှေကျွန်းဧရာ အဝေးပြေးယာဉ်ရပ်နားစခန်းကို ဖွင့်လှစ်ခဲ့ပြီးနောက်ပိုင်းတွင် မော်လမြိုင်ကျွန်းမြို့နယ်မှ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများအတွက် သွားလာရေးအဆင်ပြေချောမွေ့လာကြောင်း သိရသည်။

ရွှေကျွန်းဧရာ အဝေးပြေးမော်တော်ယာဉ်ရပ်နားစခန်းသည် အလျား ၆၅၄ ပေ၊ အနံ ၁၈၀ ပေ အကျယ်ရှိ မြေပေါ်တွင် တည်ဆောက်ထားပြီး ကားဂိတ်များ၊ ယာဉ်ရပ်နားနေရာများ၊ ခရီးသည်နားနေဆောင်များ၊ လူနေဆိုင်ခန်းများနှင့် ကားပါကင်များ ပါဝင်သဖြင့် မော်လမြိုင်ကျွန်းဒေသခံများနှင့် မော်လမြိုင်ကျွန်းသို့ လာရောက်သော ဧည့်သည်များအတွက် သွားလာရေး အဆင်ပြေလွယ်ကူလာခြင်းဖြစ်သည်။ ယာဉ်ရပ်နားစခန်းတွင် မော်လမြိုင်ကျွန်း၊ ကျိုက်ပိ၊ မအူပင်၊ ရန်ကုန်စသည့် ခရီးစဉ်များအလိုက် အဝေးပြေးယာဉ်လိုင်းများက အလှည့်ကျပြေးဆွဲပေးလျက်ရှိသည်။

အဝေးပြေးယာဉ်ရပ်နားစခန်းကို မော်လမြိုင်ကျွန်းမြို့ ရာဇဒိုင်တံတားအမှတ်(၂)အနီး၌ စက်တင်ဘာ ၆ ရက်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

**မော်ကျွန်းမြင့်အောင်**

# အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်တားဆီးရေး ပညာပေးဟောပြော

**ရန်ကုန် စက်တင်ဘာ ၂၁**

အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်တားဆီးရေးနှင့် ဥပဒေအရ အမျိုးသမီးများအား ကာကွယ်ပေးထားသည့်အချက်များကို အမျိုးသမီးတိုင်း သိရှိနားလည်စေရန် ပညာပေးဟောပြောပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက် စုပေါင်းဓမ္မာရုံ၌ စက်တင်ဘာ ၁၈ ရက်က ကျင်းပသည်။



ဟောပြောပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ဥပဒေရုံးတို့ ပူးပေါင်း၍ ကျင်းပခဲ့ခြင်းဖြစ်သည်။ ဟောပြောပွဲတွင် မြို့နယ်ဥပဒေအရာရှိ ဒေါ်မိုးပပဝင်းက အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် အမျိုးသမီးများ၏ အခွင့်အရေးများဆိုင်ရာ ဥပဒေများအကြောင်းတို့ကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

ဟောပြောပွဲသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေညီနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အတွင်းမှ စိတ်ပါဝင်စားသူ အမျိုးသမီးများ တက်ရောက်ခဲ့ကြသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**


သန်းမောင်လေး(ကချင်မြေ)

# ချင်းတွင်းမြစ်ရေကျသဖြင့် ရေယာဉ်လိုင်းများ ပြန်လည်ဖွင့်လှစ်ပြေးဆွဲ

**မုံရွာ စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ချင်းတွင်းမြစ်ရေ ပြန်လည်ကျဆင်းသွားပြီဖြစ်သဖြင့် မုံရွာမြို့နှင့် မင်းကင်း၊ ကလေးဝ၊ မော်လိုက်၊ ဖောင်းပြင်၊ နောင်ပိုအောင်၊ ဟုမ္မလင်း၊ နမ့်တောနှင့် ဆယ်ဇင်း ဒေသများသို့ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် နေ့စဉ်ပြေးဆွဲလျက်ရှိသော အမြန်ရေယာဉ်လိုင်း များကို စက်တင်ဘာ ၁၆ ရက်မှစ၍ ပုံမှန်ခရီးစဉ် များအတိုင်း ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

မုံရွာမြို့နယ်၌ စက်တင်ဘာလအတွင်း ဒုတိယ အကြိမ် ချင်းတွင်းမြစ်ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်မှုကြောင့် မြစ်ကြောင်းအတွင်းပြေးဆွဲသည့် အမြန်ရေယာဉ်လိုင်းများကို စက်တင်ဘာ ၅ ရက်မှ စတင်၍ ပိတ်ထားခဲ့ခြင်းဖြစ်သည်။ ယခုအခါ ရေကြောင်းပို့ဆောင်ရေး အမြန်ရေယာဉ်များ ပြန်လည်ဖွင့်လှစ်ပြေးဆွဲနေပြီဖြစ်သောကြောင့် ဒေသခံပြည်သူများအဖို့ သွားလာရေးလွယ်ကူချောမွေ့လာပြီဖြစ်ကြောင်း သိရသည်။

"ချင်းတွင်းမြစ်က ရေကြီးလာရင် ရေစီးသန် တယ်။ မြစ်ရေစီးကြောင်းကလည်း ကျဉ်းတယ်။ ရေကထိုးဆင်းသလိုဖြစ်နေတော့ ကြောက်စရာကောင်း တယ်။ ဧရာဝတီမြစ်က မြစ်ပြင်ကျယ်တယ်၊ ရေစီး မသန်ဘူး၊ စီးဆင်းတာချင်းမတူဘူး။ ဒါကြောင့် ချင်းတွင်းမြစ်ရေမြင့်တက်လာရင် အမြန်ရေယာဉ် အတက်အဆင်းကို ပိတ်ထားရတာပါ။ အခုတော့ မြစ်ရေပြန်ကျသွားပြီဖြစ်လို့ အမြန်ရေယာဉ် အတက် အဆင်းတွေ ပြန်လည်ဖွင့်လှစ်ထားပြီဖြစ် ပါတယ်"ဟု မုံရွာမြို့ရှိ အမြန်ရေယာဉ်ဂိတ်မှ တာဝန်ရှိသူက ပြောသည်။

မြစ်ရေ မြင့်တက်လာသောကြောင့် သက်ဆိုင်ရာ တာဝန်ရှိသူများသည် အမြန်ရေယာဉ် ရေကြောင်း ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများကို ပိတ်ထား ခဲ့ကြရသည့်အနေအထား ဖြစ်ပေါ်ခဲ့သော်လည်း ယခုအခါ ပြန်လည်ဖွင့်လှစ်ပြေးဆွဲလျက်ရှိနေပြီ ဖြစ်သောကြောင့် ဒေသခံပြည်သူများနှင့် ခရီး သွားလာသူများအဖို့သွားလာရေး အဆင်ပြေသွားပြီ ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးရှိ ခန္တီးခရိုင်နှင့် မော် လိုက်ခရိုင်များအတွင်း အချို့ကျေးလက်ဒေသများ သည် လမ်းပန်းဆက်သွယ်သွားလာရေးတွင် ခက်ခဲ မှုများရှိသည့် နေရာများဖြစ်ကြကာ အချို့နေရာ များသည် ကားလမ်းကိုသာ အဓိကထားကြရသလို အချို့နေရာများမှာ ချင်းတွင်းမြစ်ကြောင်း အမြန် ရေယာဉ်များကိုသာအားကိုး၍ သွားလာကြရသည်။

ချင်းတွင်းမြစ်ရေကျသွားပြီဖြစ်၍ မုံရွာမှ မင်းကင်း၊ ကလေးဝ၊ မော်လိုက်၊ ဖောင်းပြင်၊ နောင်ပိုအောင်၊ ဟုမ္မလင်း၊ နမ့်တောနှင့် ဆယ်ဇင်း ဒေသများသို့ ရေယာဉ်များ နေ့စဉ်အချိန်မှန် ပြန်လည်ပြေးဆွဲနေပြီး လမ်းပန်းဆက်သွယ်ရေး ပုံမှန်ပြန်ဖြစ်နေပြီဖြစ်ကြောင်း သိရသည်။

## သတင်းတိုများ

### ခရိုင်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကျင်းပ

အားကစားဝန်ကြီးဌာနက ဦးဆောင်လျက်ရှိသည့် အားကစားဖွံ့ဖြိုးတိုးတက် ရေးအစီအစဉ်အရ သာယာဝတီခရိုင် အုပ်ချုပ်ရေးမှူးဖလား အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဇီးကုန်းမြို့ အဆင့်မြင့်အားကစားကွင်းကြီး၌ စက်တင်ဘာ ၁၈ ရက်က ကျင်းပခဲ့ရာ ဇီးကုန်းမြို့နယ်အသင်းက ကြို့ပင် ကောက်မြို့နယ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းက ဆုဖလားနှင့် အကောင်းဆုံး အားကစားသမားဆုများကို ချီးမြှင့်ခဲ့သည်။ ပြိုင်ပွဲသို့ သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်ရှစ်ခုမှ ဘောလုံးအသင်းများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

**ကိုသက်(ဇီးကုန်း)**

### နေကြာမျိုးစေ့များကိုတောင်သူများထံဖြန့်ဖြူးပေး

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ကျောက်ထုမြို့နယ်အတွင်းမှ နေကြာ စိုက်တောင်သူများအား အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း(၁)စပ်မျိုး နေကြာမျိုးစေ့များကို စိုက်ပျိုးမြေတစ်ဧကလျှင် သုံးကီလိုနှုန်းဖြင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စက်တင်ဘာ ၁၅ ရက်က စတင်ဖြန့်ဖြူးပေးလျက် ရှိသည်။ နေကြာမျိုးစေ့များကို ဖြန့်ဖြူးရာတွင် မျိုးစေ့သုံးကီလိုအတွက် ငွေကျပ် ၁၂၅၀၀ နှုန်းဖြင့် ဖြန့်ဖြူးပေးခြင်းဖြစ်ကြောင်းနှင့် တစ်ဧကလျှင် တင်း ၅၀ ကျော်အထိ အထွက်နှုန်းရှိသော စပ်မျိုးများဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **(၁၀၁)**



# အထကကျောင်းခွဲ၌ အာနာပါနသတိသင်တန်း ဖွင့်လှစ်

**မန္တလေး စက်တင်ဘာ ၂၁**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အလက(၁၄) အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ အာနာပါနသတိတစ်ရက်သင်တန်းကို စက်တင်ဘာ ၂၀ ရက်က ဖွင့်လှစ်ခဲ့သည်။

ကျောင်းသားကျောင်းသူများ သမာဓိကောင်းမွန်လာစေရန်၊ အကျင့်စာရိတ္တ ကောင်းမွန်လာစေရန်နှင့် ကိုယ်ချင်းစာတရား၊ သည်းခံခွင့်လွှတ်ခြင်းတရားများ ရှိလာစေရန် သင်တန်းဖွင့်လှစ်ပို့ချခြင်းဖြစ်ကြောင်း ကျောင်းအုပ်ဆရာမကြီးက ပြောကြားသည်။

သင်တန်းကို ဆရာကြီး ဦးဂိုအင်ကာ၏ အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာ အဖွဲ့က လာရောက်ပို့ချခြင်းဖြစ်ပြီး သင်တန်းသို့ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေရီတင့်နှင့် ဆရာမများ၊ သတ္တမတန်းမှ နဝမတန်းအထိ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။ **စိုးဝင်းဗိုလ်(အရာတော်)**

# ပြည်သူ့ဝန်ဆောင်မှု (OSS) ရုံး ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၁**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်း ဖွင့်လှစ်ထားရှိသော ပြည်သူ့ဝန်ဆောင်မှု (One Stop Shop) ရုံးသို့ရောက်ရှိပြီး ပြည်သူ့ဝန်ဆောင်မှုရုံးဖွဲ့စည်းထားမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များအား လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် စည်ပင်သာယာ ရေးကော်မတီများ၊ ခရိုင်/မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး (OSS) ရုံးများ ဖွင့်လှစ်ဆောင်ရွက်ရ ခြင်းရည်ရွယ်ချက်များနှင့် ဝန်ဆောင်မှုဆောင်ရွက်ပေးရာတွင် ဌာနများအနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

# မြစိမ်းရောင် ငါးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**နမ့်ခမ်း စက်တင်ဘာ ၂၁**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ် ခရိုင် နမ့်ခမ်းမြို့နယ် ကောင်းကတ် ကျေးရွာအုပ်စု၌ မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ငါးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်း လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ မွေးတဲ့ငါးတွေကို အကောင်ကြီးအောင် ဆေးထိုးတာတို့ ဘာတို့မလုပ်ဘဲ သဘာဝအတိုင်း မွေးပါတယ်။ ကျွန်တော်တို့က ဒီနှစ် မှာ ငါးစတင်မွေးမြူပြီး အောင်မြင်ဖြစ် ထွန်းသလို လာမယ့်နှစ်တွေမှာလည်း တခြားစိတ်ပါဝင်စားသူတွေအနေနဲ့ မွေးမြူကြဖို့ တိုက်တွန်းလိုပါတယ်" ဟု ကောင်းကတ်ကျေးရွာ ငါးမွေးမြူ ရေးလုပ်ငန်းအစုအဖွဲ့ဥက္ကဋ္ဌ ဦးဂျာလ က ပြောသည်။



ကောင်းကတ်ကျေးရွာ အုပ်စုမှ ဒေသခံပြည်သူများအား မြစိမ်းရောင် စီမံကိန်းအရ အရင်းမပျောက်မတည် ငွေ ကျပ်သိန်း ၃၀၀ ကို ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထုတ်ချေးပေးခဲ့ပြီး အဆိုပါချေးငွေ များဖြင့် ငါးမွေးမြူရေးအဖွဲ့ဝင် ၁၇ ဦးက ငါးကန် ၂၃ ကန်ဖြင့် တီလား ပီးယား၊ ငါးကြင်းနှင့် မြက်စား ငါးကြင်းများကို မွေးမြူလုပ်ကိုင် နေကြခြင်းဖြစ်ကာ စုစုပေါင်း ငါး ကောင်ရေ ၇၀၀၀၀ ကျော် မွေးမြူ ထားကြောင်း သိရသည်။

ငါးမွေးကန်များ အောင်မြင်ဖြစ် ထွန်းနေမှုအခြေအနေများကို နမ့်ခမ်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်း၊ မူဆယ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါက်တာဝင်းမြင့်၊ နမ့်ခမ်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်းနှင့် တာဝန် ရှိသူများ စက်တင်ဘာ ၁၈ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြပြီး လုပ်ငန်း များပိုမိုအောင်မြင်ရေးအတွက် ငါး မွေးမြူရေးလုပ်ငန်းရှင်များကို အကြံ ပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**



**(၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအထိမ်းအမှတ်အဖြစ် မုံရွာမြို့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ အမှတ်(၂၈)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးမျိုးဝဏ္ဏ ဦးဆောင်သည့် အရာရှိနှင့် အခြားအဆင့် ရဲတပ်ဖွဲ့ဝင် ၁၅၀ တို့ စက်တင်ဘာ ၁၉ ရက်က သွေးလှူဒါန်းနေစဉ်။** ဖိုးချမ်း(မုံရွာ)

# ရေဘေးသင့်ခဲ့သော မကွေးတိုင်းဒေသကြီးသို့ တစ်ခေါက်

သတင်းဆောင်းပါး-ခရမ်းစိုးမြင့်၊ ဓာတ်ပုံ-မြတ်သူအောင်

**ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ခြင်းကြောင့် ပွင့်ဖြူမြို့နယ်တွင် မြို့ပေါ်ရပ်ကွက် လေးခု၊ ကျေးရွာပေါင်း ၁၅၀ နှင့် စေတုတ္တရာမြို့နယ်တွင် မြို့ပေါ်ရပ်ကွက်နှစ်ခုနှင့် ကျေးရွာ ၁၄ ရွာ၌ ရေဘေးကြုံတွေ့ခဲ့ရပြီး လမ်းတံတား များ ပျက်စီးမှုများလည်း ကြုံတွေ့ခဲ့ရသော်လည်း လမ်းဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ပြန်လည်ပြုပြင်နိုင် ခဲ့သလို ဆက်လက်၍လည်း ပြုပြင်မှုများ ဆောင်ရွက်လျက်ရှိသဖြင့် လမ်းပန်းဆက်သွယ်ရေးများမှာ ပြန်လည် ချောမွေ့နေ . . .**

မကွေးတိုင်းဒေသကြီး၏ ရာသီဥတုသည် အပူချိန်မြင့်၍ မိုးအလွန်နည်းသော ရာသီဥတုဖြစ်သည်။ သို့သော် ယခုနှစ်မိုးရာသီ ဇူလိုင်လလယ်ခန့်မှစ၍ မကွေးတိုင်းဒေသကြီးအတွင်း မိုးများသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မြေပြိုခြင်း၊ မြစ်ချောင်းများ ရေလျှံခြင်းနှင့် ရေလှောင်တမံကြီးအချို့တွင် ရေလျှံခြင်းများ ဖြစ်ခဲ့ရသည်။ လမ်းတံတားများအပေါ် ရေကျော်ခဲ့ပြီး မြို့ရွာများတွင်လည်း ရေများဝင်ရောက်ခဲ့သဖြင့် ရေလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ကြရသည်။

ယခုအခါ ရေပြန်လည်ကျဆင်းနေပြီဖြစ်သကဲ့သို့ ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့သော လမ်းတံတားများ၊ အဆောက်အအုံများကိုလည်း ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများပါဝင်သော အဖွဲ့များက ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ပြုပြင်လျက်ရှိကြောင်း ကြားသိရသဖြင့် မကွေးမြို့သို့ စက်တင်ဘာ ၁၅ ရက်က သွားရောက်ခဲ့ပါသည်။

မကွေးမြို့သို့ ညနေပိုင်းတွင်ရောက်ရှိပြီး မကွေးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်နှင့်တွေ့ဆုံကာ ၎င်း၏စီစဉ်ပေးမှုဖြင့် နောက်တစ်နေ့တွင် မင်းဘူး-အမ်းလမ်း(နတ်ရေကန်ရှောင်ကွင်းလမ်း)ပေါ်ရှိ နေရာ ၂၇ ခုတွင် ရေတိုက်စားမှုကြောင့် ကားလမ်းပြိုကျမှုအခြေအနေနှင့် ကားများချက်ချင်းသွားလာနိုင်ရန် လမ်းအထူးအဖွဲ့(၁၁)က ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုလေ့လာနိုင်ခဲ့သည်။

လမ်းအထူးအဖွဲ့(၁၁)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဒေါ်သူဇာညွှန့်နှင့် အင်ဂျင်နီယာများ လုပ်ငန်းဆောင်ရွက်နေသော ရခိုင်ရိုးမတောင်ကြီးပေါ် မင်းဘူး-အမ်းလမ်းပိုင်းသို့လည်းကောင်း၊ မင်းဘူးခရိုင် လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မျိုးကြည်နှင့် ပွင့်ဖြူမြို့နယ် အင်ဂျင်နီယာဌာန ဦးစီးအရာရှိ ဦးခင်မောင်ဌေးတို့ လုပ်ငန်းဆောင်ရွက်နေသည့် ဥယျာဉ်ကျစ်-ကုန်းဇောင်း-သံကိုင်းလမ်းပိုင်း ပြုပြင်နေမှုများကိုလည်းကောင်း လေ့လာခဲ့ပါသည်။

ဇူလိုင် ၃၀ ရက်က မိုးရွာသွန်းမှုကြောင့် လမ်းအထူးအဖွဲ့(၁၁)က တာဝန်ယူဆောင်ရွက်နေသည့် မင်းဘူး-အမ်းလမ်း(နတ်ရေကန်ရှောင်ကွင်းလမ်း) မိုင်တိုင်အမှတ် (၂၀/၄) နှင့် (၂၀/၅)ကြားရှိ တံတားအမှတ်(၆/၂၁) မှာ ရေတိုက်စားမှုကြောင့် ပဲ့ကျသွားခဲ့ရာ သတိပေးဆိုင်းဘုတ်စိုက်ထူပြီး ပြုပြင်မှုများ ချက်ချင်းဆောင်ရွက်ခဲ့ကြောင်း၊ လမ်းတစ်လျှောက်လုံးတွင်လည်း နေရာပေါင်း ၂၇ နေရာ၌ တောင်များ အပေါ်မှ ပြိုကျခြင်း၊ ရေလိုက်စား၍ လမ်းများပဲ့ကျခြင်းများ ဖြစ်ခဲ့သောကြောင့် မြေတူးစက်ကြီး သုံးစီး၊ မြေတင်စက်တစ်စီး၊ မြေတူးတင်စက်နှစ်စီးအပါအဝင် စက်ယန္တရားများ၊ ဝန်ထမ်းအင်အားများဖြင့် တောင်ပြိုမြေများကို ဖယ်ရှားခြင်း၊ မြေညှိစက်ဖြင့် လမ်းပုံများ ပြန်ဖော်ခြင်း၊ ရေမြောင်းတူးခြင်း၊ ပြိုကျသွားသော နေရာများတွင် သဲအိတ်များချခြင်း၊ ကတ္တရာပုံးဟောင်းများဖြင့် လှေကားထစ်ပုံစံ ပြုလုပ်ဆောင်ရွက်ခြင်း၊ တောင်ကမ်းပါးယံဘက်သို့ စက်ယန္တရားများသုံး၍ လမ်းထပ်ချဲ့ခြင်း၊ ကျောက်ခင်းခြင်းများကို အလျင်အမြန် ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့မှုများကြောင့် ယခုအခါ မှန်လုံယာဉ်ကြီးများပါ သွားလာနိုင်နေပြီဖြစ်ကြောင်းနှင့် ပြိုကျပျက်စီးသွားသော လမ်းနေရာများကိုလည်း ကတ္တရာလမ်းအဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လုပ်ငန်းခွင်၌ တွေ့ရသော လမ်းအထူးအဖွဲ့(၁၁)မှ အင်ဂျင်နီယာ ဒေါ်စန်းဝင်းက ပြောသည်။

ထို့နောက် ငဖဲနှင့် စေတုတ္တရာကားလမ်းပေါ်မှ ရေကြီး၍ မျောပါသွားခဲ့သော မန်းချောင်းဖြူတံတားနေရာတွင် အလျားပေ ၁၅၀ ရှိ ယာယီဘေလီတံတားတစ်စင်းကို တံတားအထူးအဖွဲ့(၃)က တည်ဆောက်ထားပုံနှင့် အဆိုပါတံတားပေါ်တွင် ကားလေးများ ဖြတ်သန်းမောင်းနှင်နေပုံကို ကျွန်တော်တို့အဖွဲ့ကို လိုက်ပြသည်။ အဆိုပါနေရာတွင် အလျားပေ ၅၀၀ ရှိ နှစ်လမ်းမောင်း သံကူကွန်ကရစ်တံတားတစ်စင်းကို တံတားအထူးအဖွဲ့(၃)က တာဝန်ယူ၍ တည်ဆောက်သွားရန် ဆက်လက်စီစဉ်ထားကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ် လမ်းဦးစီးမှူး ဦးခင်မောင်ဌေးနှင့်အဖွဲ့က ကျွန်တော်တို့ကို ကားနှင့်ဆက်လက်ခေါ်သွားပြီး ပွင့်ဖြူမြို့နယ်အတွင်း ရေကြီး၍ လမ်းများပျက်စီးခဲ့ပုံ၊ လူထုအားနှင့် ပြန်လည်ပြုပြင်ခဲ့ပုံများကို ရှင်းပြသည်။

ပွင့်ဖြူမြို့နယ်တွင် ဇူလိုင် ၂၆ ရက်မှစ၍ မိုးများအဆက်မပြတ်ရွာသွန်းခဲ့ပြီး ဇူလိုင် ၃၀ ရက်မှစ၍ မုန်းချောင်းရေကြီးရေလျှံမှု ဖြစ်ပွားခဲ့သည်။ ပွင့်ဖြူမြို့ပေါ်ရပ်ကွက် အနိမ့်ပိုင်းနေရာများသို့ ချောင်းရေများ အရှိန်အဟုန်ဖြင့်ဝင်ရောက်ခဲ့ပြီး ဆည်မြောင်းတာပေါင်များ ကျိုးပေါက်ခဲ့သဖြင့် ဥယျာဉ်ကျစ်-ကုန်းဇောင်း-သံကိုင်းလမ်းတွင် မိုင်တိုင်အမှတ် (၂/၀)မှ(၆/၀)အတွင်း ရေကျော်ခဲ့ကာ လမ်းတာပေါင်များကို ရေတိုက်စားပြတ်ထွက်သွားခဲ့ပြီး လမ်းပန်းဆက်သွယ်မှုများ ပြတ်တောက်သွားခဲ့ရသည်။ မြို့နယ်ဦးစီးအရာရှိနှင့် ဝန်ထမ်းများပူးပေါင်းပြီး ဩဂုတ် ၁ ရက်မှစတင်ကာ ကွင်းဆင်းစစ်ဆေးခဲ့မှုအရ မိုင်တိုင်အမှတ်(၂/၀)နှင့် (၃/၆)အတွင်း ကတ္တရာလမ်းပိုင်းများ ရေတိုက်စားပျက်စီးခြင်း၊ မိုင်တိုင်အမှတ် (၄/၀)မှ (၆/၀)အတွင်း ပေ ၁၁၀၀ ခန့် လမ်းတာပေါင်ပြတ်ထွက်သွားခြင်း၊ လမ်းဘေးဝဲယာလယ်မြေများတွင် ရွှံ့နွံများဖုံးလွှမ်းသွားခြင်း၊ တံတားနှစ်စင်း၏ ချဉ်းကပ်လမ်းတာပေါင်များနှင့် ကျောက်ချောလမ်း ပြတ်ထွက်သွားခြင်း၊ မိုင်တိုင်အမှတ်(၈/၀)မှ (၁၀/၀)အတွင်း ရေတိုက်စားမှုကြောင့် လမ်းတာပေါင်များ ပေ ၆၀၀ ခန့် ပြတ်ထွက်သွားပြီး ကျောက်ချောလမ်းပျက်စီးသွားခြင်းစသည့် ပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပျက်စီးသွားသောနေရာများတွင် အချိန်တိုအတွင်း လမ်းပန်းဆက်သွယ်မှုများ ပြန်လည်ကောင်းမွန်စေရေးအတွက် လမ်းတာပေါင်ပြတ်ထွက်ပြီး ရွှံ့နွံများဖုံးလွှမ်းခဲ့သည့် နေရာများတွင် ပေ ၁၁၀၀ ခန့်ရှိသော ရွှံ့ပျော့များကို မြေတူးစက်ဖြင့် နှိုက်ထုတ်ခြင်း၊ ရွှံ့ပျော့များဖယ်ရှားပြီးသည့်အပိုင်းများတွင် မြေနီကျောက်စရစ်များကို မြေသယ်ယာဉ်များဖြင့် သယ်ယူ၍ဖို့ခြင်း၊ လိုအပ်သောနေရာများတွင် ခွဲကျောက်များ စီခင်းခြင်း၊ မြေနီပေါင်ဖို့ကြိတ်ခြင်း၊ တံတားချဉ်းကပ်လမ်းနေရာ နှစ်ခုနှင့် မော်တော်ယာဉ်များသွားလာရန်ခက်ခဲသော လမ်းတာပေါင်နိမ့်ကျွံပျက်စီးခဲ့သည့် နေရာများတွင် နှစ်လက်မ၊ လေးလက်မကျောက်များ၊ မြေနီများဖို့ခြင်း စသည့် ယာယီပြုပြင်မှုများကို ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၄ ရက်တွင် ယာဉ်ငယ်များ ပြန်လည်ဖြတ်သန်းနိုင်ခဲ့ပြီး ဩဂုတ် ၈ ရက်တွင် ယာဉ်ကြီးများ၊ ခရီးသည်တင်မှန်လုံယာဉ်ကြီးများ ဖြတ်သန်းနိုင်ခဲ့ကြောင်း သိရသည်။ ဆက်လက်၍ မိုင်တိုင်အမှတ် (၈/၀)မှ (၁၀/၀)အတွင်း လမ်းပျက်စီးမှုများကိုလည်း အလျင်အမြန်ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၀ ရက်တွင် သံကိုင်းကျေးရွာအထိ မော်တော်ယာဉ်များ သွားလာနိုင်ကြောင်း ရှင်းပြသည်။

မကွေးတိုင်းဒေသကြီး၌ ဇူလိုင်လအတွင်းက မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ခြင်းကြောင့် ပွင့်ဖြူမြို့နယ်တွင် မြို့ပေါ်ရပ်ကွက်လေးခု၊ ကျေးရွာပေါင်း ၁၅၀ နှင့် စေတုတ္တရာမြို့နယ်တွင် မြို့ပေါ်ရပ်ကွက်နှစ်ခုနှင့် ကျေးရွာ ၁၄ ရွာ၌ ရေဘေးကြုံတွေ့ခဲ့ရပြီး လမ်းတံတားများ ပျက်စီးမှုများလည်း ကြုံတွေ့ခဲ့ရသော်လည်း လမ်းဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ပြန်လည်ပြုပြင်နိုင်ခဲ့သလို ဆက်လက်၍လည်း ပြုပြင်မှုများ ဆောင်ရွက်လျက်ရှိသဖြင့် လမ်းပန်းဆက်သွယ်ရေးများမှာ ပြန်လည် ချောမွေ့နေပြီဖြစ်ကြောင်း တွေ့ရှိခဲ့ရပါသည်။ ။



မင်းဘူး-အမ်းလမ်း (နတ်ရေကန်ရှောင်ကွင်းလမ်း)ကို ပြုပြင်နေစဉ်။




ပြုပြင်ပြီးသော ဥယျာဉ်ကျစ်-ကုန်းဇောင်း-သံကိုင်းကားလမ်းတွင် ခရီးသည်တင် ကားကြီးများ ပြန်လည်မောင်းနှင်နေစဉ်။

# ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းကို စိတ်ဝင်စားသူပိုများ



**သထုံ စက်တင်ဘာ ၂၁**

နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲပေးပိုင်ခွင့်ရှိသော မဲဆန္ဒရှင်များကို စက်တင်ဘာ ၁၄ ရက်မှစ၍ တစ်နိုင်ငံလုံး၌ ဒုတိယအကြိမ်အဖြစ် စတင်ကြေညာထားရာ မွန်ပြည်နယ် သထုံမြို့နယ်တွင် ပထမအကြိမ် ကြေညာစဉ်ကထက် ပြည်သူများ လာရောက်ကြည့်ရှုမှုပိုမိုများပြားနေကြောင်း သိရသည်။

"ပြီးခဲ့တဲ့ အကြိမ်ကထက်စာရင်တော့ ဒီအကြိမ်မှာပိုပြီး စိတ်ဝင်တစားလာကြည့်ကြတာကို တွေ့နေရပါတယ်။ နည်းနည်းခက်ခဲတာက မဲစာရင်းတွေကို အက္ခရာစဉ်အလိုက် ကြေညာထားတာဆိုတော့ မိသားစုတွေက ဟိုရောက်ဒီရောက်နဲ့ ရှာရတာက အချိန်အတော်လေးပေးရတယ်"ဟု လိပ်အင်းရပ်ကွက်မှ မဲဆန္ဒရှင်တစ်ဦးက ပြောသည်။

သထုံမြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသူပေါင်း ၁၆၈၀၈ ဦးရှိပြီး ဒုတိယအကြိမ် အခြေခံမဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၁၄ ရက်မှ ၂၇ ရက်အထိ ရပ်ကွက်ငါးခုနှင့် ကျေးရွာအုပ်စု ၅၄ ခုမှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားပေးမည်ဖြစ်သည်။

မဲဆန္ဒရှင်များအနေဖြင့် သွားရောက်ကြည့်ရှုကာ မိမိတို့၏အမည် မပါသေးပါက ပုံစံ(၃)ဖြင့် ဖြည့်စွက်ခြင်း၊ မပါသင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ပယ်ဖျက်ရန်တောင်းဆိုခြင်း၊ အချက်အလက်မှားနေပါက ပုံစံ(၄-က)ဖြင့် ပြင်ဆင်ခြင်းများကို ပြုလုပ်ကြမှသာ မှန်ကန်သည့်မဲစာရင်းဖြစ်ပြီး မဲပေးနိုင်မည်ဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ သိရသည်။ **သက်ဦး(သထုံ)**

# လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိရန် ဆောင်ရွက်နေ

**ကျောက်တံခါး စက်တင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာအသုံးပြုနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်အတွင်း ကျောက်တံခါးမြို့ ဈေးပိုင်းရပ်ကွက် ဈေးအရှေ့လမ်းနှင့် ဈေးပိုင်း(၁)လမ်းတွင် ဆွေးမြည့်သံပိုက်မီးတိုင်များ၊ ဟောင်းနွမ်းဓာတ်အားလိုင်းကြိုးများအစား ကွန်ကရစ်မီးတိုင်များ၊ ကြွေသီးအသစ်များ၊ ၁၁ ကေဗွီဓာတ်အားလိုင်းကြိုးများ ပြောင်းလဲတပ်ဆင်ခြင်းနှင့် ဈေးပိုင်း(၂)လမ်းတွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးတပ်ဆင်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဦးစီးဌာနမှ လျှပ်စစ်အင်ဂျင်နီယာမှူးနှင့် ဝန်ထမ်းများက စက်တင်ဘာ လဆန်းပိုင်းက စတင်ဆောင်ရွက်ခဲ့ပြီး မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**



# သင်တန်းအမှတ်စဉ် (၅၅/၂၀၁၅) သင်တန်းဆင်းပွဲကျင်းပ

**မန္တလေး စက်တင်ဘာ ၂၁**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းမှူးသင်တန်းအမှတ်စဉ် (၅၅/၂၀၁၅) သင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၈ ရက်က မန္တလေးမြို့ ၂၈×၂၉လမ်းကြား၊ ၆၆× ၆၈ လမ်းကြားရှိ အဆိုပါ ရဲအရာရှိအတတ်သင်ကျောင်းသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးရဲအောင်မြင့်၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးကဲရစ်စံမွိုင်နီခွဲနှင့် ဖိတ်ကြားထားသော ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရဲအရာရှိ အတတ်သင်ကျောင်း(မန္တလေး)ကျောင်းအုပ်ကြီးက သင်တန်းတွင် ဆုရရှိသူများကို ဆုချီးမြှင့်သည်။ ထို့နောက် ကျောင်းအုပ်ကြီးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါသင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်တပ်ရင်းတပ်ဖွဲ့ သင်တန်းကျောင်းများမှ သင်တန်းသားအရာရှိ ၅၀တို့က ဇူလိုင် ၂၇ ရက်မှ စက်တင်ဘာ ၁၈ ရက်အထိ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ကျေးရွာနေပြည်သူများအား မြေဂရန်များ ထုတ်ပေး

**လပွတ္တာ စက်တင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ် ကျောက်မှော်ကျေးရွာအုပ်စု ကျောက်မှော်ကျေးရွာမှ ဒေသခံပြည်သူများအား မြေဂရန်များကို စက်တင်ဘာ ၁၂ ရက်က ထုတ်ပေးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ကျေးလက်လူနေမှုဘဝအဆင့်အတန်း ပိုမိုမြင့်မားလာစေရန်ရည်ရွယ်၍ ကျေးရွာမြေဂရန်စာချုပ် ၉၄ ခုကို မြေပိုင်ရှင်ဒေသခံပြည်သူများထံ ထုတ်ပေးခဲ့ခြင်းဖြစ်သည်။

ထိုသို့ ကျေးရွာအဆင့် မြေဂရန်များ ထုတ်ပေးနိုင်ခဲ့သဖြင့် ကျေးရွာရှိ အိမ်မြေကွက်များသည် ယခုထက် တန်ဖိုးပိုမိုမြင့်တက်နိုင်ခြင်း၊ မြေယာပိုင်ဆိုင်မှုအထောက်အထားနှင့်အတူ စိတ်ကြိုက်ပေါင်နှံရောင်းချ စီမံခွင့်များ ရရှိသည့်အတွက် မြေဂရန်စာချုပ်ဖြင့် ချေးငွေများထုတ်ချေးနိုင်ပြီး မိမိတို့၏ အသေးစား၊ အလတ်စားလုပ်ငန်းများကို ပိုမိုတိုးတက်ဆောင်ရွက်နိုင်ရန် အရင်းအနှီးများရရှိမည်ဖြစ်သောကြောင့် ဒေသခံပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားလာနိုင်သည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။ ဒေသခံပြည်သူများမှာလည်း မြေဂရန်စာချုပ်များ ထုတ်ပေးသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိကြောင်း သိရသည်။

မြေဂရန်များထုတ်ပေးရာတွင် တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးဝင်းကိုကိုက အမှာစကားပြောကြားပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးနေလင်းထံသို့ မြေဂရန် စာချုပ်များကိုလည်းကောင်း၊ မြေဂရန်များ ထုတ်ပေးရေး ခရိုင်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ လပွတ္တာခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဦးက မြေဂရန်စာချုပ်များကို ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်အောင်ထွန်းထံသို့လည်းကောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှိုင်ဦးက မြေဂရန်စာချုပ်များကို ကျေးရွာအုပ်စု ရပ်မိရပ်ဖ ဦးကျင်ခဲထံသို့လည်းကောင်း ပေးအပ်ခဲ့သည်။ **ဝင်းကျော်မြင့်(ပြန်/ဆက်)**

# တာပွန်မြို့တွင် အသက်မွေးဝမ်းကျောင်း စက်ချုပ်သင်တန်း (၁/၂၀၁၅) ဖွင့်

**နတ်တလင်း စက်တင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်မြို့အလယ်ပိုင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လူမှုစီးပွားမြှင့်တင်နိုင်ရန်အတွက် ဆင်းရဲမှုလျှော့ချရေးကျေးလက်ဒေသနေအမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးလုပ်ငန်းစဉ်များကို စီမံချက်ရေးဆွဲ၍အစဉ်တစ်စိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်၍ ယင်းလုပ်ငန်းများအား တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန်ရည်ရွယ်ချက်များဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဦးစီးပြီး စက်ချုပ်သင်တန်းအမှတ်စဉ် (၁/၂၀၁၅) ကိုဖွင့်လှစ်သည်။

အခမ်းအနားတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးမင်းမောင်က တက်ရောက်အမှာစကားပြောကြားရာတွင် ကျေးလက်နေအမျိုးသမီးများအတွက် အိမ်တွင်းလုပ်ငန်းဖြစ်သော စက်ချုပ်အတတ်ပညာကို ကြိုးစားပြီးသင်ယူကြရန်၊ မိသားစုအတွက် အထောက်အကူပြုမည့် အတတ်ပညာဖြစ်သဖြင့် သင်ကြားပို့ချပေးသော စာတွေ့လက်တွေ့ သင်ခန်းစာများကို ကြိုးစားပြီး သင်ယူကြရန်၊ မှာကြားပြီး မြို့နယ်ဦးစီးမှူးဦးဝင်းနိုင်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း၊ တာပွန်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ ခရိုင်ဦးစီးမှူးက စက်ချုပ်သင်ယူရန် အထောက်အကူပြုပစ္စည်းများကို သင်တန်းသူတစ်ဦးချင်းစီပေးအပ်ပြီး သင်တန်းသူ ၂၅ ဦးတက်ရောက်သင်ကြားကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**



# ရွှေထည်အတုများနှင့်အတူ မသင်္ကာဖွယ်သူ ငါးဦးအား မကွေးမြို့တွင်ဖမ်းဆီး

**မကွေး စက်တင်ဘာ ၂၁**

မကွေးမြို့ မြသလွန်ဘုရားရင်ပြင်ရှိ ဧည့်သည်တည်းခိုဆောင်၌ ရွှေထည်အတုများဖြင့် လိမ်လည်သူများကို စက်တင်ဘာ ၁၉ ရက်ညပိုင်းက ဖမ်းဆီးခဲ့ကြောင်း မကွေးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၉ ရက် ည ၁၂ နာရီခွဲက မကွေးမြို့ မြသလွန်ဘုရားရင်ပြင်ရှိ မြမဥ္ဇူဧည့်သည်တည်းခိုဆောင်တွင် ရွှေထည်အတုများဖြင့် လိမ်လည်သူများရောက်ရှိနေကြောင်းသတင်းအရ မကွေးခရိုင် မှုခင်းအကူတပ်ဖွဲ့မှ ရဲအုပ်သက်အောင်စိုးနှင့်အဖွဲ့များ၊ သက်သေအဖြစ် ရွှေပန်းတိမ်ကျွမ်းကျင်သူ ဦးခင်မောင်သန်းနှင့်အတူ မြမဥ္ဇူတည်းခိုဆောင်သို့ ဝင်ရောက်ရှာဖွေခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သည့် ဒေါ်အေးချမ်း (၅၁ နှစ်)၊ မစန္ဒာ (၃၉နှစ်)၊ မသော်သော်ဟန် (၂၈နှစ်)၊ နေဝင်းထွဋ် (၃၀ နှစ်)နှင့် ကျော်ကျော်လင်း (၃၄နှစ်)တို့ထံမှ သက်သေခံပစ္စည်းများဖြစ်သည့် ရွှေရည်စိမ်လက်ကောက်၊ ဆွဲကြိုး၊ ဟမ်းချိန်း၊ လက်စွပ်၊ နားကပ်များပါဝင်သော ပစ္စည်း ၁၃ မျိုး၊ အနယ်နယ်အရပ်ရပ်ရှိ ရွှေဆိုင်များမှ ရွှေရောင်းဝယ်ပေါင် ဘောက်ချာစာရွက် စာတမ်းမျိုးစုံ၊ ၁၅ ပဲ၊ ၁၆ပဲ ရွှေရည်အာမခံစာတန်းပါ ရော်ဘာတံဆိပ်တုံး နှစ်ခု၊ ကမ္ဘောဇဘဏ် ငွေစုစာအုပ် တစ်အုပ်၊ ဟန်းဆက်ခုနစ်လုံး၊ ငွေကျပ် ၁၈၆၃၄၀၀ တို့ကိုသိမ်းဆည်းရမိခဲ့သည်။

အဆိုပါပစ္စည်းများအား ဒေါ်အေးချမ်းပါ ငါးဦးတို့မှ ၄င်းတို့ ပိုင်ဆိုင်ကြောင်းအထောက်အထား တစ်စုံတစ်ရာ ပြောဆိုပြသနိုင်ခြင်းမရှိခဲ့သဖြင့် ရဲအုပ်သက်အောင်စိုးက သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ကာ ပစ္စည်းများအား နေအိမ်အဆောက်အအုံတစ်ခုခုအတွင်းမှ ခိုးယူလာသည်ဟု ယူဆရသောကြောင့် ဒေါ်အေးချမ်းပါ ငါးဦးအား အရေးယူပေးပါရန် ရဲအုပ်သက်အောင်စိုးက တရားလိုပြု တိုင်ကြားခဲ့သည်။ မကွေးမြို့နယ် မြို့မရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း မြို့မရဲစခန်းမှ သိရသည်။ **ကျော်ဇေယျ**

# ထိပ်တန်းအသင်းတွေ အောင်ပွဲခံမယ့် ကတ်ပီတယ်ဝမ်းဖလား တတိယအဆင့်ပွဲစဉ်

မိုးမြင့်လင်းလက်

ကတ်ပီတယ်ဝမ်းဖလား တတိယအဆင့် ပွဲစဉ်တွေကို စက်တင်ဘာ ၂၃ ရက်နဲ့ ၂၄ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။ ပရီမီယာလိဂ် ထိပ်တန်းအသင်းတွေ ပါဝင်ဆင်နွှဲကြမယ့် ဒီပွဲစဉ်မှာ မန်ယူနဲ့ လီဗာပူးတို့က အိမ်ကွင်းမှာ ကစားရမှာဖြစ်သလို အာဆင်နယ်၊ မန်စီးတီးနဲ့ ချယ်လ်ဆီးတို့က အဝေးကွင်းမှာ ကစားရမှာမို့ အနိုင်ရရှိရေး အာရုံစိုက်ကြရဦးမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီတစ်ပတ်ပွဲစဉ်မှာလည်း အသင်းကြီးတွေပဲ နိုင်ပွဲရလဒ်ကို သိမ်းပိုက်ရယူသွားဦးမှာ ဖြစ်ပါတယ်။

**စပါးနှင့် အာဆင်နယ်**

စပါးကွင်းမှာတော့ အာဆင်နယ်တို့ ရှုံးလိုက်နိုင်လိုက်ပါပဲ။ လန်ဒန်ဒါဘီပွဲဖြစ်တာမို့ အကြိတ်အနယ်ရှိမှာဖြစ်ပြီး ရှုံးပွဲတွေ့ကြုံနေတဲ့ အာဆင်နယ်တို့အတွက် ဖိအားများဦးမယ့်ပွဲပါပဲ။ အာဆင်နယ်မှာတော့ ဝဲလ်ကော့က အင်အားပြည့်ပါဝင်ကစားနိုင်နေပြီး ကွင်းလယ်ကစားအား ကောင်းမွန်နေပေမယ့် အမှားအယွင်းတွေ လုပ်တတ်တဲ့ ကစားသမားတွေကြောင့် သရေဖြစ်သွားနိုင်ပါတယ်။

**လီဗာပူးနှင့် ကာလစ်တီ**

လီဗာပူးဟာ ကာလစ်တီနဲ့ ဆုံတိုင်း နိုင်ပွဲရတာများတာမို့ အဲဒီအစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းဖို့ လီဗာပူးတို့ ကြိုးစားပါလိမ့်မယ်။ နိုင်ပွဲလိုအပ်နေတဲ့ လီဗာပူးတို့ဟာ အခုပွဲမှာ ကာလစ်တီကို ဖိအားပေးကစားမှာဖြစ်ပြီး အနိုင်ရလဒ်ပြတ်သားအောင် စွမ်းဆောင်ပါလိမ့်မယ်။

**ဆန်းဒါးလန်းနှင့် မန်စီးတီး**

မန်စီးတီးကို အနိုင်ကစားနိုင်တဲ့ ဆန်းဒါးလန်းဟာ အခုပွဲ အိမ်ကွင်းဖြစ်တာမို့ မန်စီးတီးကို အခက်တွေ့အောင် ကစားပါလိမ့်မယ်။ မန်စီးတီးတို့က ဆန်းဒါးလန်းကို အလေးထားကစားရင်တော့ ရှုံးကြွေးကို ပြန်ဆပ်နိုင်ပြီး အနိုင်ဆိုတာ မန်စီးတီးတို့အတွက်ပဲ ဖြစ်မှာပါ။ မန်စီးတီးရဲ့ ခြေစွမ်းအားကောင်းမှုက တတိယအဆင့်ကို ကျော်ဖြတ်သွားပါလိမ့်မယ်။

**မန်ယူနှင့် အစ်ဝစ်ချ်**

မန်ယူတို့အတွက် ချန်ပီယံလိဂ်အဖွင့်ပွဲမှာ မျက်နှာပန်းမလှခဲ့ပေမယ့် အခုကတ်ပီတယ်ဝမ်း တတိယအဆင့်ပွဲစဉ်မှာတော့ နောက်တစ်ဆင့်တက်နိုင်ရေး အခြေအနေကောင်းပါလိမ့်မယ်။ မန်ယူဟာ အစ်ဝစ်ချ်နဲ့ ဆုံတိုင်းနိုင်ပွဲရတာများပြီး ဖိအားပေးကစားနိုင်ခဲ့တာများပါတယ်။ အစ်ဝစ်ချ်နဲ့ဆုံတိုင်း ဂိုးပြတ်နိုင်တဲ့ မန်ယူဟာ အခုပွဲမှာ နိုင်ပွဲရအောင် ရှာဖွေပါလိမ့်မယ်။

**ဝယ်လ်ဆယ်နှင့် ချယ်လ်ဆီး**

နိုင်ပွဲတွေ ပြန်ရလာလို့ ဖိအားတွေ လျော့ကျလာတဲ့ ချယ်လ်ဆီးတို့ဟာ အခုပွဲချယ်လ်ဆီးဟာ အခုပွဲမှာလည်း ဝယ်လ်ဆယ်ကို အိမ်ကွင်းဆိုပေမယ့် အခွင့်အရေးပေးမှာ မဟုတ်ပါဘူး။ ဝယ်လ်ဆယ်အသင်းကို အိမ်ကွင်းနိုင်ပွဲရအောင် ကြိုးစားနိုင်တာမို့ အခုပွဲမှာလည်း ချယ်လ်ဆီးတို့ နိုင်ပွဲဆက်အောင်ကြိုးစားမှာပါ။

**လက်စတာနှင့် ဝက်စ်ဟမ်း**

ဝက်စ်ဟမ်းဟာ လက်စတာကို အနိုင်ကစားနိုင်ပေမယ့် လက်စတာတို့ရဲ့ ခြေစွမ်းက အခုအချိန်မှာ ကောင်းမွန်နေပါတယ်။ လက်စတာရဲ့ အားသာချက်ဟာ အသင်းလိုက်ကစားအားနဲ့ စိတ်ဓာတ်ပိုင်းကောင်းမွန်ပြီး အနိုင်ရလိုစိတ်ပြင်းထန်မှုပဲ ဖြစ်ပါတယ်။ လက်စတာတို့က အိမ်ကွင်းလည်းဖြစ်တာမို့ အခုပွဲမှာ လက်စတာတို့ နောက်တစ်ဆင့်တက်ဖို့ အားထုတ်ပါလိမ့်မယ်။

**MK ဒွန်းစ်နှင့် ဆောက်သမ်တန်**

ဆောက်သမ်တန်တို့ရဲ့ ခြေစွမ်းက MK ဒွန်းစ်ကို အနိုင်ယူနိုင်စွမ်းရှိပါတယ်။ MK ဒွန်းစ်က အိမ်ကွင်းမှာ ခြေစွာပေမယ့် ဆောက်သမ်တန်ရဲ့ တွန်းတွန်းတိုက်တိုက် ကစားမှုကို ကြာရှည်တောင့်ခံနိုင်မှာ မဟုတ်တဲ့အတွက် ဆောက်သမ်တန်တို့ နောက်တစ်ဆင့်တက်ဖို့ အခွင့်အရေးရသွားပါလိမ့်မယ်။






## အဝေးကွင်းဟက်ထရစ်အနိုင်ရလိုက်တဲ့ ဝက်စ်ဟမ်း

ဝက်စ်ဟမ်းအသင်းဟာ ယခုနှစ် ပရီမီယာလိဂ်မှာ ထပ်သီးအသင်းတွေကို အခြိမ်းခြောက်နိုင်ဆုံးအသင်းဖြစ်လာပါတယ်။ နာမည်ကြီး ထိပ်သီးကလပ်တွေဖြစ်တဲ့ အာဆင်နယ်၊ လီဗာပူးနဲ့ မန်စီးတီးတို့ကို အနိုင်ရထားတဲ့ အသင်းဖြစ်ပါတယ်။ ဝက်စ်ဟမ်းအသင်းရဲ့ ဒီအနိုင်ရမှုတွေဟာ အဝေးကွင်း အနိုင်ရမှုတွေဖြစ်တဲ့အတွက် အဝေးကွင်း ဟက်ထရစ်အနိုင်ရတဲ့အသင်းလို့ ဆိုပါတယ်။ နောက်ဆုံး အဝေးကွင်းအနိုင်ရမှုကတော့ ရှုံးပွဲမရှိ ဦးဆောင်နေတဲ့ မန်စီးတီးကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရလိုက်တာပါ။ မန်စီးတီးအသင်းဟာ ၁၁ ပွဲ ရှုံးပွဲမရှိ ဆက်တိုက်အောင်ပွဲခံမှုကို ဝက်စ်ဟမ်းက အဆုံးသတ်ခဲ့ပါတယ်။ ဝက်စ်ဟမ်းနည်းပြ စတီဗင်ဘီလစ်ကတော့ ပရီမီယာလိဂ်အဝေးကွင်းပြိုင်ပွဲတွေကို ဆက်လက်အနိုင်ရဖို့ ကြိုးစားသွားမှာပါလို့ ပြောဆိုလိုက်ပါတယ်။ သို့ပေမယ့် မန်စီးတီးအသင်းဟာ အမှတ်ပေးဇယားမှာ ဦးဆောင်နေခဲ့ပါ။ ဝက်စ်ဟမ်းအသင်းမှာ မော့ဆက်နဲ့ ဆာကိုတို့ဟာ ခြေစွမ်းပြကစားနေကြပါတယ်။ ပရီမီယာလိဂ် ထိပ်သီးအသင်းတွေအနေနဲ့ ဝက်စ်ဟမ်းကို သတိထားကစားရတော့မယ့်အနေအထားဖြစ်ပါတယ်။ ဝက်စ်ဟမ်းအသင်းရဲ့ လက်ရှိခြေစွမ်းအရ ထိပ်ဆုံးကို ရောက်သွားနိုင်ပါတယ်။



## ကော်စတာကို သုံးပွဲ ပိတ်ပင်ပေးဖို့ အာစင်ဝင်းဂါး တောင်းဆို

အာဆင်နယ်နဲ့ ချယ်လ်ဆီးတို့ ကစားခဲ့ကြတဲ့ပွဲမှာ ချယ်လ်ဆီးတိုက်စစ်မှူး ကော်စတာနဲ့ အာဆင်နယ် နောက်တန်းလူ ဂါဘရီးရယ်တို့ဟာ တစ်ဖက်နဲ့တစ်ဖက် အချင်းများခဲ့ရတဲ့အတွက် ကွင်းလယ်ဒိုင်လူကြီး မိုက်ဒင်းက အာဆင်နယ် နောက်တန်းလူ ဂါဘရီရယ်ကို အနီကတ်နဲ့ ထုတ်ပယ်ခဲ့ခြင်းအပေါ် အာစင်ဝင်းဂါးက ကော်စတာကို သုံးပွဲပိတ်ပင်ပေးပါလို့ အက်ဖ်အေကို တိုက်တွန်းတောင်းဆိုလိုက်ပါတယ်။ အာဆင်နယ်ဂိုးရှေ့မှာ ဂိုးမသွင်းနိုင်အောင် ဆွဲထားတဲ့အတွက် ကော်စတာက ဂါဘရီရယ်က ကိုယ်ထိလက်ရောက် တုံ့ပြန်မှုတွေ လုပ်ခဲ့ပါတယ်။ ဒီအတွက် ဒိုင်လူကြီးက နှစ်ယောက်စလုံးကို အဝါကတ်ပြ သတိပေးခဲ့ပေမယ့် နှစ်ယောက်စလုံးက ပါးစပ်မှ ပြောဆိုမှုတွေကြောင့် ဒိုင်လူကြီးက ဂါဘရီရယ်ကို အနီကတ်ပြပြီး ထုတ်ပယ်လိုက်ပါတယ်။ ဒီအတွက် နည်းပြ အာစင်ဝင်းဂါးအနေဖြင့် အတော်လေးဒေါသထွက်စရာဖြစ်ခဲ့ပါတယ်။ ဒ့ါအပြင် အာဆင်နယ်အသင်းမှ ကာဇိုကလည်း အနီကတ်နဲ့ ထွက်ခဲ့ရတဲ့အတွက် အာဆင်နယ်အသင်းဟာ ကိုးယောက်နဲ့ ကစားခဲ့ရပြီး ချယ်လ်ဆီးကို နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်သွားခဲ့ပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်



## လာမယ့် မန်ယူနည်းပြသစ်အတွက် အသင်းကို တည်ဆောက်နေတယ်ဆိုတဲ့ ဗန်ဟားလ်

လာမယ့် မန်ယူနည်းပြအတွက် အသင်းကိုတည်ဆောက်နေပါတယ်လို့ နည်းပြ ဗန်ဟားလ်က ပြောဆိုလိုက်ပါတယ်။ မန်ယူအနေနဲ့ အသက် ၂၁ နှစ်အရွယ်ရှိ ဒီပေး၊ ၁၉ နှစ်ရှိ မာရှယ်တို့ကို ခေါ်ယူရာမှာ ပေါင်သန်း ၇၀ ရင်းနှီးမြှုပ်နှံထားခဲ့ပါတယ်။ လူငယ်တွေနဲ့အတူ မန်ယူဟာ တိုးတက်တဲ့ အသင်းဖြစ်လာလိမ့်မယ်လို့လည်း သူကဆိုပါတယ်။ ဗုဒ္ဓဟူးနေ့က ခြေထောက်ကျိုးသွားတဲ့ အသက် ၂၀ အရွယ် လူကီရှောနဲ့ အသက် ၂၀ အရွယ် ဂျာနူဂျက်တို့ဟာ ဗန်ဟားလ်ရဲ့ အစီအစဉ်ထဲမှာ ပါဝင်တဲ့ လူငယ်ကစားသမားတွေဖြစ်ပါတယ်။ ဒီလူငယ်တွေကို အခြေခံပြီး မန်ယူဟာ တစ်နေ့အကောင်းဆုံးဖြစ်အောင် နည်းပြဗန်ဟားလ်က တည်ဆောက်နေတာလို့ ဆိုပါတယ်။ လက်ရှိအချိန်မှာတော့ ဒီလူငယ် ကစားသမားတွေဟာ အကောင်းဆုံး ခြေစွမ်းမပြနိုင်ဘဲရှိနေဆဲဖြစ်ပါတယ်။ မန်ယူရဲ့ လူငယ်တွေဟာ ပရီမီယာလိဂ်မှာ အတွေ့အကြုံ ကောင်းတွေရယူဖို့ လိုအပ်နေဆဲဖြစ်ပါတယ်။ ဒီလူငယ်တွေဟာ နောက်လာမယ့် မန်ယူနည်းပြအတွက် ဖြစ်တယ်လို့ ဗန်ဟားလ်က ဆိုပါတယ်။

# သုံးပွင့်ဆိုင် ခံတပ်များ

**မောင်သာ(ရှေးဟောင်းသုတေသန)**

မြန်မာနိုင်ငံအထက်ပိုင်း စစ်ကိုင်း၊ အင်းဝနှင့်မန္တလေး အနီး ဧရာဝတီမြစ်ကမ်းပေါ်တွင် ကုန်းဘောင်ခေတ်က တည်ဆောက်ခဲ့သည့် ခံတပ်သုံးခုရှိရာ ခံတပ်များသည် တြိဂံအနေအထား သုံးပွင့်ဆိုင်တည်ရှိနေကြသည်။ ယင်းတို့မှာ ဆင်ကျုံးခံတပ်၊ သပြေတန်းခံတပ်နှင့် အစေခံခံတပ်တို့ဖြစ်ကြသည်။ ထိုခံတပ်များကို ကင်းဝန်မင်းကြီး ဗြိတိန်နိုင်ငံသို့သွားရောက်ခဲ့စဉ် အင်္ဂလန်ကျွန်း ရေလက်ကြားတွင်ဆောက်လုပ်ထားသော Portsmouth မြို့ ခံတပ်များကို နမူနာယူကာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အင်းဝဘက်ကမ်းတွင် ဆင်ကျုံးခံတပ်၊ စစ်ကိုင်းဘက်ကမ်းတွင် စစ်ကိုင်းခံတပ်ခေါ် အစေခံ ခံတပ်နှင့် မန္တလေးဘက်ခြမ်း စစ်ကိုင်းတံတားဟောင်းအနီးတွင် သပြေတန်းခံတပ်တို့ ရှိကြသည့်အနက် သပြေတန်းခံတပ်က အကြီးဆုံးဖြစ်သည်။

အင်းဝဘက်ကမ်းရှိ ခံတပ်နေရာသည် ယခင်ကဆင်ကျုံး ရှိခဲ့သောကြောင့် ဆင်ကျုံးခံတပ်ဟု အမည်တွင်ခဲ့သည်။ ဆင်ကျုံးခံတပ်ကို ခရစ်နှစ် ၁၈၇၄ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ခံတပ်သည် စတုရန်းပုံဖြစ်ကာ အုတ်တံတိုင်းသုံးထပ်ရှိသည်။ အပြင်ဆုံးတံတိုင်းသည် ပတ်လည်အနား ၃၅၅ ပေ ရှိပြီး အလယ်တံတိုင်းမှာ ၂၉၃ ပေ ပတ်လည်ရှိသည်။ တံတိုင်းနှစ်ခုကြားတွင် ၃၁ ပေကျယ်သော ကျုံးတစ်ခုရှိသည်။ အတွင်းတံတိုင်းသည် ပေ ၂၀၀ ပတ်လည်ရှည်၍ ခံတပ်အရှေ့ဘက်တွင် ကျုံးကူးတံတားတစ်စင်း ရှိသည်။

အင်းဝသို့သွားသည့် လမ်းဘေး စစ်ကိုင်းတံတား အရှေ့ဘက်တွင် သပြေတန်းခံတပ်ရှိသည်။ သပြေတန်းခံတပ်ကို မင်းတုန်းမင်းလက်ထက် သက္ကရာဇ် ၁၂၃၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် ကြာသပတေး နေ့ (၁၈၇၄ ခုနှစ် ဒီဇင်ဘာ ၃ ရက်)တွင် စတင်တည်ဆောက်ခဲ့သည်။ သပြေတန်းခံတပ်အား ရွှေကြက်ယက်ခံတပ်၊ ခံတပ်တော်ကြီးဟူ၍လည်း သိကြသည်။ သပြေတန်းခံတပ်ကို မူလက ခံတပ်တော်ကြီးဟု အမည်ပေးခဲ့သော်လည်း ရွှေကြက်ယက်တောင်ကုန်းကို အစွဲပြု၍ ရွှေကြက်ယက်ခံတပ်ဟုလည်းကောင်း၊ သပြေတန်းရွာကိုစွဲ၍ သပြေတန်းခံတပ်ဟု လည်းကောင်း ထင်ရှားခဲ့သည်။ ခံတပ်အတွင်းတွင် ဆင်ခြေလျှော အုတ်လမ်းများရှိပြီး စစ်သည်ရဲမက်များနေထိုင်ရန်အခန်းများကို တစ်ခန်းမှတစ်ခန်းသို့ တောက်လျှောက်သွားလာနိုင်ရန် အလယ်တွင် အပေါက်များဖောက်၍ ဆက်သွယ်ထားသည်။ အရာရှိအခန်း၊ ယမ်းတိုက်နှင့် ရေတွင်းတစ်တွင်းတို့လည်း ရှိသည်။ လက်ရှိအချိန်တွင် သပြေတန်းခံတပ်၏ မြောက်ဘက်ခြမ်းသည် စစ်ကိုင်းတံတားချဉ်းကပ်လမ်း၏အောက်၌ ရှိနေပြီး အရှေ့အနောက် ပေ ၄၀၀ ကျော်နှင့် တောင်မြောက် ပေ ၃၅၀ ကျော်ခန့် ရှည်လျားကျယ်ဝန်းသည်။

မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလတွင် ဖြစ်ပွားခဲ့သော တတိယ အင်္ဂလိပ်မြန်မာစစ်ပွဲတွင် အရှေ့ဝင်းတော်မှူး၊ ရတနာသိဃ်မြို့ဝန်၊ ရဲဘက်မြင်းဝန်၊ သတိုးမင်းကြီး မဟာမင်းခေါင်ရာဇာတို့ ဦးစီးသည့် မြန်မာတပ်မတော်သား ၂၀၀၀ ကျော်တို့သည် သပြေတန်းခံတပ်တွင်တပ်စွဲလျက် ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက်လာမည့် ရန်သူအင်္ဂလိပ်များအား တိုက်ခိုက်ရန် အသင့်စောင့်ဆိုင်းနေခဲ့ကြသည်။ သို့သော်လည်း အင်္ဂလိပ်တို့နှင့် စစ်ပြေငြိမ်းရန် ကြိုးစားအားထုတ်နေကြသော လွှတ်တော်အရာရှိကြီးများ၏ မခုခံရဟူသောအမိန့်ကြောင့် မေဂျာဂျင်နရယ် ဒီပရင်းဒါဂစ်တ် ဦးစီးသော ဗြိတိသျှတပ်များက သပြေတန်းခံတပ်ကို သက္ကရာဇ် ၁၂၄၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက် သောကြာနေ့ (၁၈၈၅ ခု နိုဝင်ဘာလ ၂၇ရက်)တွင် တိုက်ခိုက်ခြင်းမပြုရဘဲ သိမ်းပိုက်နိုင်ခဲ့သည်။ သပြေတန်းခံတပ်မှ ခြောက်ပေါင်ဒါ သံသွန်းအမြောက် ခုနစ်လက်၊ ကျည်မွှေ ကြေးအမြောက် ငါးလက်၊ အမြောက်ငယ် နှစ်လက်၊ စိန်ပြောင်း တစ်လက်တို့ကို သိမ်းဆည်းရရှိကြောင်း မဟာရာဇဝင်တော်ကြီးတွင် ရေးသားထားသည်။

သပြေတန်းခံတပ်တွင် ရှေးခေတ်မြန်မာ့လောင်းလှေကြီးတစ်စင်းကို ရှေးဟောင်းသုတေသနဦးစီးဌာနက ပြသထားသည်။ ၁၉၇၉ ခုနှစ်က စစ်ကိုင်းမြို့နယ် နန်းတော်ကျွန်းရွာမှ သစ်ဖောင်လုပ်သားများသည် ရွှံ့ထဲတွင်နစ်မြုပ်နေသည့် ကျွန်းလုံးကြီးတစ်လုံးကိုတွေ့ရှိခဲ့ကြပြီး တူးဖော်ကြရာမှ ကျွန်းလုံးမဟုတ်ဘဲ လောင်းလှေကြီးတစ်စီးဖြစ်နေသည်ကို တွေ့ခဲ့ကြရသည်။ ထိုစဉ်က စစ်ကိုင်းတိုင်းပြည်သူ့ကောင်စီနှင့် မန္တလေး ရှေးဟောင်းသုတေသနဌာနခွဲတို့ညှိနှိုင်းပြီး အဆိုပါလောင်းလှေကြီးကို သပြေတန်းခံတပ်သို့ ရွှေ့ပြောင်းပြသထားခဲ့ခြင်းဖြစ်သည်။ လှေကြီး၏အရွယ်အစားသည် အလျား ၇၈ ပေ၊ ဝမ်းအကျယ် ငါးပေ ခြောက်လက်မဖြစ်သည်။ လှေကြီးကို ရွှေပိန်းချထားသော်လည်း ရွှံ့နွံထဲမှ တွေ့ရှိခဲ့ရခြင်းဖြစ်သောကြောင့် မူလအစိတ်အပိုင်းအများစုမှာ ပျက်စီးဆွေးမြည့်နေကာ သစ်များဖြင့် အစားထိုးဖြည့်စွက်ထားရသည်။

သပြေတန်းခံတပ်၏ အနိမ့်ဆုံးအဆင့်အုတ်ခုံသည် သုံးပေခန့်မြင့်ပြီး မြောက်ဘက်နှင့် အနောက်ဘက်တွင် လက်နက်များသိုလှောင်သည့် အုတ်တိုက်များအပါအဝင် ထုလေးထပ်ရှိသည်။ အရှေ့ဘက်နှင့် တောင်ဘက်တွင်လည်း အခြေခံဖိနပ်နှင့် အုတ်လက်နက်တိုက်များအပါအဝင် ထုသုံးထပ်ရှိသည်။ ခံတပ်အပြင်ဘက် အုတ်ဖိနပ်သည် သုံးပေမြင့်ပြီး လေးပေကျယ်သော ပြင်ညီပတ်လည်ဖြစ်သည်။ ခံတပ်ရိုးသည် ၁၀ ပေမြင့်၍ ဆင်ခြေလျှောသည် ပေ ၂၀ ခန့်ကျယ်သည်။ ခံတပ်ရိုးအခြေကို အုတ်ဖြင့် သုံးပေခန့် ပိုးထားပြီး ခံတပ်ရိုးအောက် လေးပေအနိမ့်တွင် ၂၅ ပေကျယ်သော သူရဲပြေးစင်္ကြံပတ်လည်ရှိသည်။ ထိုစင်္ကြံတစ်ဖက်တွင် ဒုတိယ ခံတပ်ရိုးတစ်ခုကို ထပ်မံတည်ဆောက်ထားသည်။ ဒုတိယခံတပ်ရိုးသည် ပေ ၂၀ မြင့်၍ ဆင်ခြေလျှော ပေ ၂၀ ကျယ်သည်။ ဒုတိယခံတပ်ရိုး အတွင်းမျက်နှာဆင်ခြေလျှောတွင် လေးပေအမြင့် အုတ်ကတုတ် ကာရံထားသည်။ ထို့နောက် ပေ ၂၀ အကျယ် အုတ်စီ သူရဲပြေးစင်္ကြံတစ်ခုရှိသည်။ ထိုဒုတိယစင်္ကြံအောက်တွင် လက်နက်တိုက်များရှိသည်။ အတွင်းဘက်တစ်လျှောက်တွင် လေးပေမြင့်သော အုတ်ကတုတ် ကာရံထားပြီး ခံတပ်အတွင်းပိုင်းသည် ၁၅၅ ပေခန့် ကျယ်ဝန်းသည်။

လက်နက်တိုက်များသို့ လေးဘက်လုံးမှ ဝင်ရောက်နိုင်သည်။ တစ်ဖက်လျှင် ဝင်ပေါက်တစ်ပေါက်စီရှိသည့်အပြင် ခံတပ်ရှေ့ဘက်တွင်လည်း ဝင်ပေါက်ကြီးတစ်ခုရှိသည်။ နောက်ဘက်တွင် ခံတပ်ရိုးနှစ်ခုအကြားနေရာသို့ သွားနိုင်သော မလွယ်ပေါက်တစ်ခု ရှိသည်။ ထိုအပေါက်များအနီးတွင် ခံတပ်ရိုးပေါ်သို့တက်ရန် လှေကားထစ်များ ပြုလုပ်ထားသည်။ အရှေ့ဝင်ပေါက်ကြီးအပေါ်တွင် ရဲမက်များ အလွယ်တကူဆက်သွယ်နိုင်ရန် ပေါင်းကူးတံတားတစ်ခုပြုလုပ်ထားပြီး ဝင်ပေါက်၏ရှေ့တည့်တည့် ပေ ၅၀ အကွာတွင် ကန့်လန့်ဖြတ်ဆောက်ထားသော အရှည်ပေ ၈၀၊ အကျယ်ပေ ၅၀၊ အမြင့် ၁၈ ပေရှိသော မြေတံတိုင်းကြီးတစ်ခုရှိသည်။

အင်္ဂလိပ်တို့နှင့် စစ်ပြေငြိမ်းရန် ကြိုးစားအားထုတ်နေကြသော လွှတ်တော်အရာရှိကြီးများ၏ မခုခံရဟူသောအမိန့်ကြောင့် ဗြိတိသျှတပ်များက သပြေတန်းခံတပ်ကို တိုက်ခိုက်ခြင်းမပြုရဘဲ သိမ်းပိုက်နိုင်ခဲ့သည်။ သပြေတန်းခံတပ်မှ ခြောက်ပေါင်ဒါ သံသွန်းအမြောက် ခုနစ်လက်၊ ကျည်မွှေ ကြေးအမြောက် ငါးလက်၊ အမြောက်ငယ် နှစ်လက်၊ စိန်ပြောင်းတစ်လက်တို့ကို သိမ်းဆည်းရရှိကြောင်း မဟာရာဇဝင်တော်ကြီးတွင် ရေးသားထား . . .

သပြေတန်းခံတပ်ကို ဧရာဝတီမြစ်ကမ်းနဖူး၊ ဧရာဝတီမြစ်နှင့် ဒုဋ္ဌဝတီခေါ် မြစ်ငယ်မြစ်နှင့်ဆုံရာ သန်လျက်စွန်းတွင် ဆောက်လုပ်ထားသည်။ သပြေတန်းသည် မင်းတုန်းမင်းနန်းစိုက်ရာ မန္တလေးနေပြည်တော်နှင့် အနီးဆုံးခံတပ်လည်းဖြစ်ပေသည်။ သီပေါမင်း နန်းတက်ပြီး မကြာမီ ခရစ်နှစ် ၁၈၇၉ ခုနှစ် ဇန်နဝါရီလ ၁ ရက် (၁၂၄၀ ပြည့် ပြာသိုလဆန်း ၁၀ ရက်နေ့) တွင် ခံတပ်ပြီးစီးသည့် အခမ်းအနားကျင်းပခဲ့သည်။

ဒုတိယ အင်္ဂလိပ်-မြန်မာစစ်အပြီးတွင် မြန်မာတို့သည် အထက်မြန်မာနိုင်ငံလုံခြုံရေးကို အထူးဂရုစိုက်ခဲ့ကြရာ ရန်သူများ ရေကြောင်းမှ အလွယ်တကူ ဝင်ရောက်မလာနိုင်ရန် အချက်အချာကျသော နေရာများတွင် ခံတပ်ကြီးများကို တည်ဆောက်ခဲ့ကြသည်။ ခံတပ်များ ဆောက်လုပ်ခြင်း၏ ရည်ရွယ်ချက်သည် ဧရာဝတီမြစ်ကြောင်းမှ ရတနာပုံနေပြည်တော်သို့ ဆန်တက်လာမည့် နယ်ချဲ့ရန်ကို တွန်းလှန်တိုက်ခိုက်ရန်ဖြစ်သည့်အတွက် ခံတပ်သုံးခုကို ဧရာဝတီမြစ်ကြောင်း၏ ဝဲ၊ ယာညှပ်လျက် တြိဂံအနေအထား တည်ဆောက်ခဲ့ခြင်းဖြစ်ပေသည်။

အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံအောက်ပိုင်းတစ်ခုလုံးကို သိမ်းပိုက်ခဲ့ပြီးနောက် ကျန်ရှိနေသေးသော အထက်မြန်မာနိုင်ငံကိုပါ သိမ်းပိုက်ရန်ရည်ရွယ်ထားကြောင်း မင်းတုန်းမင်းကြီးက ရိပ်စားမိခဲ့သည်။ ထို့ကြောင့်လည်း အင်္ဂလိပ်တို့၏ နောက်ထပ်ကျူးကျော်ရန်စမှုများကို ကာကွယ်ရန် ခံတပ်များကို မန္တလေးနေပြည်တော်အနီးတွင် ဆောက်လုပ်စေခဲ့ခြင်းဖြစ်သည်။

အစေခံခံတပ်သည် စစ်ကိုင်းဘက်ကမ်းတွင်တည်ရှိပြီး ယခုအခါတွင် စစ်ကိုင်းဆေးရုံကြီး၏ တောင်ဘက်တွင် မြင်ရသည်။ ခံတပ်က လမ်းအောက်တွင်ရှိနေပြီး ခံတပ်မျက်နှာစာ အရှေ့လမ်းသည် ခံတပ်မှ အထက်ငါးပေခန့်မြင့်သည်။ ခံတပ်၏ မျက်နှာစာဝင်ပေါက် တစ်ဖက်တစ်ချက်တွင် အမြောက်ငယ်တစ်လုံးစီရှိပြီး အမြောက်များ၏ရှေ့ ခံတပ်အဝင်လမ်း တစ်ဖက်စီတွင် 'အစေခံခံတပ်' အမည်ပါ ကျောက်စာတစ်ချပ်နှင့် ခံတပ်သမိုင်းကြောင်းကိုရေးထိုးထားသော ကျောက်စာချပ်ကို စိုက်ထူထားသည်။

မင်းတုန်းမင်းကြီးက အစေခံခံတပ်ကို အီတလီရေတပ်မှ ကွန်မိုဒိုပဲရီနှင့် မိုလီနာတို့ကို ဦးဆောင်ကြီးကြပ်စေပြီး မြန်မာကျွမ်းကျင်သူများနှင့်အတူ တည်ဆောက်ခဲ့သည်ဟု ဆိုသည်။ ၎င်းနေရာသည် စစ်ကိုင်းမြို့မှ လှေထိုးသားများ နေထိုင်ရာ အစေခံအရပ်ဖြစ်သောကြောင့် အစေခံခံတပ်ဟူ၍ အမည်တွင်ခဲ့သည်။ အစေခံခံတပ်သည် စက်ဝိုင်းခြမ်းပုံစံဖြစ်ပြီး မျဉ်းဖြောင့်ဘက်ခြမ်းက စစ်ကိုင်းမြို့ဘက်သို့ မျက်နှာမူထားသည်။

မျဉ်းဖြောင့်ဘက်အခြမ်းတွင် ရှစ်ပေအမြင့်၊ နှစ်ပေထုရှိသည့် အုတ်တံတိုင်းတစ်ခုကို ကာရံထားသော်လည်း ဧရာဝတီမြစ်ဘက်ကို လှည့်ထားသည့် စက်ဝိုင်းခုံးပုံစံ နေရာကို ပေ ၃၀နီးပါးအထူရှိသည့် မြေနှင့် အုတ်နံရံကြီးဖြင့် ကာရံထားသည်။ ယင်းထုတည် ကြီးမားလှသော မြေသားနံရံအပေါ်တွင် ဧရာဝတီမြစ်တစ်လျှောက် ဆန်တက်လာမည့် ရန်သူ့သင်္ဘောများကို အသင့်ချိန်ထားသော အမြောက်လေးစင်းရှိသည်။ ထိုအမြောက်တို့သည် ဆင်ကျုံးခံတပ်မှအမြောက်ထက် သေးငယ်သည်။ ဧရာဝတီမြစ်ကို မျက်နှာမူထားသော ခံတပ်နံရံအပေါ်မှ အရှေ့တောင်ဘက်ကိုကြည့်လိုက်လျှင် အင်းဝမြို့ဟောင်းမှ စေတီပုထိုးများနှင့် ဆင်ကျုံးခံတပ်ကို ခပ်ဝါးဝါးမြင်တွေ့နိုင်ပေသည်။

အစေခံခံတပ်သည် အင်းဝမှ ဆင်ကျုံးခံတပ်ထက် သေးငယ်ကာ တောင်မြောက် ပေ၂၄၀ နှင့် အရှေ့အနောက် ပေ၃၂၀ ခန့်ရှိကြောင်း ကျောက်စာတွင် ဖော်ပြထားသည်။ ခံတပ်အတွင်း တောင်ဘက်နှင့် မြောက်ဘက်တို့တွင် လေးထောင့်ပုံစံ အုတ်တိုက်နှစ်ခုရှိရာ လက်နက်နှင့်ရိက္ခာများ ထားသိုရာနေရာ ဖြစ်နိုင်သကဲ့သို့ စစ်သည်တော်များ အကာအကွယ်ယူသော နေရာလည်း ဖြစ်နိုင်ပေသည်။ ထိုအုတ်တိုက်လေးများသည် တစ်ခုနှင့်တစ်ခု ဖွဲ့စည်းထားပုံ မတူညီကြဘဲ တောင်ဘက်အုတ်တိုက်တွင် ဝဲယာနှစ်ဘက်၌ အခန်းတစ်ခန်းစီရှိသော်လည်း မြောက်ဘက် အုတ်တိုက်တွင်မူ အလယ်တည့်တည့်တွင် ဝင်ပေါက်တစ်ပေါက်ဖောက်ထားသော လေးထောင့်စပ်စပ် အုတ်တိုက်ငယ်လေးတစ်ခုသာ ရှိနေပါသည်။

အစေခံခံတပ်၏ မြောက်ဘက်နံရံရှိ ခပ်သေးသေး တံခါးပေါက်မှ အပြင်ဘက်သို့ထွက်လိုက်လျှင် သစ်ပင်ကြီး တစ်ပင်အောက်တွင် အုတ်တံတိုင်းငယ်တစ်ခု ကာရံထားသော ခပ်နိမ့်နိမ့်အုတ်ဂူသုံးလုံးရှိသည်။ အုတ်ဂူ သုံးလုံးတွင် သေဆုံးသူများ၏အမည်များကို ရေးထိုးထားသည်။ ဂူတစ်လုံးတွင် ၁၈၈၅ ခုနှစ် ဒီဇင်ဘာလ ၂၇ရက် တိုက်ပွဲမှာကျဆုံးသည်ဟုလည်းကောင်း၊ နောက်ဂူတစ်လုံးတွင် ၁၈၈၆ခုနှစ် ဇန်နဝါရီလ ၁၀ရက်နေ့တွင် ကျဆုံးသည်ဟုလည်းကောင်း၊ အခြားဂူတွင်မူ ၁၈၈၆ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် တာဝန်ထမ်းဆောင်စဉ် ကျဆုံးသည်ဟုလည်းကောင်း အင်္ဂလိပ်ဘာသာဖြင့် ရေးထိုးထားသည်။ အဆိုပါရက်စွဲများသည် သီပေါမင်း ပါတော်မူပြီး တစ်လနီးပါးအကြာခန့်ဖြစ်သည်။

သီပေါမင်း ပါတော်မူပြီးစတွင် ကနောင်မင်းသား၏ သားတော် ကျွန်းညွန့်မင်းသားခေါင်းဆောင်သည့် မျိုးချစ်မြန်မာတပ်သားများသည် စစ်ကိုင်း အစေခံခံတပ်အနီးတွင် အင်္ဂလိပ်တို့ကို တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။ အုတ်ဂူတွင်ရေးထိုးထားသောရက်စွဲများသည် သီပေါမင်း ပါတော်မူပြီးစအချိန်ဖြစ်သောကြောင့် အုတ်ဂူတွင်မြှုပ်နှံထားသူများသည် ကျွန်းညွန့်မင်းသား ဦးဆောင်သည့် မြန်မာမျိုးချစ်တို့၏ လက်ချက်ဖြင့် ကျဆုံးသွားရသူများဖြစ်နိုင်ကြောင်း ယူဆကြသည်။

နယ်ချဲ့တို့၏ မြန်မာနိုင်ငံအားသိမ်းပိုက်ရန် ကြံစည်ခဲ့မှုများကို ရိပ်စားမိခဲ့သော မြန်မာတို့သည် လက်နက်အင်အား မမျှတကြောင်း သိရှိထားကြသော်လည်း မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးကို အသက်ပေးကာကွယ်နိုင်ရန် ဧရာဝတီမြစ်ရိုးတစ်လျှောက် ခံတပ်များဆောက်လုပ်ခဲ့သည်။ ဧရာဝတီ မြစ်ရိုးတစ်လျှောက်တွင် ဆင်ပေါင်ဝဲ စစ်အောင်ခန်း ခံတပ်၊ ပန်းတော်ပြင် ကတုတ်၊ ထူးပေါက်ကတုတ်၊ မင်းလှ ခံတပ်၊ ဂွေးချောင်း ခံတပ်စသည်ဖြင့် ခံတပ်များကို တည်ဆောက်ခဲ့သည်။ ယင်းတို့အနက် ရန်သူကို နှစ်ဖက်ညှပ်၍တိုက်ခိုက်နိုင်ရန် ရည်ရွယ်လျက် သုံးပွင့်ဆိုင်တည်ဆောက်ထားသည့် ဆင်ကျုံး၊ သပြေတန်းနှင့် အစေခံခံတပ်သုံးခုတို့သည် မြန်မာတို့၏ အလွန်ထူးခြားသည့် ကာကွယ်ရေးစံနစ်တစ်ခုဖြစ်လေရာ မြန်မာ့သမိုင်းကို စိတ်ဝင်စားကြသူတိုင်း သွားရောက်လေ့လာ သင့်ကြပါပေသည်။

**ကိုးကား–မဟာရာဇဝင်တော်ကြီး(ဦးမောင်မောင်တင်)**

## မူးမြစ်ကမ်းပါးပြို၍ ပြောင်းရွှေ့ရသော အိမ်ထောင်စုများအား ထောက်ပံ့ငွေများပေးအပ်

**ရွှေဘို စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဩဂုတ်လအတွင်းက မိုးသည်းထန်စွာရွာသွန်းပြီး ရွှေဘိုခရိုင်အတွင်း မူးမြစ်ရေမြင့်တက်တိုက်စားမှုကြောင့် ကမ်းပါးပြိုကျ၍ ပြောင်းရွှေ့ခဲ့ရသည့် အိမ်ထောင်စုများအား ခရိုင်နှင့်မြို့နယ် စီမံခန့်ခွဲမှုကော်မတီများက ထောက်ပံ့ငွေများ စက်တင်ဘာ ၁၇ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။ ရွှေဘိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည့် ထောက်ပံ့ငွေပေးအပ်ပွဲတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထူးလွင်က အဖွင့်အမှာစကားပြောကြားပြီး မူးရေ တိုက်စားပြီး ကမ်းပါးပြိုကျ၍ ပြောင်းရွှေ့ခဲ့ရသည့် ရွှေဘိုမြို့နယ် ဆင်အင်းကျေးရွာအုပ်စု မအူပင်ကျေးရွာမှ အိမ်ထောင်စု ၁၀ စုအား တစ်အိမ်ထောင်လျှင် ငွေကျပ်ရှစ်သောင်းနှုန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မအူပင်ကျေးရွာမှ ပြောင်းရွှေ့ခဲ့ရသော အိမ်ထောင်စုဝင်တစ်ဦးဖြစ်သည့် ဦးသက်အောင်က ပြောင်းရွှေ့ရသော အိမ်ထောင်စုများအတွက် နေအိမ်များ ပြန်လည်ဆောက်လုပ်ရန် ဝင်းမြေများကို ကျေးရွာမြေယာစီမံခန့်ခွဲရေးကော်မတီနှင့် ညှိနှိုင်း၍ ပြန်လည်ဝယ်ယူနိုင်ရန် ဆောင်ရွက်ပေးသည့်အပြင် နေအိမ်များပြန်လည်ဆောက်လုပ်ရန် ခရိုင်နှင့် မြို့နယ် စီမံခန့်ခွဲမှုကော်မတီများက တတ်အားသရွေ့ကူညီထောက်ပံ့ခြင်းအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

**(ခရိုင် ပြန်/ဆက်)**




**(၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြည်သူ့ဆေးရုံ၌ ညောင်လေးပင်၊ ပိန်းဇလုပ်၊ ပြွန်တန်ဆာနှင့်မဒေါက်မြို့နယ်မှ ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ စက်တင်ဘာ ၂၀ ရက်က ဆောင်ရွက်စဉ်။** နေလင်း(ညလပ)

# ချင်းတောင် ပန်းသီးအထွက်နည်းပြီး အရောင်းအဝယ်အေး

**တီးတိန် စက်တင်ဘာ ၂၁**

ချင်းပြည်နယ်တွင် နှစ်စဉ်အထွက်နှုန်းကောင်းမွန်ခဲ့သော ချင်းတောင်ထွက်ပန်းသီးများ ယခုနှစ် ရာသီဥတုဖောက်ပြန်မှုကြောင့် ယခင်နှစ်များနှင့်မတူဘဲ ထွက်ရှိမှုနည်းပါးလာကြောင်း သိရသည်။

ချင်းတောင်တွင် ပန်းသီးခင်းကို တီးတိန်မြို့နယ်၌ အများဆုံးစိုက်ပျိုးမှုရှိသော်လည်း ယခုနှစ်အသီးသီးချိန် အပူရှိန်ပြင်းထန်မှု၊ မိုးသည်းထန်စွာရွာသွန်းမှုများနှင့် စိုက်ပျိုးမှုနည်းစနစ် ပံ့ပိုးမှုအားနည်းသည့်အတွက် ချင်းတောင်ပန်းသီးများမှာ အဆင့်မီဈေးကွက်ဝင် ဖြစ်မလာဘဲ အလုံးသေးအချဉ်ဓာတ်များသည့် ပန်းသီးများအဖြစ်သာ တွေ့ရသည်။

"ဒီနှစ်မှာတော့ အသီးသီးချိန်မှာ မထင်မှတ်တဲ့ ရာသီဥတုဆိုးရွားမှုဒဏ်တွေကြောင့် အသီးတင်မှု အားနည်းပြီး အရင်နှစ်ကထက် အထွက်နည်းတယ်။ ချင်းတောင်မှာ ပန်းသီး ၁၀ မျိုးဝန်းကျင်လောက် စိုက်ကြတယ်။

ဟိုတုန်းကတော့ စိမ်းသီးကို အများဆုံးစိုက်ကြတယ်။ အခုတော့ အောသီး၊ ကိုရီကိုသီး၊ ဂျပန်သီး၊ ယောနသန်သီး၊ ဒေါင်သီးဆိုတဲ့ ပန်းသီးတွေကို ဈေးကွက်ထဲမှာ တွေ့ရတယ်။ ချင်းတောင်ထွက် ပန်းသီးတွေထဲမှာ အဆင့်မီ ပန်းသီးတွေကတော့ အိုင်ဝါသီးနှင့် ရှုဘီသီးကို လူကြိုက်များတယ် "ဟု တီးတိန်မြို့နယ် ဘွင်ကျေးရွာမှ ပန်းသီးခြံပိုင်ရှင် ဦးဒိုဇနန်က ပြောသည်။

ချင်းတောင်ပေါ်တွင် ပန်းသီးကို ဟားခါး၊ ဖလမ်း၊ တီးတိန်ဒေသတိုင်းတွင် စိုက်ပျိုးမှုရှိသော်လည်း တီးတိန်မြို့နယ် ဘွင်၊ ဗန်တဲ့၊ လိုဖေ၊ ဆွောင်ပီး၊ ဒိမ်ပီးနှင့် လေးဒေါ့ကျေးရွာဒေသများတွင် အများဆုံးစိုက်ပျိုးမှုရှိကြောင်း သိရသည်။

တီးတိန်မြို့နယ်ထွက် ပန်းသီးကို ထင်းရှူးသေတ္တာဖြင့်ရိုက်ပြီး တစ်ဖက်နိုင်ငံ မြန်မာ-အိန္ဒိယနယ်စပ် မီဇိုရမ်ပြည်နယ်သို့ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှတစ်ဆင့် ကလေးဝ၊ မုံရွာ၊ မန္တလေး၊ ရန်ကုန်မြို့များသို့ လည်းကောင်း၊ ချင်းတွင်းမြစ်ဖျားဒေသသို့ လည်းကောင်း နှစ်စဉ်တင်ပို့ရောင်းချကြသည်။

ယခုရက်ပိုင်းအတွင်း ကလေးမြို့ ဈေးကွက်ရောက် ချင်းတောင်ပန်းသီး တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ မှ ကျပ် ၃၀၀၀ အထိ ပန်းသီးအမျိုးအစားအလိုက် ပေးဝယ်ကြကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**



# ရေးမြို့ အဏ္ဏဝါအဝေးပြေး အဆင့်မြင့်ယာဉ်ရပ်နားစခန်း အိတ်ဖွင့်တင်ဒါထုတ်ပြန်

**ရေး စက်တင်ဘာ ၂၁**

မွန်ပြည်နယ် ရေးမြို့ အဏ္ဏဝါ အဝေးပြေးယာဉ် အဆင့်မြင့်ယာဉ်ရပ်နားစခန်း အိတ်ဖွင့်တင်ဒါထုတ်ပြန်လျက်ရှိရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ စက်တင်ဘာ ၁၉ ရက်က ကျင်းပရာ ကောင်းစုအေးကုမ္ပဏီက တင်ဒါအောင်ကြောင်း သိရသည်။ ထို့ကြောင့် အဝေးပြေး အဆင့်မြင့် ယာဉ်ရပ်နားစခန်း ဆက်လက် စီမံကိန်းများကို အကောင်အထည်ဖော်နိုင်ရန် သက်ဆိုင်ရာ မွန်ပြည်နယ်အစိုးရ အဖွဲ့ဝင်များထံသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆုံးအဖြတ်ရယူကာ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးထွန်း(ရေး)**

# မြစိမ်းရောင်ကျေးရွာများ ကွင်းဆင်းစစ်ဆေး

**အုတ်ဖို စက်တင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့ ကျွန်းကုန်းကျေးရွာသို့ စက်တင်ဘာ ၁၆ရက်က သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးဦးမင်းမောင်၊ မြို့နယ်ဦးစီးမှူးနှင့်အတူ ငွေစာရင်းဖြည့်သွင်းထားရှိမှုနှင့် မြစိမ်းရောင်လုပ်ငန်းများဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ကော်မတီများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင်ကျေးရွာများဖြစ်ကြသည့် ချောင်းဝ(ဂျီ)ကျေးရွာ၊ အုတ်သျှစ်ကုန်းကျေးရွာ၊ ရှမ်းကုန်းကျေးရွာ၊ ကြက်ဆူတောကျေးရွာ၊ ဂုံမင်းရှိုကျေးရွာများကိုလည်း ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

**(၀၉၈)**





# မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ အကြိုသတင်းစာရှင်းလင်း

**မန္တလေး စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး မြန်မာ့ရိုးရာလက်ဝှေ့ဆပ်ကော်မတီကကြီးမှူး၍ စွမ်းကေကေလက်ဝှေ့ကလပ်အသင်းက စီစဉ်သည့် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပြိုင်ပွဲ အကြိုသတင်းစာရှင်းလင်းပွဲကို စက်တင်ဘာ ၁၆ ရက်က မန္တလေးမြို့ ၈၄ လမ်း၊ ၃၂× ၃၃ လမ်းကြားရှိ ဒီအမ်ဂျီစားသောက်ဆိုင်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ စွမ်းကေကေရိုးရာလက်ဝှေ့ကလပ်အသင်းပိုင်ရှင် ဦးသောင်းရွှေက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စွမ်းကေကေရိုးရာလက်ဝှေ့ကလပ်အသင်းနည်းပြချုပ် ဦးမောင်မောင်၊ တိုင်းဒေသကြီးရိုးရာလက်ဝှေ့ဆပ်ကော်မတီမှ ဦးတင်ဝင်း(ကီးမား)တို့က ပြိုင်ပွဲစီစဉ်ထားရှိမှုနှင့် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများအကြောင်းနှင့် တိုင်းဒေသကြီးဂုဏ်ဆောင် မျိုးဆက်သစ်ရိုးရာလက်ဝှေ့အားကစားသမားများ ပေါ်ထွန်းရေးအတွက် မန္တလေးမြို့ ကန်တော်ကြီးဂရင်းမြက်ခင်းပြင်တွင် စက်တင်ဘာ ၂၉ ရက်တွင် ကျင်းပမည့် စိန်ခေါ်ပွဲ၌ မန္တလေး၊ စစ်ကိုင်း၊ စဥ့်ကိုင်၊ ရန်ကုန်၊ ဘားအံနှင့် သထုံဒေသတို့မှ အသက်ခြောက်နှစ်အရွယ် မျိုးဆက်သစ်လက်ဝှေ့လူငယ်များနှင့် ရိုးရာလက်ဝှေ့ကျော်များ ပါဝင်ယှဉ်ပြိုင်ထိုးသတ်ကြမည့် အစီအစဉ်များဖြင့် သုံးချီပြိုင်ပွဲ သုံးပွဲ၊ လေးချီပြိုင်ပွဲ နှစ်ပွဲ၊ ငါးချီပြိုင်ပွဲ ခုနစ်ပွဲပါဝင်မည်ဖြစ်ကာ ဝင်ကြေးအဖြစ် ငွေကျပ် ၇၀၀၀၊ ၁၀၀၀ သတ်မှတ်ထားကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ထိုင်းနိုင်ငံ ပထုန်ဌာနီခရိုင်တွင် တရားမဝင် အလုပ်သမားများအား စစ်ဆေးအရေးယူ

**ကော့သောင်း စက်တင်ဘာ ၂၁**

ထိုင်းတပ်မတော်နှင့် တရားမဝင်အလုပ်သမား နှိမ်နင်းရေးရဲတပ်ဖွဲ့ ၅၀၀ ကျော်ဖြင့် ထိုင်းနိုင်ငံ ပထုန်ဌာနီခရိုင်ရှိ တလတ်ထိုင်းဈေးကြီးအတွင်း စက်တင်ဘာ ၁၇ ရက် ညသန်းခေါင်ယံက တရားမဝင်အလုပ်သမားများကို ဝင်ရောက်စစ်ဆေးဖမ်းဆီး အရေးယူမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဈေးသည် ရွှေ့ပြောင်းမြန်မာအလုပ်သမား အမြောက်အမြား သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်း၊ ရွှေ့ပြောင်း အလုပ်သမားတည်းခိုနေထိုင်သည့် အလုပ်သမားအဆောင် Apartment များသို့လည်း ဝင်ရောက်ဖမ်းဆီးမှုများ ပြုလုပ်ကြောင်း၊ အထောက်အထားမပြည့်စုံသည့် ရွှေ့ပြောင်းအလုပ်သမားများအား ဖမ်းဆီးခြင်း၊ အထောက်အထား ပြည့်စုံသည့် ရွှေ့ပြောင်း အလုပ်သမားများကို မူးယစ်ဆေးဝါးသုံးစွဲမှုရှိမရှိ စိစစ်၍ မူးယစ်ဆေးဝါးသုံးစွဲထားသည်ကို တွေ့ရှိပါက ဥပဒေအရ ဖမ်းဆီးအရေးယူခဲ့ကြောင်း၊ အထောက်အထားပြည့်စုံသူများကို ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဈေးအတွင်းအလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား အများစုသည် အထောက်အထားပြည့်စုံသူ များပြားကြောင်း၊ အဆိုပါနေ့ စစ်ဆေးအရေးယူမှုတွင် အထောက်အထား မပြည့်စုံသည့် ရွှေ့ပြောင်းမြန်မာအလုပ်သမား ၂၅ ဦးနှင့် မူးယစ်ဆေးဝါးသုံးစွဲသူ ၁၅ ဦး စုစုပေါင်း ၄၀ ဖမ်းဆီးအရေးယူခံရကြောင်း သိရသည်။ **ကျော်စိုး(ပြန်/ဆက်)**

# အချုပ်သစ် အကျဉ်းသားတစ်ဦးထံမှ မူးယစ်ဆေးဝါး သိမ်းဆည်းရမိ

**ကသာ စက်တင်ဘာ ၂၁**

စက်တင်ဘာ ၁၈ ရက်က ကသာအကျဉ်းထောင်ရှိ အချုပ်သစ်အကျဉ်းသားတစ်ဦးထံမှ မူးယစ်ဆေးဝါးသိမ်းဆည်းရမိကြောင်း သတင်းရရှိသဖြင့် ကသာမြို့မရဲစခန်းက သွားရောက်စစ်ဆေးခဲ့သည်။ ခရိုင်တရားရုံး၌ တရားစွဲခံထားရသည့် ဝင်းဖေအား ကသာအကျဉ်းထောင်၌လက်ခံစဉ် အကျဉ်းထောင်တာဝန်မှူးနှင့်အဖွဲ့က စစ်ဆေးခဲ့ရာ ၎င်းတွင်ပါရှိလာသည့် ဘိန်းဖြူအမှုန့်ထုပ် ၀ ဒသမ ၀၀၁ ဂရမ်အား စစ်ဆေးတွေ့ရှိရသည်။

ဝင်းဖေ၏အစစ်ခံချက်အရ မူးယစ်ဆေးဝါးများကို စက်တင်ဘာ ၁၈ ရက်က ခရိုင်တရားရုံးထုတ်စဉ် ၎င်း၏ဇနီး မအေးပိုက လာရောက်ပေးပို့ခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးနှင့်အတူတွေ့ရှိသူ ဝင်းဖေ (၃၁နှစ်)ကို ကသာမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

## မှုခင်းသတင်းများ

# ဆိုးဆေးပါ စားသောက်ကုန်များ မီးရှို့ဖျက်ဆီး

**မန်စီ စက်တင်ဘာ ၂၁**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့၌ ကျောင်းသားလူငယ်များနှင့် ပြည်သူများ၏ ကျန်းမာရေးအတွက် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်မှုကော်မတီအဖွဲ့ဖြစ်သည့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နောင်ဖြူနှင့် မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးဇော်လွင်ဦးတို့ ဦးဆောင်သည့်အဖွဲ့က မြို့အတွင်းရှိ ကုန်စုံဆိုင်များနှင့် စာသင်ကျောင်းပတ်ဝန်းကျင်ရှိ မုန့်ဆိုင်များတွင် ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသည့်မုန့်များ (တစ်ဖက်နိုင်ငံလုပ်အစပ်ပြား) နှင့် အရောင်ဆိုးဆေးပါ စားသောက်ကုန်များ ရောင်းချမှုမရှိစေရန် စက်တင်ဘာ ၁၆ ရက် နံနက်က စတင်၍ လိုက်လံစစ်ဆေးသိမ်းဆည်းပြီး မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# ကျောက်တံခါးမြို့တွင် ကုန်တင်ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်

**ကျောက်တံခါး စက်တင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မူခရမ်းကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ် (၁၁၃/၄) အနီးတွင် စက်တင်ဘာ ၁၉ ရက်က ကုန်တင်ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ဇော်ဇော်အောင် (၃၈နှစ်) ပျဉ်းမနားမြို့နေသူ မောင်းနှင်သည့် ID/ ---နီဆန်း ဒီဇယ် ၁၂ ဘီးယာဉ်အား မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ရဲဝင်းအောင် (၂၃နှစ်) ကျောက်ဆည်မြို့နေသူ မောင်းနှင်သော 9B/ --- ဖူဆိုပြာကျား ၁၂ ဘီးယာဉ်က အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိပြီး ဇော်ဇော်အောင်မောင်းနှင်လာသော ယာဉ်ကိုဝင်တိုက်မိခဲ့ရာ ယာဉ်နောက်လိုက် ချမ်းငြိမ်းတွင် ဒဏ်ရာများရရှိကြောင်းနှင့် ယာဉ်နှစ်စီးစလုံး ပျက်စီးခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၁**

လောက်ကိုင်ယာဉ်ထိန်းတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များသည် လောက်ကိုင်မြို့တွင်း၌ စက်တင်ဘာ ၁၈ ရက်က ယာဉ်စည်းကမ်းထိန်းသိမ်းရေးဆောင်ရွက်စဉ် ကျူဖန်ကျေးရွာဘက်မှ ကျင်ဟိုင်လမ်းဘက်သို့ လီစွပ်သိုင်းမောင်းနှင်ပြီး မနန်းအေးရွှေ လိုက်ပါလာသည့် မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးမှုန့် ၆ ဒသမ ၈ ကီလို၊ တရုတ်ငွေ ယွမ် ၂၆၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ စက်တင်ဘာ ၁၈ ရက်က မူးယစ်တပ်ဖွဲ့စု (၂၆) ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မော်ဘီတံတားဘက်မှ ပင်လောင်းဘက်သွား ကားလမ်း မိုင်တိုင် (၄၂/၃) အနီးတွင် စောအောင် (ခ)သားငယ် မောင်းနှင်ပြီး တီးရယ် လိုက်ပါလာသည့် ယာဉ်အမှတ် YGN 2D/ --- ၊ MARK II မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**ကိုရဲ**

# ဘားအံမြို့နယ်၌ စိတ်ကြွဆေးပြားများနှင့်အတူ လက်ပစ်ဗုံးတစ်လုံးဖမ်းဆီးရမိ

**ဘားအံ စက်တင်ဘာ ၂၁**

ကရင်ပြည်နယ် ဘားအံမြို့နယ် အုန်းတပင် ကျေးရွာအုပ်စု ဗျိုင်းတောင်ကျေးရွာရှိ နေအိမ်တစ်လုံးတွင် မူးယစ်ဆေးဝါးရောင်းချနေသော သတင်းအရ အိန္ဒြိနယ်မြေရဲစခန်းမှူး ဦးဆောင်သော တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၈ ရက် ညနေပိုင်းက သွားရောက်ဖမ်းဆီးခဲ့ရာ WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြားများနှင့် လက်ပစ်ဗုံးတစ်လုံးကို ဖမ်းဆီးရမိခဲ့ကြောင်း ရဲတပ်ဖွဲ့ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဖြစ်စဉ်မှာ ဗျိုင်းတောင်ကျေးရွာနေ အကျော(ခ)သန်းစိုး(၃၃ နှစ်)၏နေအိမ်တွင်မူးယစ်ဆေးဝါးရောင်းချနေကြောင်း သတင်းအရ အိန္ဒြိနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် ဇော်နိုင်အောင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေခဲ့ရာ အကျော(ခ)သန်းစိုးမှာ နေအိမ်ပေါ်မှခုန်ချထွက်ပြေးသွားခဲ့သည်။

၎င်းအားလိုက်လံဖမ်းဆီးရာ နေအိမ်မှ ပေ ၅၀ ခန့်အကွာတွင် လုံးထွေးဖမ်းဆီးရမိခဲ့ပြီး သက်သေများရှေ့တွင် ၎င်း၏ခန္ဓာကိုယ်အား ရှာဖွေရာ ဝတ်ဆင်ထားသည့် အဖြူရောင် ကွာတားဘောင်းဘီတို ဝဲဘက်အိတ်ကပ်အတွင်းမှ ပလတ်စတစ်ဘူးခွံဖြင့် ထည့်ထားသည့် WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၁၀ ပြားကို သိမ်းဆည်းရမိပြီး နေအိမ်အတွင်း ဆက်လက်ရှာဖွေရာ ဖြူးစ်တပ်ပြီး 91 လက်ပစ်ဗုံးတစ်လုံး၊ ခြောက်လုံးပြူးသေနတ်ပုံစံ သတ္တုကိုယ်ထည် ဂတ်(စ်)မီးခြစ် တစ်လုံး၊ ခြောက်လုံးပြူးထည့်သည့် သေနတ်အိတ် တစ်ခု၊ အစိမ်းရောင် ပြောက်ကျားအင်္ကျီ လက်ရှည်တစ်ထည်၊ ပြောက်ကျားဘောင်းဘီရှည်၊ ပြောက်ကျား ဦးထုပ်နှင့် လည်ရှည် ဖိနပ်၊ စစ်ရောင် ဘေးလွယ်အိတ်၊ ဟွန်ဒါအမျိုးအစား ဆိုင်ကယ်တစ်စီးတို့ကို တွေ့ရှိသိမ်းဆည်းခဲ့သည်။

အမှုနှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများ သုံးစွဲဖြန့်ဖြူးရောင်းချပြီး တရားမဝင် လက်နက်ခဲယမ်းများ လက်ဝယ်ထားရှိသူ အကျော(ခ)သန်းစိုးအား အိန္ဒြိနယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်နိုင်အောင်က တရားလိုပြုတိုင်တန်းခဲ့ရာ အိန္ဒြိနယ်မြေရဲစခန်း၌ အမှုဖွင့်ထားပြီး အမှုစစ်ဒုရဲအုပ် သက်ဇင်ဦးက ဆက်လက်စစ်ဆေးလျက်ရှိကြောင်းသိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**




# ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၄.၉.၂၀၁၅ ရက်နေ့၊ **Kempinski Hotel - Naypyitaw** ၌ ကျင်းပပြုလုပ်သော အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် **"Euromoney"** အဖွဲ့အစည်း၏ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံမှ **ကမ္ဘောဇဘဏ်လီမိတက်** အား

**" Best Bank in Myanmar - 2015 "**

ဆုနှင့်

**"Euromoney Achievement Award for Corporate Social Resposibility (CSR)"**

ဆုတို့ကိုပေးအပ်ချီးမြှင့်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ယခုထက်ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူများ အကျိုးစီးပွားအတွက်လည်း ပိုမိုထောက်ကူအကျိုးပြုနိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

EUROMONEY AWARDS FOR EXCELLENCE 2015

EUROMONEY ACHIEVEMENT IN CSR 2015

ဦးကိုကိုထူး
ဥက္ကဋ္ဌ
မြန်မာ့စက်မှုဆိပ်ကမ်း (MIP)

# စားသုံးရန်မသင့်သောအေးခဲအသားများကို ဖျက်ဆီး

**တာချီလိတ် စက်တင်ဘာ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့နယ် တာချီလိတ် မယ်ယန်းကုန်သွယ်ရေးစခန်း မိုဘိုင်းအဖွဲ့က ဖမ်းဆီးရမိထားသည့် စားသုံးရန်မသင့်သော စားသောက်ကုန်ပစ္စည်းမျိုးစုံ တန်ဖိုးကျပ် ၈၉၇၀၀၀ နီးပါးကို စက်တင်ဘာ ၁၇ ရက်က မီးရှို့မြေမြှုပ်၍ ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖျက်ဆီးခဲ့သော စားသောက်ကုန်များမှာ FDA ခွင့်ပြုချက်မပါသော စားသုံးရန်မသင့်သည့် ထိုင်းနိုင်ငံမှ ကြက်ဥများ၊ Kitchen of the World CP တံဆိပ်ပါ အေးခဲကြက်သားများ၊ တံဆိပ်မပါသော အသားတုနှင့် အေးခဲအသား ၂၉၉ ကီလိုဖြစ်ပြီး မယ်ယန်းကုန်သွယ်ရေးစခန်းမိုဘိုင်းအဖွဲ့တာဝန်ခံ ညွှန်ကြားရေးမှူး ဦးတင်ရဲဝင်းနှင့်အဖွဲ့က စက်တင်ဘာ ၁၇ ရက်တွင် ဝမ်ကောင်းမွန်ကျေးရွာအနီး၌ Mobile Team တာဝန်ထမ်းဆောင်နေစဉ် တာချီလိတ်မှလာသော မော်တော်ဆိုင်ကယ်လေးစီးပေါ်၌ တရားမဝင်သယ်ဆောင်လာသော ပီနံအိတ် ခြောက်အိတ်အတွင်းမှ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဖမ်းဆီးရမိ အေးခဲအသားများကို အဖွဲ့စုံဖြင့် ဖွင့်ဖောက်စစ်ဆေးပြီး တာချီလိတ်မြို့ အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ အကောက်ခွန်အမှုတွဲဖွင့်လှစ်ကာ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တာချီလိတ်ကုန်သွယ်ရေးစခန်း တာဝန်ခံ ညွှန်ကြားရေးမှူး ဦးတင်ရဲဝင်း ဦးဆောင်သော အဖွဲ့များက တာချီလိတ်မြို့ ဝမ်ကောင်းမွန်ကျေးရွာအနီး၌ စနစ်တကျ မီးရှို့မြေမြှုပ်ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။

**မြင့်မိုရ်(တာချီလိတ်)**



# ရဲတပ်ဖွဲ့နေ့ဂုဏ်ပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မကွေး စက်တင်ဘာ ၂၁**

(၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အကြိုလှုပ်ရှားမှုအဖြစ် မကွေးမြို့ကျောင်းထိုင်ဘုန်းတော်ကြီး သင်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ရဲတပ်ဖွဲ့ဝင် ၂၀၀ ကျော်က စက်တင်ဘာ ၁၉ ရက်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလူလူသန်း၊ တိုင်းဒေသကြီး ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်စိုးဝင်း၊ ဒုရဲမှူးကြီး မောင်မောင်အေးတို့ဦးဆောင်၍ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၆၀၊ ရဲအကူတပ်ဖွဲ့ခွဲမှူးရုံးမှ တပ်ဖွဲ့ဝင် ၅၀၊ မကွေးခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၆၅ ဦးနှင့် မကွေးမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မကွေးမြို့မရဲစခန်း၊ မကွေးနယ်မြေရဲစခန်း၊ မကွေးယာဉ်ထိန်းတပ်ဖွဲ့၊ မကွေးသတင်းတပ်ဖွဲ့ခွဲ၊ အမှတ်(၁၅)မူးယစ်တပ်ဖွဲ့စုမှူးရုံး၊ အမှတ်(၂) မှုခင်းတပ်ဖွဲ့စုမှူးရုံး၊ အမှတ်(၂) လူကုန်ကူးမှုတိုက်ဖျက်ရေးတပ်ဖွဲ့စုများမှ အရာရှိနှင့် အခြားအဆင့် တပ်ဖွဲ့ဝင် ၂၃၈ ဦးတို့က စုပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**ဇေယျာတု(မကွေး)**


# ဂုဏ်ယူဝမ်းမြောက်ခြင်း

အမေရိကန်နိုင်ငံ Microsoft Corporation နှင့်
မြန်မာနိုင်ငံ KBZ Bank, KBZ Group တို့သည်
IT နည်းပညာများ ကမ္ဘာ့အဆင့်မီ အဆင့်မြှင့်တင်နိုင်ရန်နှင့်
ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရန်၊
စက်တင်ဘာ (၁၈)ရက်နေ့တွင် ရန်ကုန်မြို့ Sedona Hotel ၌
နှစ်ဖက်သဘောတူ စာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းအတွက်
KBZ Bank, KBZ Group အတွက်သော်လည်းကောင်း၊
မြန်မာနိုင်ငံအတွက်သော်လည်းကောင်း အထူးဂုဏ်ယူ
ဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဦးကိုကိုထူး
ဥက္ကဋ္ဌ
မြန်မာ့စက်မှုဆိပ်ကမ်း (MIP)

# ထီလုံ-တာပေါင်လမ်းပေါ်ရှိ ကော့ပေါအင်းတံတားဖွင့်



**ဘားအံ စက်တင်ဘာ ၂၁**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ်ထီလုံ-တာပေါင်လမ်းပေါ်ရှိ ကော့ပေါအင်းတံတားတည်ဆောက်ပြီးစီးသွားပြီဖြစ်သဖြင့် ဖွင့်ပွဲကိုစက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ကျင်းပကြသည်။**(ဓာတ်ပုံ)**

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တံတားဦးစီးဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်တို့က ကော့ပေါအင်းတံတားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ကရင်ပြည်နယ် ခေတ္တဝန်ကြီးချုပ်က ကမ္ပည်း မော်ကွန်းကျောက်စာတိုင်ကိုစက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အဆိုပါတံတားကြီးကိုတံတားဦးစီးဌာန တည်ဆောက်ရေး အဖွဲ့(၃)၊ တံတားအထူးအဖွဲ့ (၁၀)မှ ၂၀၁၄ခုနှစ်ဧပြီ ၁ ရက် တွင်အရှည် ပေ ၂၇၀ ရှိ သံကူကွန်ကရစ်တံတားကို စတင်တည်ဆောက်ခဲ့ပြီး ယခုအခါပြီးစီးသွားသောကြောင့် ဘားအံ-လှိုင်းဘွဲ့ လမ်းမကြီးမှ ခွဲထွက်သွားပြီး ထီလုံ၊ တာပေါင်၊ ထန်းတစ်ပင်၊ နောင်ဘိုကြီး၊ နဘူး၊ ပတကျေးရွာများမှတစ်ဆင့် ပိုင်ကျုံမြို့သို့လည်းကောင်း၊ ကော့ကရိတ်ခရိုင်၊ မြဝတီခရိုင်များသို့လည်းကောင်း ကူးလူးဆက်သွယ်သွားလာနိုင်သော လမ်းမကြီးပေါ်တွင်ရှိသော တံတားကြီးတစ်စင်းဖြစ်သောကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်စေရေးအတွက် များစွာအကျိုးရှိစေမည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

# ထိုင်းနိုင်ငံအဖွဲ့ တာချီလိတ်လူကုန်ကူးမှုတားဆီးရေးရုံးသို့ ချစ်ကြည်ရေးလာရောက်



**တာချီလိတ် စက်တင်ဘာ ၂၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့တွင် စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၁၂ နာရီခွဲက မြန်မာ-ထိုင်း နယ်ခြားကော်မတီ၏ စီစဉ်မှုဖြင့် ထိုင်းနိုင်ငံ မဲဆောက်နယ်စပ် လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေး (BCATIP) အဖွဲ့ခေါင်းဆောင် မှူးခင်းဥပဒေရုံးမှ မှူးခင်းရှေ့နေ နိုင်းခုံးမ်ကရစ်ဆူဝပ် ဦးဆောင်သော အဖွဲ့ဝင် ၃၀ တို့သည် တာချီလိတ်-မယ်ဆိုင် BCATIP အဖွဲ့ဝင်များ၏ နှစ်နိုင်ငံပူးပေါင်း လုပ်ငန်းစဉ်များနှင့် လက်ရှိ ဆောင်ရွက်မှုအခြေအနေများအား လာရောက်လေ့လာရန် တာချီလိတ်လူကုန်ကူးမှုတားဆီးရေးရုံးသို့ ချစ်ကြည်ရေးခရီးစဉ်ဖြင့် လာရောက်လေ့လာခဲ့ကြောင်း သိရသည်။

အဆိုပါ လေ့လာရေးအဖွဲ့အား တပ်ဖွဲ့စိတ်မှူး ယာယီရဲမှူး ရင်ရင်အေးက လက်ရှိနိုင်ငံတော်မှ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ အတူတကွပူးပေါင်း ဆောင်ရွက်ရန်၊ လူကုန်ကူးမှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွင်း လူကုန်ကူးမှုအသိပညာပေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ရန်၊ လူကုန်ကူးမှုများကို ဥပဒေနှင့်အညီ အမှုခိုင်မာစွာ တည်ဆောက်၍ တရားစွဲတင်ပို့ရေး၊ လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးနှင့် ၎င်းတို့ဘဝ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် စသည့်ကဏ္ဍကြီး(၅)ရပ်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ စတင်ဖွဲ့စည်းမှု၊ မြန်မာ-ထိုင်းနှစ်နိုင်ငံ BCATIP အဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖော်ထုတ်ခဲ့သော လူကုန်ကူးမှု၊ လူပျောက် တိုင်တန်းမှု စသည့်မှုခင်းဖြစ်စဉ်များကို ရှင်းလင်းစဉ် လေ့လာရေးအဖွဲ့က သိရှိလိုသည့် အချက်များအပေါ် မေးမြန်းဖြေကြားမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် ညနေ ၃ နာရီတွင် လူကုန်ကူးမှုတားဆီးရေးရုံးမှ ထွက်ခွာသွားပြီး တာချီလိတ်မြို့ ရွှေတိဂုံဘုရား၊ မြို့နယ်ဓမ္မာရုံ၊ မဟာမြတ်မုနိ ဘုန်းကြီးကျောင်းများသို့ ဖူးမျှော်ကြည်ညိုပြီး မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# အမျိုးသမီးများဘဝလုံခြုံရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်

**ဘားအံ စက်တင်ဘာ ၂၁**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ကော်မရှင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ပူးပေါင်း၍ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာနှင့် ကော့ကရိတ်မြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာတို့တွင် အမျိုးသမီးများ၏ ဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာပေးခြင်း စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

ကရင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ရုံး သင်တန်းခန်းမ၌ စက်တင်ဘာ ၁၇ရက်မွန်းလွဲ၂ နာရီက အမျိုးသမီးများ၏ ဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာပေးခြင်းစီမံချက်ရေးဆွဲ ဆောင်ရွက်ကြသူများမှ ကရင်ပြည်နယ်အစိုးရအဖွဲ့ အထွေထွေအုပ်ချုပ်ရေးမှူး ဦးစီးဌာနနှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် စုစုပေါင်းအင်အား ၄၀ ကျော်တို့အား စီမံချက်အကြောင်း အသိပေးခြင်းပြုလုပ်ရာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးများ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဦးမြင့်ကြည်နှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အထွေထွေ အတွင်းရေးမှူး ဒေါက်တာ အေးမြတ်လွင်က စီမံချက်အကြောင်းနှင့် ရှေ့လုပ်ငန်းစဉ်များကို လည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခက်ခက်ရှိန်က အမျိုးသမီးများ၏ဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးရေးသင်တန်းဆိုင်ရာကို လည်းကောင်း ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက်စက်တင်ဘာ ၁၈ ရက်တွင်အမျိုးသမီးများ၏ ဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအသိပညာပေးခြင်း စီမံချက်သင်တန်းပြုလုပ်ရာ အထွေထွေအုပ်ချုပ်ရေးမှူး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လှိုင်းဘွဲ့မြို့နယ်ထီလုံ၊ဒိုင်းပြ၊ ကွမ်းတာ၊ ကော့ကရိတ်မြို့နယ် ကျုံဒိုးချောင်းဖျား၊ ကမ်းနီနှင့်ရေကျော် ကျေးရွာတို့မှ ကျေးရွာသူ ကျေးရွာသား စုစုပေါင်း ၄၆ ဦး တက်ရောက်ခဲ့ကြပြီး စက်တင်ဘာ ၁၈ရက်မှ ၁၉ ရက်ထိ နှစ်ရက်ကြာသင်တန်းဖွင့်လှစ် ပို့ချဆွေးနွေးကာ စက်တင်ဘာ ၁၉ ရက်တွင် စီမံချက်နှင့်ပတ်သက်၍ ရှေ့လုပ်ငန်းစဉ်များရေးဆွဲခဲ့ကြောင်းသိရသည်။

**ဘားအံ(ပြန်/ဆက်)**

# မဲစာရင်းကြည့်ရန်လွယ်ကူစေဖို့ (သို့မဟုတ်) သုံးမိနစ်အတွင်း မိမိ၏မဲစာရင်းကို အလွယ်တကူကြည့်နည်း

**ဦးကျော်ဇော (လှသိပ္ပံ၊ ရွှေဘို)**

တစ်နေ့တုန်းက ရပ်ကွက်တစ်ခုရဲ့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတစ်ခုဆီက အမျိုးသမီးကြီးတစ်ယောက် ချွေးသံတရွှဲရွှဲနဲ့ ထွက်လာတာတွေ့လို့ မဲစာရင်းလာကြည့်တာပဲလို့သိရပြီး အဆင်ပြေရဲ့လားမေးကြည့်တော့ "လူကိုသာကြည့်ပါ ဆရာရယ်၊ သူတို့အဖေက ခရီးထွက်နေလို့ မိသားစုအတွက်လာကြည့်တာ၊ မိသားစုကလည်း ခုနှစ်ယောက်ဆိုတော့ တစ်နာရီလောက်ကြည့်တာတောင် မိသားစုအားလုံးအတွက် မဲစာရင်းအကုန် မတွေ့ရသေးဘူး။ နက်ဖြန်ခါမှပဲ ကျန်တာတွေအတွက် လာကြည့်တော့မယ်"လို့ ပြောသွားတယ်။

ဒါနဲ့ သိရအောင်ဆိုပြီး အဲဒီရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးထဲကို လေ့လာကြည့်ဖို့ ဝင်ခဲ့တယ်။ သိရတာကတော့ အဲ့ဒီရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးမှာ မဲဆန္ဒရှင် ၄၃၁၂ ယောက်ရှိပြီး မဲဆန္ဒရှင် စာရင်းတွေကို ကြော်ငြာဆိုင်းဘုတ်တွေမှာကပ်ပြီး ကြေညာထားတာတွေ့ရတယ်။ ငါးထပ် (သို့မဟုတ်) သုံးထပ်သားပေါ်မှာ သပ်သပ်ရပ်ရပ်ကပ်ပြီး ကြေညာထားကြပါတယ်။ အင်မတန်ကောင်းပါတယ်။ ပလတ်စတစ်တောင် အပေါ်ကကပ်ထားပါသေးတယ်။ အဲ့ဒီမှာ စာရေးသူက စိတ်ထဲမှာရှိတဲ့ နာမည်တစ်ခုပေးပြီး ရှာကြည့်တဲ့အခါ သူတို့ကပ်ထားတဲ့ ဆိုင်းဘုတ်ထဲမှာ ဘယ်လိုရှာရမှန်းမသိ ဖြစ်သွားပါတယ်။

စောစောက အမျိုးသမီးကြီးပြောခဲ့သလိုပါပဲ ချွေးပြန်ပါတယ်။ ဒါကြောင့် စနစ်တစ်ခုခုလုပ်ရင် အဆင်ပြေမလားလို့တွေးမိပြီး အောက်မှာဖော်ပြတဲ့စနစ်ကို အကြံပြုလိုတာဖြစ်ပါတယ်။

အကြံပြုလိုတဲ့စနစ်ကတော့ နိုင်ငံတော်က သတ်မှတ်ကြေညာပေးတဲ့ မဲစာရင်းမှာ ပထမအနေနဲ့ အမျိုးသမီးများ ဖြစ်တဲ့ 'ဒေါ်' ဆိုတာကို ဦးစွာကြေညာပြီး ယောကျ်ားများဖြစ်တဲ့ 'ဦး' ဆိုတာကို ဒုတိယ ကြေညာ ပေးတာဖြစ်ပါတယ်။ 'ဒေါ်' ဖြစ်စေ 'ဦး'ဖြစ်စေ ကြေညာတဲ့အခါမှာ မြန်မာအက္ခရာတို့ စီစဉ်သည့်အတိုင်း ကြေညာပေးထားတာဖြစ်ပါတယ်။

ကြေညာတဲ့အခါမှာ လီဂယ်စာရွက်ပေါ်မှာ တစ်ရွက်လျှင် ဆယ်ဦးစီထည့်သွင်းပြီး ကြေညာထားတာဖြစ်ပါတယ်။ 'ဒေါ်' ဖြစ်စေ 'ဦး' ဖြစ်စေ မဲစာရင်းပေါ်မှာ အက္ခရာစီစဉ်ထားတဲ့အတိုင်း က-ခ-ဂ-ဃ-င--- အစဉ်နဲ့ ကြေညာထား တာဖြစ်ပါတယ်။ အဲ့ဒီတော့ ကြေညာချက်ထဲမှာ အမျိုးသမီးတွေက တစ်အုပ်စု၊ အမျိုးသားတွေက တစ်အုပ်စု ဖြစ်ပါတယ်။ အိမ်ထောင်စုတစ်ခုတည်းက လူတွေဟာ မဲစာရင်းမှာ တစ်ပေါင်းတည်း မရှိနိုင်ပါဘူး။ အက္ခရာအတိုင်းပဲ ဖြစ်ပါမယ်။

ဒါကြောင့်မဲစာရင်းတွေ ကပ်တဲ့အခါမှာ အမျိုးသမီးအုပ်စုဖြစ်တဲ့ 'ဒေါ်' အုပ်စုမှာ က-ခ-ဂ --- အစီအစဉ်အတိုင်း ဖြစ်တဲ့အတွက် မဲစာရင်းအပေါ်မှာ ဖုံးအုပ်ထားတဲ့ ပလတ်စတစ်အပေါ်မှာ တစ်ရွက်စီရဲ့ နောက်ဆုံး အကွက်မှာ သက်ဆိုင်ရာ 'က' သော်လည်းကောင်း၊ 'ခ'သော်လည်းကောင်း၊ 'ဂ' သော်လည်းကောင်း ရေးပေးထားရင် ရှာရတာ လွယ်ကူပါတယ်။ အမျိုးသမီးနဲ့ အမျိုးသားအုပ်စုကို ခွဲခြားထားတာဖြစ်တဲ့အတွက် အဲ့ဒီဆိုင်းဘုတ်မှာ အမျိုးသမီးတွေအတွက်ဖြစ်နေရင် 'အမျိုးသမီးများ' ဆိုတာကို ထိပ်စည်းကရေးပေးထားရင် လွယ်လွယ်ကူကူနဲ့ ရှာနိုင်ပါတယ်။

အမျိုးသားတွေအတွက်လဲ ထိုနည်းအတိုင်းပဲဖြစ်ပါတယ်။ သူတို့ကတော့ 'ဦး'ဆိုတာနဲ့ စမှာဖြစ်ပါတယ်။ အထက်ကအတိုင်း ကြေညာစာရွက်တွေမှာ ရေးပြထားရင် မဲဆန္ဒရှင်တွေရဲ့ အမည်စာရင်းကို သုံးမိနစ်အတွင်းမှာ အလွယ်တကူ ရှာနိုင်မှာဖြစ်ပါတယ်။ အခု ရေးသားဖော်ပြချက်တွေကို သက်ဆိုင်ရာ ရွေးကောက်ပွဲမဲကော်မရှင်အဖွဲ့တွေက လေ့လာပြီး မိမိကိုယ်တိုင် ကျွမ်းကျင်ပိုင်နိုင်စွာ သိထားမယ်ဆိုရင် မဲဆန္ဒရှင်တွေအတွက် အခက်အခဲမရှိအောင် ကူညီနိုင်ပါတယ်။

အဓိကကတော့ မဲဆန္ဒရှင်တွေအမည်စာရင်းနဲ့ မဲဆန္ဒရှင်စာရင်းအမှတ်တွေပါတဲ့ ကြေညာစာရွက်ပေါ်မှာ သက်ဆိုင်ရာအက္ခရာကို ဆော့ပင်နဲ့ခပ်ကြီးကြီးရေးထားရင် မိမိရော မဲဆန္ဒရှင်တွေပါ အလွယ်တကူရှာဖွေနိုင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အပေါ်ကတော့ ပလတ်စတစ်ကပ်ထားပြီး ပလတ်စတစ်ပေါ်မှာပဲ PERMANENT MARKER PEN နဲ့ ရေးရမှာဖြစ်ပါတယ်။

# မလွန်ဆန်လျှုအသင်းကြီးသို့ ပုသိမ်ကြီးအထက်တန်းကျောင်းမှ ဆွမ်းဆန်တော်များလှူဒါန်း

**ပုသိမ်ကြီး စက်တင်ဘာ ၂၁**

(၁၁၉) ကြိမ်မြောက် မလွန်ဆန်လှူအသင်းကြီးသို့ ပုသိမ်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်လှနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများစုပေါင်း၍ ဆွမ်းဆန်တော်အိတ် ၅၀ လှူဒါန်းပွဲကို စက်တင်ဘာ ၁၉ ရက်ကကျင်းပရာ မလွန်ဆန်လှူအသင်းခွဲဥက္ကဋ္ဌဦးထွန်းခင်၊ အတွင်းရေးမှူး ဦးကျော်အေး၊ တွဲဖက်အတွင်းရေးမှူးဦးဝင်းနိုင်နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ အစီအစဉ်အရ ကျောင်းအုပ်ဆရာမကြီးက လှူဒါန်းရခြင်းရည်ရွယ်ချက်များပြောကြားပြီး မြို့နယ်မလွန်ဆန်လှူအသင်းဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

# Congratulations

**Our heartiest welcome and warmest congratulations**

**on the successful opening of**

MIZUHO **Mizuho Bank Ltd.**

**Yangon branch in Myanmar on 22nd September 2015.**

**Wishing you further success and achievements in providing excellent banking services**

**to benefit the economic development of Myanmar.**

**Chairman**
**and Board of Directors**
**KBZ BANK LTD.**

CROWN EDUCATION Yangon • Myanmar

GLOBAL ASSESSMENT CERTIFICATE

CROWN Education တွင် ဖွင့်လှစ်ထားသော American College Program (GAC) တက်ရောက်ပြီး အမေရိကန်တက္ကသိုလ်ပညာသင်ဆုရရှိသော ကျောင်းသားကျောင်းသူများအတွက်

## "အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း"



Ei Thinzar Phyo
Rochester Institute of Technology (USA), B.Sc (Biotechnology)
Scholarship Amount
USD 17,000 per year



Kyaw Khant Nyar
Rochester Institute of Technology (USA), B.Sc (Computer Engineering)
Scholarship Amount
USD 16,000 per year



Khin Su Su Hlaing
Lycoming College(USA),B.Bus Administration and Management
Scholarship Amount
USD 26,000 total



Khant Win Htet
Worcester Polytechinc Institute (USA), B.Sc (Civil Engineering)
Scholarship Amount
USD 32,000 total

MGY Travels & Tours

# မြတ်ဂုဏ်ရောင် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

'အပါယ်တံခါးပိတ်စေဖို့ မြတ်မြေမဟာဗုဒ္ဓဂယာသို့ မြတ်ဂုဏ်ရောင်နဲ့ သွားကြစို့'



သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန၊ ဝေသာလီ၊ ရာဇဂြိုဟ် ၁၁/၁၂ ရက် (၉ သိန်း)

သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန၊ တာ့ချ်မဟာ၊ နယူးဒေလီ၊ ဝေသာလီ၊ ရာဇဂြိုဟ် ၁၄/၁၅ ရက် (၁၀ သိန်း)

၁၄/၁၅ ရက် - အောက်တိုဘာ ၁၆ (၅ လို)၊ နိုဝင်ဘာ ၁၁ (၁၂ လို)၊ ဒီဇင်ဘာ ၉၊ ဇန်နဝါရီ ၆၊ ဖေဖော်ဝါရီ ၁၀၊ မတ် ၂၊ ဧပြီ ၈။

၁၁/၁၂ ရက် - ဇန်နဝါရီ ၂၇ (၁၅ လို)၊ မတ် ၂။ ဟိုတယ်(၂)ညအိပ်၊ ညမောင်းခရီးစဉ် လုံးဝမပါရှိပါ။ ရန်ကုန် - ဂယာ - ရန်ကုန်

ခရီးစဉ်မိတ်ဆက်အနေဖြင့် အောက်တိုဘာ(၁၆)ရက် (၁၄/၁၅ ရက်) ခရီးစဉ်အား (၉.၅)သိန်းဖြင့် ပို့ဆောင်ပေးသွားပါမည်။

ခရီးစဉ်တိုင်းတွင် သံဃာတော်များ ၊ သီလရှင်ဆရာလေးများအား ကုသိုလ်ယူသည့်အနေဖြင့် ခရီးစဉ်နှုန်းထား သီးသန့်စီစဉ်ပေးထားပါသည်။ နိုင်ငံကူးလက်မှတ်(၆)လသက်တမ်းကျန်ရှိလျှင် (၃၀၀၀၀ိ/-)လျှော့ပေးပါမည်။ (၁၆)ဦး(၁)ဦးအခမဲ့၊ (၁၀)ဦး ၅၀%၊ (၈)ဦး ၃၀%၊ ၅ ဦး ၁၅% (ခေါင်းဆောင်တစ်ဦးသာ) လျှော့ပေးပါသည်။ ခရီးစဉ်အတွင်း ငွေကြေးထပ်မံ ကောက်ခံခြင်း မရှိကြောင်း အထူးပင်အာမခံပါသည်။ ခရီးစဉ်တိုင်းတွင် (၃၂)ဦးသာ ကန့်သတ်ပို့ဆောင်ပါသည်။ ရန်ကုန်မြို့အတွင်း အိမ်အရောက် ဝန်ဆောင်မှုရှိသည်။ နယ်မှခရီးသည်များအား ရန်ကုန်မြို့ရှိအဆင့်မြင့်လုံးချင်းအိမ်ကြီးတွင် အခမဲ့တည်းခိုနိုင်ခြင်းနှင့် သက်ဆိုင်ရာ လေဆိပ်၊ ကားဂိတ်များသို့ အကြိုအပို့ပြုလုပ်ပေးပါမည်။ မေတ္တာဖြင့် ရှင်းပြပေးမည့် ဦးဆောင်ဆရာတော်တစ်ပါး၊ ကျွမ်းကျင် Tour Leader တစ်ဦး နှင့် လိုအပ်လျှင် ဘီးတပ်ကုလားထိုင် စီစဉ်ပေးပါသည်။

ရုံးချုပ် - အမှတ်(၂၇/၆)၊ ဘော်စင်(၂)လမ်း၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၁-၅၆၀၁၆၄၊ ၅၆၀၁၆၅၊ ၀၉-၄၉၇၇၇၀၄၅၊ ၀၉-၂၆၀၇၁၃၂၃၂၊ ၀၉၄၃၀၁၅၆၆၁၀၀



# မြင့်မြတ် အမှတ်တံဆိပ် အမွှေးပြေသောက်ဆေး

ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ ဦးခေါင်းတစ်ခုလုံးအုံ့ခဲလေးလံပြီး နားကျင်ကိုက်ခဲခြင်း၊ နားထင်ကြောများကိုက်ခဲခြင်း၊ အာရုံကြောများအား နည်းခြင်းများအတွက် သုံးစွဲနိုင်ပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR 011342 (0118)

ပင်ရင်း - ကြောမင်းဆေးတိုက်နှင့် ဆေးကုဌာန - ဖုန်း - ၀၉ ၇၃၂၁၁၀၆၁၊ ၀၉ ၇၃၁၉၇၅၂၄၊ ၀၉ ၇၃၀၄၅၁၀၉။



# စိန်ငါးလုံး အမှတ်တံဆိပ် ဆီးချို သွေးချိုကျဆေး

ဆီးမကြာခဏသွားခြင်း၊ ဆီးမထိန်းနိုင်ခြင်း၊ သွေးကြောအဆီပိတ်ခြင်း၊ ခြေဆစ် လက်ဆစ်ညှိုမည်းခြင်း ၊ ထုံကျဉ်ကိုက်ခဲခြင်း ၊ အကြောတက်ညောင်းညာခြင်း အနာမကျက်နိုင်ခြင်း ၊ အသားရေယားခြင်း ၊ ပိန်ချည့်အားနည်းခြင်းတို့ဖြစ်လျှင် ဆေးစွမ်းထက်ဆုံး စိန်ငါးလုံး ဆီးချို သွေးချိုကျဆေးကိုသောက်ပါ

ဖုန်းနံပါတ် - ၀၉ ၇၃၁၅၅၃၅၇ ၊ ၀၉ ၇၉၃၆၈၈၇၃၄







# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ စက်မှုလယ်ယာဦးစီးဌာနအောက်မှ အမှတ်(၁၈) စက်မှုလယ်ယာစခန်း၊ သန်လျင်မြို့တွင် (100'x28'x13') ထွန်စက်ရုံ (Steel Structure) တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါနှင့် စည်းကမ်းချက်များကို ၂၃-၉-၂၀၁၅ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး၊ အိတ်ဖွင့်တင်ဒါများကို ၇-၁၀-၂၀၁၅ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး၊ စက်မှုလယ်ယာဦးစီးဌာန၊ ရန်ကုန်မြို့ ဖုန်း-၀၁-၆၅၇၁၃၅၊ ၀၉-၅၁၃၀၉၆၁၊ ရုံးချိန်အတွင်းသို့ ဆက်သွယ်နိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ ပြန်လည်အပ်နှံထားသော အိမ်သုံးမီတာအဟောင်း ၃၈၁၉၇ လုံးအား ထုခွဲဖျက်ဆီး၍ အိတ်ဖွင့်လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။

**တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၂၂-၉-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၂-၁၀-၂၀၁၅ ရက်
**တင်ဒါဖွင့်မည့်ရက်** - ၂၃-၁၀-၂၀၁၅ ရက်

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း၊ ပစ္စည်းစီမံရေးဌာန(ရန်ကုန်မြို့) ဖုန်း-၀၁-၂၂၀၈၁၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီ**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းကို ဗီသုကာပုံစံနှင့်အညီ ဆောင်ရွက်လိုပါသည်-

| စဉ် | လုပ်ငန်းအမျိုးအမည် |
|---|---|
| (က) | အနောက်ရန်ကင်းဘဏ်ရိပ်သာတွင် ဓာတ်(SEM)အသစ် ၂လုံး ထားရှိရန်အတွက် (၁၃၀×၇၀×၂၂)ပေ အရွယ်အစားရှိ တစ်ထပ် Steel Structure အဆောက်အအုံ တည်ဆောက်ခြင်း။ (မြို့ပြ၊ ရေသန့်၊ လျှပ်စစ်အပါအဝင်) (ဌာန) (ရန်ကင်းမြို့နယ်၊ ရန်ကုန်) |

၂။ တင်ဒါစည်းကမ်းချက်များ ပါဝင်သော အိတ်ဖွင့်တင်ဒါပုံစံကို ၂၄-၉-၂၀၁၅ ရက်မှ ၂၈-၉-၂၀၁၅ ရက်အထိ နေ့စဉ်နံနက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအထိ ရုံးဖွင့်ရက်များအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးအမှတ် ၅၅၊ စီမံခန့်ခွဲမှုနှင့်နည်းပညာဌာန၊ မြို့ပြအင်ဂျင်နီယာဌာနစိတ်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၃၀-၉-၂၀၁၅ ရက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ရုံးအမှတ် ၅၅၊ စီမံခန့်ခွဲမှုနှင့် နည်းပညာဌာနတွင် တင်ဒါခေါ်ယူစစ်ဆေးရေးအဖွဲ့ ရှေ့မှောက်တွင် တင်သွင်းရန်ဖြစ်ပါသည်။ (သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။)

၄။ အသေးစိတ်သိရှိလိုသော အချက်များရှိပါက ဖုန်း-၀၆၇-၄၁၈၉၀၉၊ ၀၆၇-၄၁၈၂၆၀ တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အောင်ဆန်းတီဘီရောဂါအထူးကုဆေးရုံကြီး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊အောင်ဆန်းတီဘီရောဂါအထူးကုဆေးရုံကြီးအတွက် လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန်ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်း အသေးစိတ်နှင့် တင်သွင်းရမည့်ဆေးဝါးစာရင်းကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်နေ့ရက်** - ၂၁-၉-၂၀၁၅ ရက် (တနင်္လာနေ့)
**တင်ဒါလျှောက်လွှာပိတ်မည့်နေ့ရက်** - ၂၀-၁၀-၂၀၁၅ ရက် (အင်္ဂါနေ့) ညနေ ၄း၀၀ နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**အောင်ဆန်းတီဘီရောဂါအထူးကုဆေးရုံကြီး**
**စဥ့်ကူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၆၄၅၇၅၆၊ ၀၁-၆၄၅၇၄၈**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ဖျာပုံခရိုင်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သော လမ်းခင်းကျောက်များနှင့် တည်ဆောက်ရေးပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁-၁၀-၂၀၁၅ ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၆-၁၀-၂၀၁၅ ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - မွန်းတည့် ၁၂း၀၀ နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ၆-၁၀-၂၀၁၅ ရက် မွန်းလွဲ ၂း၀၀ နာရီ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ၁၁ ရပ်ကွက်၊ ၅ လမ်း၊ ဖျာပုံမြို့

အိတ်ဖွင့်တင်ဒါစည်းကမ်းချက်၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် ၁-၁၀-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**လျှောက်လွှာဝယ်ယူရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ၁၁ ရပ်ကွက်၊ ၅ လမ်း၊ ဖျာပုံမြို့ ဖုန်း-၀၄၅-၄၀၄၂၅

## မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ အောင်ဆန်းရပ်ကွက်၊ ကျောက်ဖူး (၄)ကွင်း၊ ကွင်းအမှတ်(၇၄၆)၊ ဦးပိုင်အမှတ်(၂၃/က)ရှိ မြေ(၁ဒသမ ၁၅၈)ဧကနှင့် ပတ်သက်၍
# အများသိစေရန် ကြေညာချက်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနသည် အထက်ဖော်ပြပါမြေနှင့် မြေပေါ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်၍ စီမံခန့်ခွဲခွင့်ရှိသူဖြစ်ပါသည်။ ထို့ကြောင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ကျူးကျော်နေထိုင်ခြင်းမှစ၍ ဤဌာန၏ ပိုင်ဆိုင်ခွင့်နှင့် အကျိုးစီးပွားကို တစ်နည်းနည်းဖြင့် ထိခိုက်စေခြင်းကို မပြုလုပ်ရန်နှင့် အကယ်၍ ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## အကောက်ခွန်ဦးစီးဌာန
# ဈေးပြိုင်စနစ်ဖြင့် လေလံတင်ထုခွဲရောင်းချရေးကြော်ငြာ

၁။ အကောက်ခွန်ဦးစီးဌာန၊ Mobile Team (2) တို့မှ ဖမ်းဆီးပြီး ပြည်သူ့ဘဏ္ဍာသိမ်းထုခွဲအဆင့်ရောက် ပစ္စည်းများအား အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အများပြည်သူများ ဝင်ရောက်ယှဉ်ပြိုင် လေလံဆွဲဝယ်ယူနိုင်ရန် အသိပေးကြေညာအပ်ပါသည်-

(က) **ပစ္စည်းအမျိုးအမည်** - လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ
(ခ) **နေ့ရက်/အချိန်** - ၂၉-၉-၂၀၁၅ ရက်၊ ၁၃း၀၀ နာရီ
(ဂ) **နေရာ** - အကောက်ခွန်(ကုန်လှောင်ရုံ) အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကမ်းနားလမ်း (ယခင် မြန်မာ့သစ်လုပ်ငန်း ပင်မပစ္စည်းဌာနဝင်း)အတွင်းရှိ ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ
(ဃ) **လေလံပုံစံရောင်းချခြင်း**- လေလံပုံစံ(လေလံစည်းကမ်းချက်များနှင့် လေလံပစ္စည်းစာရင်းများ) တစ်စုံလျှင် ၅၀၀၀/-(ကျပ်ငါးထောင်တိတိ) နှုန်းဖြင့် ၂၃-၉-၂၀၁၅၊ ၂၅-၉-၂၀၁၅ နှင့် ၂၈-၉-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၂။ အသေးစိတ်အချက်အလက်သိရှိလိုသူများ၊ လေလံအတွဲစာရင်းနှင့် လေလံစည်းကမ်းချက်ဝယ်ယူလိုသူများသည် အကောက်ခွန်(ကုန်လှောင်ရုံ) အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကမ်းနားလမ်း (ယခင်မြန်မာ့သစ်လုပ်ငန်းပင်မပစ္စည်းဌာနဝင်း)အတွင်းရှိ ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲသို့ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**အတွင်းရေးမှူး**
**လေလံတင်ရောင်းချရေးအဖွဲ့**
**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန်
# အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လက်ရှိတံတားအသုံးပြုခကောက်ခံနေသော သန်လျင်တံတား(မြန်မာ့မီးရထား)၏ ၁-၁၀-၂၀၁၅ရက်မှ ၃၀-၉-၂၀၁၈ရက်အထိ တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း (၃)နှစ်၊ လုပ်ပိုင်ခွင့်လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရွေးချယ်ငှားရမ်းသွားမည်ဖြစ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်တံတား**
သန်လျင်တံတား
(ခ) **လေလံယှဉ်ပြိုင်ခွင့်ပုံစံနှင့် စည်းကမ်းချက်များ ဝယ်ယူနိုင်သောနေရာ**
မန်နေဂျာ(စီးပွားရေး/တိုင်း) တိုင်းအမှတ် (၇) ရန်ကုန်ဘူတာကြီး(ပထမထပ်) နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးရုံး၊ သန်လျင်မြို့နယ်
(ဂ) **အိတ်ဖွင့်တင်ဒါ တင်သွင်း/ဖွင့်လှစ်မည့်ရက်နှင့်အချိန်**
၂၉-၉-၂၀၁၅ ရက် (အင်္ဂါနေ့) ၁၂း၀၀ နာရီတိတိ
(ဃ) **အိတ်ဖွင့်တင်ဒါ တင်သွင်း/ဖွင့်လှစ်မည့်နေရာ**
မြန်မာ့မီးရထား၊ ရန်ကုန်ဘူတာကြီး၊ စခန်းသာညွှန့်ခန်းမဆောင်

**မှတ်ချက်။** (၁) အထက်အပိုဒ်ခွဲ(ခ)ပါနေရာများတွင် အိတ်ဖွင့်တင်ဒါလေလံယှဉ်ပြိုင်ခွင့်ပုံစံနှင့်စည်းကမ်းချက်များအား၊ (၁)စုံလျှင် (၁၀၀၀၀/-) ကျပ်နှုန်းဖြင့် ၂၂-၉-၂၀၁၅ရက်မှစ၍ နေ့စဉ် ၀၉း၀၀ နာရီမှ ၁၆း၀၀ နာရီထိ(ရုံးပိတ်ရက်အပါအဝင်) ၂၉-၉-၂၀၁၅ရက် ၁၀း၀၀ နာရီထိ ဝယ်ယူနိုင်ပါသည်။
(၂) အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မန်နေဂျာ(စီးပွားရေး/တိုင်း) တိုင်းအမှတ် (၇)ရန်ကုန်ဘူတာကြီး၊ ပထမထပ်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၃၉၃၄၂၈၊ ၀၉-၅၀၉၈၀၃၂သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**လေလံကြီးကြပ်မှုကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီး**

# ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်ခရိုင်၊ ဇန်းမော်မြို့နယ်၊ ညောင်ပင်ရပ်ကွက်ရှိ အကွက်အမှတ်(၂၂)၊ ဦးပိုင်အမှတ်(၁၃၇/က+၁၃၈/က)၊ မြေဧရိယာ ၀ဒသမ ၀၃၂ဧကရှိ ဒေါ်ကြေးမုံ(ခ)ဒေါ်ကျင်းမုံ အမည်ပေါက် (၁၀)နှစ် မြေငှားဂရန်အား ဒေါ်ဖဲနီ(ခ)ဒေါ်လန်ဖွမ်း ၁/ဗမန(နိုင်)၀၀၁၈၈၃ အမည်သို့ အမည်ပြောင်းရန် လျှောက်ထားလာရာ ကြော်ငြာသည့်ရက်မှစ၍ တရားဝင်ခိုင်လုံသော အထောက်အထားမှုရင်းများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဇန်းမော်မြို့**

# ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ ဓေယျာသုခလမ်း၊ အမှတ်(၂၀)ဟုခေါ်တွင်သော နှစ်ခန်းတွဲ ခြောက်ထပ်တိုက်၏ သုံးလွှာ(ခြေရင်းခန်း)တိုက်ခန်းကို တိုက်ခန်းပိုင်ရှင်ဖြစ်သည့် ဦးကောင်းဇော် ၁၀/မလမ(နိုင်)၁၂၉၅၆၉ မှ ၄င်းတစ်ဦးတည်းပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဖော်ဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန် သဘောတူညီပါသဖြင့် တိုက်ခန်း၏ အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ယခုကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းစိုး B.Sc., H.G.P., R.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၀၀၇)**
**အမှတ်(၁၃/အေ)၊ အာသာဝတီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၂၂၃၆၉၈၊ ၂၂၃၇၁၀၊ ရုံး-၀၉-၅၀၈၈၈၅၆**

# ဓာတ်လှေကားတပ်ဆင်ရန် တင်ဒါခေါ်ယူခြင်း

Projects များတွင် Mitsubishi ဓာတ်လှေကားနှင့် စက်လှေကား တပ်ဆင်ရန်အတွက် ကျွမ်းကျင်သော တပ်ဆင်ရေးအဖွဲ့ (Sub-Contract) များအား ဖိတ်ခေါ်အပ်ပါသည်။

စိတ်ဝင်စားသော ဓာတ်လှေကားတပ်ဆင်ရေးအဖွဲ့များသည် အောက်ဖော်ပြပါလိပ်စာသို့ ဆက်သွယ်ပါရန်။

**Room No. 204, 2nd floor, Building 9MICT park,**
**Thaminecollege Street, Hlaing Township, Yangon.**
**Ph: 230-5339 ~ 32 ext. 412 & 406 & 401**

# အရောင်းဝန်ထမ်းအလိုရှိသည်

1. အရောင်းဝန်ထမ်း ကျား/မ ၅ ဦး
2. စာရင်းကိုင် ကျား/မ ၅ ဦး
3. ယာဉ်မောင်း ၂ ဦး

ကျွမ်းကျင်မှုရှိရမည်။ ရုပ်ရည်ပြေပြစ်ပြီး သွက်လက်မှုရှိရမည်။ လျှောက်ထားလိုသူသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက် (သို့) ရဲစခန်းထောက်ခံစာဖြင့် အောက်ပါဖုန်းနံပါတ်ကို ဆက်သွယ်၍ လာရောက်လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်**

**နဂါးကိုးကောင်ရွှေဆိုင်**

အမှတ်(18) Junction Square Shop House (အပြင်ဘက်တန်း)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၂၃၀၄၃၄၄၊ ၀၁-၂၃၀၄၃၄၅

# ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်ခရိုင်၊ ဇန်းမော်မြို့နယ်၊ အောင်သာကျေးရွာရှိ အကွက်အမှတ်(၇၀)၊ ဦးပိုင်အမှတ်(၉၄/က)၊ မြေဧရိယာ ၀ဒသမ ၁၂၁ဧကရှိ ဦးကျော်ကျော်ထွန်းအမည်ပေါက် (၁၀)နှစ် မြေငှားဂရန်အား ဒေါ်သန်းသန်းအေး ၁/ဗမန(နိုင်)၀၅၁၆၀၁ အမည်သို့ အမည်ပြောင်းရန် လျှောက်ထားလာရာ ကြော်ငြာသည့်ရက်မှစ၍ တရားဝင်ခိုင်လုံသောအထောက်အထားမှုရင်းများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဇန်းမော်မြို့**

# ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်ခရိုင်၊ ဇန်းမော်မြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၃၄)၊ ဦးပိုင်အမှတ်(၂၀၄)၊ မြေဧရိယာ ၀ဒသမ ၀၅၀ဧကရှိ ဒေါ်ခင်နှောင်းအေးအမည်ပေါက် (၁၀)နှစ် မြေငှားဂရန်အား ဒေါ်အိအိကျော် ၁/ဗမန(နိုင်)၀၅၅၁၇၄ အမည်သို့ အမည်ပြောင်းရန် လျှောက်ထားလာရာ ကြော်ငြာသည့်ရက်မှစ၍ တရားဝင်ခိုင်လုံသော အထောက်အထားမှုရင်းများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဇန်းမော်မြို့**

# ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်ခရိုင်၊ ဇန်းမော်မြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၃၃)၊ ဦးပိုင်အမှတ်(၁၂၄/၁)၊ မြေဧရိယာ ၀ဒသမ ၁၂၁ဧကရှိ ဦးနန်းဇိန်းထန် အမည်ပေါက် မြေငှားဂရန်အား ဦးဆိုင်းမိုင် ၁/မစန(နိုင်)၀၂၈၉၄၁ အမည်သို့ ဦးပိုင်ခွဲအမည်ပြောင်းမြေဂရန် လျှောက်ထားလာရာ ကြော်ငြာသည့်ရက်မှစ၍ တရားဝင်ခိုင်လုံသော အထောက်အထားမှုရင်းများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဇန်းမော်မြို့**

# ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်ခရိုင်၊ ဇန်းမော်မြို့နယ်၊ ညောင်ပင်ရပ်ရပ်ကွက်၊ အကွက်အမှတ်(၂၀)၊ ဦးပိုင်အမှတ်(၉၄)၊ မြေဧရိယာ ၀ဒသမ ၀၁၁ဧကရှိ ဦးဂျန်မာဘောက်နော် အမည်ပေါက် (၁၀)နှစ် မြေငှားဂရန်အား ဦးရန်မင်းဆက် ၁/ဗမန(နိုင်)၀၁၅၈၆၃အမည်သို့ အမည်ပြောင်းရန် လျှောက်ထားလာရာ ကြော်ငြာသည့်ရက်မှစ၍ တရားဝင်ခိုင်လုံသော အထောက်အထားမှုရင်းများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတွင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဇန်းမော်မြို့**

# ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်ခရိုင်၊ ဇန်းမော်မြို့နယ်၊ သာစည်ရပ်ကွက်ရှိ အကွက်အမှတ် ၃၁၊ ဦးပိုင်အမှတ် ၂၈/ဂ၊ မြေဧရိယာ ၀ဒသမ ၀၇၀ဧကရှိ ဒေါ်သိန်း အမည်ပေါက် ၁၀ နှစ် မြေငှားဂရန်အား ဒေါ်အိမ့်အိမ့်သူအမည်သို့ အမည်ပြောင်းရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားမှုရင်းများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဇန်းမော်မြို့**

# ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်ခရိုင်၊ ဇန်းမော်မြို့နယ်၊ မင်းကုန်းကွက်ရှိ အကွက်အမှတ် ၂၇၊ ဦးပိုင်အမှတ် ၁၄၈၊ မြေဧရိယာ ၀ဒသမ ၀၆၆ဧကရှိ ဒေါ်မြမြဝင်းအမည်ပေါက် ၁၀နှစ် မြေငှားဂရန်အား ဦးဘစိန် အမည်သို့ အမည်ပြောင်းရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားမှုရင်းများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဇန်းမော်မြို့**

# ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်ခရိုင်၊ ဇန်းမော်မြို့နယ်၊ ညောင်ပင်ရပ်ကွက်ရှိ အကွက်အမှတ် ၁၉၊ ဦးပိုင်အမှတ် ၅၉၊ မြေဧရိယာ ၀ဒသမ ၀၅၉ဧကရှိ ဦးနော်ဆိုင်း အမည်ပေါက်နှစ် ၃၀ မြေငှားဂရန်အား ဦးသန်းဌေးအောင် အမည်သို့ အမည်ပြောင်းရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားမှုရင်းများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဇန်းမော်မြို့**

**ဝမ်းနည်းကြေကွဲခြင်း**

## ဒုတိယဗိုလ်မှူးကြီးမောင်ကျော် (ငြိမ်း)

**အသက်(၉၁)နှစ်**

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူး ဇနီး ဒေါ်သက်ထားတင်တို့၏ဖခင်၊ ဒေါ်တင်တင်အေး၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးမောင်ကျော်(ငြိမ်း)သည် ၁၉-၉-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၂း၁၀နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အဖွဲ့ဝင် ဦးမြသိန်းနှင့်ဇနီး ဒေါ်ရီရီဝင်း**
**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒုတိယဗိုလ်မှူးကြီးမောင်ကျော် (ငြိမ်း)

**အသက်(၉၁)နှစ်**

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူး-ဒေါ်သက်ထားတင်တို့၏ဖခင်၊ ရန်ကုန်မြို့၊ ပြည်သာယာ၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်နေ ဒေါ်တင်တင်အေး၏ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးမောင်ကျော်(ငြိမ်း)သည် ၁၉-၉-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၂း၁၀နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဇမ္ဗူသီရိဖောင်ဒေးရှင်း**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒုတိယဗိုလ်မှူးကြီးမောင်ကျော် (ငြိမ်း)

**အသက်(၉၁)နှစ်**

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ နေပြည်တော် စည်ပင်ဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးသန်းကျော်ထူး-ဒေါ်သက်ထားတင်တို့၏ဖခင်၊ ရန်ကုန်မြို့၊ ပြည်သာယာ၊ဘောက်ထော်၊ ရန်ကင်းမြို့နယ်နေ ဒေါ်တင်တင်အေး၏ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးမောင်ကျော်(ငြိမ်း)သည် ၁၉-၉-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၂း၁၀နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့ဝင်များနှင့် နေပြည်တော်စည်ပင်ဘဏ်လီမိတက်**
**ဝန်ထမ်းမိသားစုများ**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒုတိယဗိုလ်မှူးကြီးမောင်ကျော် (ငြိမ်း)

**အသက်(၉၁)နှစ်**

ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ)နှင့် ဒေါ်သက်ထားတင်တို့၏ဖခင် ဒုတိယဗိုလ်မှူးကြီးမောင်ကျော်(ငြိမ်း) (စစ်သံမှူး၊ ကြည်း/ရေ/လေ၊ ငြိမ်း)သည် ၁၉-၉-၂၀၁၅ရက်တွင် ရန်ကုန်မြို့၌ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအေးကိုကို(ဌာနမှူး)နှင့်ဇနီး ဒေါ်မြင့်သီတာအေး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒုတိယဗိုလ်မှူးကြီးမောင်ကျော် (ငြိမ်း)

**အသက်(၉၁)နှစ်**

နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူး-ဒေါ်သက်ထားတင်တို့၏ဖခင်၊ ရန်ကုန်မြို့၊ ပြည်သာယာဘောက်ထော်၊ ရန်ကင်းမြို့နယ်နေ ဒေါ်တင်တင်အေး၏ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးမောင်ကျော် (ငြိမ်း) အသက်(၉၁)နှစ်သည် ၁၉-၉-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၂း၁၀နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**
**အတွင်းရေးမှူး ဦးဝင်းဌေးနှင့်ဇနီး ဒေါ်ခင်စန်းမြင့်**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒုတိယဗိုလ်မှူးကြီးမောင်ကျော် (ငြိမ်း)

**အသက်(၉၁)နှစ်**

နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူး-ဒေါ်သက်ထားတင်တို့၏ ဖခင်၊ ရန်ကုန်မြို့၊ ပြည်သာယာဘောက်ထော်၊ ရန်ကင်းမြို့နယ်နေ ဒေါ်တင်တင်အေး၏ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးမောင်ကျော် (ငြိမ်း) အသက်(၉၁)နှစ်သည် ၁၉-၉-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၂း၁၀နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**
**တွဲဖက်အတွင်းရေးမှူး ဦးစိုးရန်နိုင်နှင့်ဇနီး ဒေါ်ကြည်ကြည်ညွန့်**

---

## ဝမ်းနည်းကြေကွဲခြင်း

အထက(၁)ဒဂုံ XI (A) (83-84 Batch) သူငယ်ချင်း နိုင်နိုင်ကျော်၏ဖခင် ဒုတိယဗိုလ်မှူးကြီးမောင်ကျော်(ငြိမ်း)(စစ်သံမှူး၊ ကြည်း/ရေ/လေ၊ငြိမ်း) အသက်(၉၁)နှစ်သည် ၁၉-၉-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် သူငယ်ချင်းမိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၄ အထက(၁)ဒဂုံ**
**XI (A) မှ သူငယ်ချင်းများ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်အေးသင် အသက်(၉၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ အမှတ် ၈၃၊ သုံးပန်လှလမ်း၊ ဈေးပိုင်းရပ်ကွက်နေ(ဦးစံရွှေ-ဒေါ်ဘူး)တို့၏သမီး၊ (ဦးအောင်သာ-ဒေါ်ရွှေအိပ်)တို့၏သမီးချွေးမ၊ (ဆရာကြီး ဦးသာလှိုင်)၏ဇနီး၊ အငြိမ်းစားကျောင်းဆရာမ ဒေါ်မြင့်ဝင်း၊ ဦးအောင်မွန်-ဒေါ်အေးသန်း၊ဦးရွှေဝင်း-ဒေါ်အေးအေးမွန်၊ ဦးထွန်းဝင်းမွန်-ဒေါ်သန်းဌေး၊ ဒေါ်ဌေးဌေးမွန်(နီနီအထည်နှင့်စတိုး)တို့၏ မွေးသမိခင်၊ မြေး ၁၂ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၂၀-၉-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွမ်းခြံကုန်းမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၉-၂၀၁၅ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ကွမ်းခြံကုန်းမြို့ရှိ သုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၉-၂၀၁၅ရက်(စနေနေ့)နံနက် ၆နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒုတိယဗိုလ်မှူးကြီးမောင်ကျော် (ငြိမ်း)

**အသက်(၉၁)နှစ်**

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူး-ဒေါ်သက်ထားတင်တို့၏ဖခင်၊ရန်ကုန်မြို့၊ ပြည်သာယာ၊ဘောက်ထော်၊ ရန်ကင်းမြို့နယ်နေ ဒေါ်တင်တင်အေး၏ခင်ပွန်း ဒုတိယဗိုလ်မှူးကြီး မောင်ကျော်(ငြိမ်း) အသက်(၉၁)နှစ်သည် ၁၉-၉-၂၀၁၅ရက်(စနေနေ့) မွန်းလွဲ ၂း၁၀နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နေပြည်တော် စည်ပင်သာယာရေးကော်မတီ**
**အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်နှင့်ဇနီး ဒေါ်ဝင်းမင်းသန်း**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒုတိယဗိုလ်မှူးကြီးမောင်ကျော် (ငြိမ်း)

**အသက်(၉၁)နှစ်**

နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူး-ဒေါ်သက်ထားတင်တို့၏ဖခင်၊ ရန်ကုန်မြို့၊ ပြည်သာယာဘောက်ထော်၊ ရန်ကင်းမြို့နယ်နေ ဒေါ်တင်တင်အေး၏ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးမောင်ကျော် (ငြိမ်း) အသက်(၉၁)နှစ်သည် ၁၉-၉-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၂း၁၀နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**
**ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဌာနမှူးများနှင့် ဝန်ထမ်းမိသားစုများ**
**မြို့တော်ဝန်ရုံး၊ စီမံ၊ ဘတ်ဂျက်၊ ဈေး၊ တိ/ကု၊ စက်/ယာဉ်၊ ပန်းဥယျာဉ်**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား ဒါယိကာမကြီး**

## ဒေါ်လှ (ပြင်ဦးလွင်)

**အသက်(၈၉)နှစ်**

ပြင်ဦးလွင်မြို့နေ (ဦးသြဘာ)၏ဇနီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် သူရဘိုနီ-ဒေါ်ခင်မလေး၊ ရန်ကုန်မြို့နေ စိုင်းစိန်ဝင်း-နန်းထွေးမုံ၊ ပြင်ဦးလွင်နေ စိုင်းအောင်ကြည်-နန်းသီတာလွင်၊ မုံရွာ လစရ(၆)မှ ဒုအရာခံဗိုလ်စိုင်းမြတ်သင်း-ဒေါ်မာမာချစ်၊ မနှင်းနှင်းမူတို့၏ ချစ်လှစွာသော မိခင်၊ မြေးကိုးယောက်တို့၏ချစ်လှစွာသောအဘွားသည် ၂၁-၉-၂၀၁၅ရက် (တနင်္လာနေ့)နံနက် ၄း၁၀နာရီတွင် နေပြည်တော် ဇမ္ဗူသီရိဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၉-၂၀၁၅ရက် ညနေ ၃နာရီတွင် ကျေးကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [နေပြည်တော်(ခုတင်-၁၀၀၀) ရေခဲတိုက်ဓမ္မာရုံတွင် မွန်းလွဲ ၁း၃၀နာရီတွင် သရဏဂုံတင်ပြီး မွန်းလွဲ ၂နာရီတွင် ကားများစတင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ကျေးဇူးအထူးတင်ရှိခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်လှ (ပြင်ဦးလွင်)

**အသက်(၈၉)နှစ်**

ကွယ်လွန်သူ နာမကျန်းဖြစ်စဉ် ကာလတစ်လျှောက်လုံး ဆေးဝါးကုသကြည့်ရှုပေးခဲ့သော ဇမ္ဗူသီရိဆေးရုံမှ ဦးနှောက်နှင့်အာရုံကြော၊ အထွေထွေရောဂါအထူးကုသမားတော်ကြီး ဒေါက်တာကျော်ကျော်စိုးနှင့် ဆရာဝန်၊ ဆရာမ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တပ်မတော်(ခုတင်-၁၀၀၀)နေပြည်တော်မှ နှလုံးအထူးကုသမားတော်ကြီးဒေါက်တာမြင့်ဇော်၊ကင်ဆာအထူးကုပါရဂူ ဒေါက်တာလွှမ်းမိုးဟန်တို့အားလုံးအား ကျေးဇူးအထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်လှ (ပြင်ဦးလွင်)

**အသက်(၈၉)နှစ်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်သူရဘိုနီ-ဒေါ်ခင်မလေးတို့၏မိခင်၊ ဗိုလ်ကြီးလဲ့လဲ့ဘိုနီ၊ ဗိုလ်ကြီးလင်းဘိုနီ-မနိုနိုဇော်တို့၏အဘွား ဒေါ်လှသည် ၂၁-၉-၂၀၁၅ရက် နံနက် ၄း၁၀နာရီတွင် နေပြည်တော် ဇမ္ဗူသီရိဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲချုပ်နှင့် ဇနီး**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်လှ (ပြင်ဦးလွင်)

**အသက်(၈၉)နှစ်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်သူရဘိုနီ-ဒေါ်ခင်မလေးတို့၏မိခင်၊ ဗိုလ်ကြီးလဲ့လဲ့ဘိုနီ၊ ဗိုလ်ကြီးလင်းဘိုနီ-မနိုနိုဇော်တို့၏အဘွား ဒေါ်လှသည် ၂၁-၉-၂၀၁၅ရက် နံနက် ၄း၁၀နာရီတွင် နေပြည်တော် ဇမ္ဗူသီရိဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲချုပ်နှင့် တပ်ဖွဲ့ဝင်များ**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

---

## ဦးနုကျော် (မာန်အောင်မြို့နယ်)

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ လဝက**

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရွှေလောင်းလမ်း၊ အမှတ် ၆၃နေ (ဦးသာပွင့်-ဒေါ်ညီမနု)တို့၏သား၊ (ဦးစံလှအောင်-ဒေါ်အေးသန္တာ)တို့၏သားသမက်၊ ဒေါ်ကြည်ကြည်ဖဲ(အထပြ၊ ငြိမ်း)၏ခင်ပွန်း၊ မောင်လှရွှေ(ထွန်းထွန်း)-မမီမီကျော်(ခေတ္တ-U.S.A)၊ မောင်အောင်မျိုးကျော်(Norstar Ship Mana-gement Pte.Ltd)-မရူပစန္ဒာ၊ မောင်ကျော်လွင်အောင်(Raffles Technical Services Pte Ltd.)-မအေးအေးကျော်တို့၏ဖခင်၊ မောင်အောင်ကျော်မြတ်၊ မထက်ထက်ဝင့်ကျော်တို့၏အဘိုးသည် ၂၁-၉-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၉း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၃-၉-၂၀၁၅ရက်တွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၉-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ဇရပ် ဒါယိကာမကြီး**

## ဒေါ်ခင်သန်း

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ နတ်စင်လမ်း၊ အမှတ် ၄၀နေ (ဦးသိန်းဟန်-ဒေါ်အေးမှင်)တို့၏သမီး၊ (ဦးဘိုးဘ-ဒေါ်သဲယုံ)တို့၏ သမီးချွေးမ၊ ဦးမောင်ခိုင်၏ဇနီး၊ ဒေါ်ခင်ဌေးဝင်း (အထက-၃၊ ကြည့်မြင်တိုင်၊ ငြိမ်း)၊ ဦးအောင်ကျင်-ဒေါ်ခင်မြဝင်း၊ ကိုမြတ်စိုး(ခ)ကိုဖိုးချိုတို့၏မိခင်၊ မယုယုနန္ဒာအောင်(Engineer. Ta Gaung Bwar Co.,Ltd)၊ မနှင်းရတနာအောင်တို့၏ အဘွားသည် ၂၀-၉-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၀၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၅နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၉-၂၀၁၅ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး**

## ဒေါ်အုန်းညွန့်

**အသက်(၈၀)**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်ကလေးဈေးလမ်း၊ တိုက် ၄၄၊ ငါးလွှာနေ (ဦးမောင်သစ်-ဒေါ်မြကြွေ)တို့၏သမီး၊ (ဦးပေါ်လှိုင်-ဒေါ်သုန်)တို့၏ချွေးမ၊ (ဦးအောင်ကြည်)၏ဇနီး၊ ဦးချစ်ခိုင်-(ဒေါ်လှမြင့်)၊ ဦးတင်ဦး-ဒေါ်မူမူဝင်း၊(ဦးတင်ထူး)-ဒေါ်ဝင်းဝင်းမာ-ဒေါ်တင်တင်ထွေး၊ ဒေါ်ခင်မာချို (ညွန့်မိသားစု)(ရွှေလှေကား မုန့်ဟင်းခါး)၊ ဒေါ်ဖြူဖြူဝင်းတို့၏မိခင်၊ မြေး ၂၀၊မြစ်၁၉ယောက်တို့၏ဘွားဘွားကြီးသည် ၁၉-၉-၂၀၁၅ရက် (စနေနေ့) နံနက် ၃း၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၉-၂၀၁၅ရက် (သောကြာနေ့) နံနက် ၇နာ ရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး**

## ဒေါ်ခင်စီ

**ဇနီတာရာမ(မိုးကုတ်၊ ယောဂီ)**
**AGM၊ ဘဏ္ဍာရေး၊**
**ဟိုတယ်/ခရီး (ငြိမ်း)**

**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၄၁)ရပ်ကွက်၊မဥ္ဇူသကလမ်း၊ အမှတ် ၁၁၆၂နေ ဒေါက်တာမြင့်အောင် (ပါမောက္ခ၊ ဌာနမှူး၊ ငြိမ်း၊ မြန်မာစာဌာန၊ တောင်ငူတက္ကသိုလ်)၏ ဇနီး၊ ဦးအောင်ကိုကို-ဒေါ်ခင်လေးနွယ်တို့၏မိခင်သည် ၂၁-၉-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၁၅ရက် နံနက် ၁၀နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၉-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး**

## ဦးဖုန်းမြင့်

**ဌာနမှူး(ငြိမ်း)**
**M.P.P.E (ဓနိတော) သာကေတ**

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလ၊ တိုက် ၁၂၊ အခန်း ၁၆နေ(ဦးလှထွန်း-ဒေါ်မြရွှေ)တို့၏တစ်ဦးတည်းသောသား၊ တောင်ဥက္ကလာပနေ (ဦးမောင်ညွန့် - ဒေါ်မြမြ)တို့၏ သားသမက်၊ အမှတ် ၁၇၊ ခိုင်ရွှေဝါလမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့နယ်နေ ဒေါ်လီလီညွန့်၏ချစ်လှစွာသောခင်ပွန်း၊ မမဖြိုးသန့်၊မအိအိထိုက်၊မခင်မမျိုး၊ (မောင်ဇာဏီဖုန်းမြင့်)တို့၏ ချစ်လှစွာသောဖခင်ကြီးသည် ၂၁-၉-၂၀၁၅ရက် နံနက် ၅း၂၅နာရီတွင် ဗဟိုရိစည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၃-၉-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက်၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ရေကန်၊စာကြည့်တိုက်ဒါယကာကြီး**

## ဦးကောက်

**(ဦးကောက်-မုန့်မျိုးစုံဖြန့်ချိရေး) ပဲခူးမြို့**
**(စိန်စတိုး-ဘုရင့်နောင်ပွဲရုံ) ရန်ကုန်မြို့**

**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်း၊ ချမ်းမြေ့ရိပ်သာကျောင်းတိုက်ဆရာတော် ဦးဇဝန၏ရဟန်းဒါယကာကြီး၊ ပဲခူးမြို့နေ ဒေါ်သန်းသန်းမြင့်(ဦးကောက်မုန့်တိုက်)၊ ရန်ကုန်မြို့နေ ဦးမျိုးရီ-ဒေါ်ဌေးမြင့်၊ ပဲခူးမြို့နေ ဒေါ်အေးအေး (ပွင့်ရတနာအဆင့်မြင့် မူကြိုကျောင်း၊ ပဲခူး)၊ ဒေါ်ယုယု(စိန်စတိုး၊ ဘုရင့်နောင်ပွဲရုံတန်း)တို့၏ဖခင်၊ မောင်ဇော်မျိုးထွန်း၊ မချောစုသဇင်တို့၏ဘိုးဘိုးကြီးသည် လှိုင်မြို့နယ်၊ (၄)ရပ်ကွက်၊ မြရိပ်မွန်အိမ်ရာ၊ ပိတောက်လမ်းသွယ်(၂)၊ အမှတ် (K 1A) နေ (ဒေါ်အုန်း)၏ချစ်လှစွာသောခင်ပွန်းသည် ၂၁-၉-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၉း၀၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၉-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် လှိုင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးတုတ် (တောအုပ်၊ ငြိမ်း၊ သစ်တောဦးစီးဌာန)

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ယမနေ ဇလမ်း၊ အမှတ် ၇၇၈နေ (ဦးသာကျော်-ဒေါ်ငွေစိန်)တို့၏သား၊ (ဒေါ်စိန်အိ)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မြင့်မြင့်ဦး(သစ်တောဦးစီးဌာန)၊ ဦးစံသိန်း- ဒေါ်မြင့်မြင့်သန်း(သစ်တောဦးစီးဌာန)၊ ဦးအောင်စိုး(သစ်တောဦးစီးဌာန)- ဒေါ်အေးမိုးဝင်း၊ ဦးမျိုးဆွေ(ကညန)-ဒေါ်မြင့်မြင့်စန်း၊ ဒေါ်သန်းသန်းထွေး(သစ်တောဦးစီးဌာန)တို့၏ချစ်လှစွာသောဖခင်၊ မြေးငါးယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၁-၉-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၄နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၉-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသိန်းလွင်(ခ)တော်တူးညို (လှည်းကူး)

**ကုန်သွယ်ရေး(ငြိမ်း)**

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၇)ရပ်ကွက်၊ ၂၄လမ်း၊ အမှတ် ၄၅၊ မြေညီထပ်နေ (ဦးအိန်ချောင်-ဒေါ်နု)တို့၏သား၊ (ဦးပွင့်ကြည်-ဒေါ်သိန်းကြည်)တို့၏သားသမက်၊ဒေါ်ညွန့်ညွန့်ရီ၏ခင်ပွန်း၊ မအေးမိမိစိုး-ကိုကျော်စွာလှိုင်၊ ကိုနေယု-မသိမ့်သဥ္ဇာဝင်း၊ ကိုဇော်ယုတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၁-၉-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးတင်ဝင်း(၇)

**အကြီးတန်းအကောက်ခွန်မှူး(ငြိမ်း)**

**အသက်(၇၈)နှစ်**

သူငယ်ချင်း ဗိုလ်မှူးကျော်သူထိုက်(ငြိမ်း)-ဒေါ်အိအိခိုင်တို့၏ ဖခင်ကြီး ဦးတင်ဝင်း(၇)သည် ၂၀-၉-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်(၃၃)မှ သူငယ်ချင်းများ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဒုတိယဗိုလ်မှူးကြီးမြသန်း (ငြိမ်း၊ တဗ-၄)

**ဒုတိယအထွေထွေမန်နေဂျာ (ရန်ကုန်မြို့တော်ဘဏ်လီမိတက်)**

**အသက်(၆၀)**

ရန်ကုန်မြို့နေ ဦးဖောင်း-ဒေါ်မြကြည်တို့၏သား၊ တိုက်ကြီးမြို့နယ်၊ အိုးတန်းရပ်ကွက်၊ ပြည်လမ်း၊ အမှတ် ၂၂နေ ဦးသန်းအေး-ဒေါ်စိန်စိန်ဦးတို့၏ သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ စည်ပင်အားကစားဝင်း၊ ဘဏ်အရာရှိရိပ်သာ၊ တိုက် ၇၊ အခန်း ၆နေ ဒေါ်အေးအေးသက်၏ခင်ပွန်း၊ မောင်ဘုန်းမြင့်မြတ်(ပညာရွှေပြည် ကိုယ်ပိုင်အထက်တန်းကျောင်း G-4)၏ဖခင်သည် ၂၁-၉-၂၀၁၅ရက် မွန်းလွဲ ၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၉-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## NU CING DO NIANG

**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၃လမ်း(အလယ်)နေ (ဦးဆွောင်ခိုထန် - ဒေါ်လွန်ဇာဝုန်)တို့၏ သမီး၊ (ဦးတွာလ်ဇာတွင်)၏ ချစ်လှစွာသော ဇနီး၊ ဦးထန်ရှင်းမန်(Second Chance Discipleship Ministry- Myanmar)၊ ဦးထန်လျင်ကပ်(Every Nation)၊ဒေါ်ဒိမ်ဟောက်ကျင်(VCF)၊ မောင်ရှင်စွမ်လျန်(Tulsa, USA)၊ ဒေါ်ဝုန်ခမ်းလွန်(Tul-sa, USA)၊ ဦးဆွမ်ခိုင်ကိမ်း(Chicago, USA)၊ ဒေါ်ကျင်လမ်းနမ်(Nashville, USA)၊ မောင်လျန်ဇမုံ(ခေတ္တ-မလေးရှား)၊ ဒေါ်ဒင်ခန်နွမ်(Tulsa, USA)၊ မောင်ဂင်ဆွမ်ထန်(Melbourne, Australia)၊ မမန်ခေါ်ဝုန် (Melbourne, Australia)၊ မောင်ထန်သျှယ်ဆမ် (Melbourne, Australia) တို့၏ မိခင်ကြီးသည် ၂၀-၉-၂၀၁၅ရက် နံနက် ၈း၂၀နာရီတွင် သြစတြေးလျနိုင်ငံ မယ်လ်ဘုန်းမြို့တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး**

## ဒေါ်နုနုခင် (မကွေး)

**(ဒုဥက္ကဋ္ဌ၊ မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်)**

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၄)ရပ်ကွက်၊မြကန်သာလမ်း၊ အမှတ်(Q-13)နေ (ဦးညွန့်မောင် - ဒေါ်ခင်ပု)တို့၏ သမီး၊ ဦးအေးကို (ဥက္ကဋ္ဌ၊ မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်)၏ဇနီး၊ ဦးဇော်ညွန့်ဦး (မန်နေဂျင်းဒါရိုက်တာ၊ မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်)-ဒေါ်မေမြတ်ကြူ၊ ဦးအောင်ကျော်ဦး(President & CEO ၊ မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်)၊ ဦးအောင်ထွန်းဦး (ခ) ဦးထွန်းထွန်းဦး (ဒါရိုက်တာ၊ မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက်) - ဒေါ်ကြူကြူချိုတို့၏မိခင်၊ မြေး ခုနစ်ယောက်တို့၏ အဘွားသည် ၂၁-၉-၂၀၁၅ရက် နံနက်၂း၂၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ကွယ်လွန်သွားပါ၍ ၂၃-၉-၂၀၁၅ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# လျှပ်စစ်မီးရရှိရေးဆောင်ရွက်ရာတွင် ရေရှည်ခိုင်မြဲသည့် အမျိုးသားဓာတ်အားပေးစနစ်ဖြစ်ရန်လို



အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးအမှုဆောင် ကော်မတီနာယက ဒုတိယသမ္မတ ဦးညဏ်ထွန်း အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး အမှုဆောင်ကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

**နေပြည်တော် စက်တင်ဘာ ၂၁**

အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေးအမှုဆောင် ကော်မတီအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး အမှုဆောင် ကော်မတီနာယက ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဦးအုန်းမြင့်၊ ဦးဇေယျာအောင်၊ ဦးမောင်မြင့်၊ ဦးဝင်းရှိန်၊ ဒေါက်တာကိုကိုဦး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် စွမ်းအင်နှင့်လျှပ်စစ်ကဏ္ဍဆိုင်ရာ အမျိုးသားအဆင့် စီမံချက်ကြီးသုံးခုဖြစ်သည့် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ပူးပေါင်းရေးဆွဲသည့် အမျိုးသားစွမ်းအင်စီမံချက်၊ ဂျပန်နိုင်ငံ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီနှင့် ပူးပေါင်းရေးဆွဲသည့် အမျိုးသားလျှပ်စစ်ဓာတ်အားစီမံချက်၊ ကမ္ဘာ့ဘဏ်အုပ်စုနှင့်ပူးပေါင်း ရေးဆွဲသည့် အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်များအား တာဝန်ခံဝန်ကြီးဌာနများနှင့် ကျွမ်းကျင်ပညာရှင်များမှ အသေးစိတ်လေ့လာသုံးသပ်ပြီး ရေးဆွဲခဲ့ပါကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ ●

# ပဲခူးရိုးမရှိ မြောက်ဇာမရီ သဘာဝတော၌ ဘေးမဲ့ ဆင်စခန်းများ ထူထောင်မည်

**ရန်ကုန် စက်တင်ဘာ ၂၁**

ကမ္ဘာပေါ်တွင် တိရစ္ဆာန်ကာကွယ်စောင့်ရှောက်ရေးအား နှစ် ၃၀ နီးပါး ဆောင်ရွက်လျက်ရှိသည့် ဘေးမဲ့တောများနိုင်ငံအနှံ့ တည်ထောင်နေသော FOUR PAWS International ( FPI ) နှင့် မင်္ဂလာမြန်မာအသင်းတို့မှ ပူးပေါင်း၍ ပဲခူးရိုးမရှိ သဘာဝဘေးမဲ့တောဖြစ်သော မြောက်ဇာမရီနေရာ၌ ဆင်ဘေးမဲ့တော (Elephant Century)တည်ထောင်ရန်နှင့် ဆင်များပြန်လည်ထူထောင်ရေးအတွက် စခန်းများအား ဆောင်ရွက်တော့မည်ဖြစ်သည်။

ဧကပေါင်း ၃၈၀ကျော်ရှိသော အဆိုပါ မြောက်ဇာမရီနေရာအား ဆင်များအတွက်သာမဟုတ်ဘဲ အခြားတောရိုင်းတိရစ္ဆာန်များနှင့် သစ်ပင်ပန်းမန်များအတွက်ပါ ထိန်းသိမ်းဆောင်ရွက်ရန်စီစဉ်ထားပြီး FOUR PAWS International မှာ စာမျက်နှာ ၁၂ ကော်လံ ၅ ❄

# မြန်မာအသင်း ယှဉ်ပြိုင်မည့် အာရှ ယူ-၁၉ ခြေစစ်ပွဲအုပ်စု (G) စက်တင်ဘာ ၂၇ ရက် စတင်မည်

ရန်ကုန် စက်တင်ဘာ ၂၁

**မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှ ယူ -၁၉ ခြေစစ်ပွဲအုပ်စု (G) ပွဲစဉ်များကို စက်တင်ဘာ ၂၈ ရက်မှ စတင်ကာ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပတော့မည် ဖြစ်သည်။**

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ဖိုးသော်ဇင်

အာရှ ယူ-၁၉ ပြိုင်ပွဲဆိုသည်မှာ မြန်မာဘောလုံး ပရိသတ်များနှင့် မစိမ်းသည့်ပြိုင်ပွဲတစ်ခုဖြစ်ပြီး မြန်မာဘောလုံးသမိုင်းတွင် ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။ ဖီဖာ ယူ -၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်အတွက် မြစ်ဖျားခံရာ ပြိုင်ပွဲလည်းဖြစ်သည်။ ၂၀၁၄ အာရှ ယူ- ၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ နောက်ဆုံးအဆင့်ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သောကြောင့် ခြေစစ်ပွဲဝင်စရာမလိုဘဲ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။ ယခုနှစ်တွင် မြန်မာအသင်းမှာ ခြေစစ်ပွဲအဆင့်မှ

စာမျက်နှာ ၁၂ ကော်လံ ၅ ❀



■ ပြည်တွင်း


# ယနေ့ လိုင်းကားအစီးရေ ၄၃၀၀ ကျော်ဖြင့် ပုံမှန်ပြန်လည်ပြေးဆွဲလျက်ရှိ

စာမျက်နှာ ❖ ၃

■ ပြည်တွင်း

# ဘဏ္ဍာရေးဝန်ကြီးဌာန ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၅)ထုတ်ပြန်ထား

စာမျက်နှာ ❖ ၁၂




မြန်မာ့အလင်း
mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။

# ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများ

## ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုကြေညာခြင်း

"မဲစာရင်းတွင် အမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းမှားယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံ ပြောကြားသူရှိလျှင်
ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့် ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲ
နည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။"

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်




ရွေးကောက်ပွဲကျင်းပရန်

၄၅

ရက်သာလိုတော့သည်။



### ဒါတွေလုပ်ပါ


– ကိုယ်မဲပေးရွေးချယ်ရမယ့် ကိုယ်စားလှယ်လောင်းများစာရင်းကို ကြိုတင်သွားကြည့်ပါ။



### ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်သူများ

ရွေးကောက်ပွဲနေ့တွင် သက်ဆိုင်ရာ မဲဆန္ဒနယ်၏ ပြင်ပတွင်ရောက်ရှိနေသည့် –

၁။ တပ်မတော်သားများနှင့်အတူနေ အိမ်ထောင်စုဝင်များ
၂။ ကျောင်းသားများ
၃။ သင်တန်းသားများ
၄။ အခြားမဲဆန္ဒရှင်များ






### ဒါတွေလုပ်ပါ

– လွှတ်တော်သုံးရပ်အတွက် မဲသုံးမဲပေးရမည်ကို သတိပြုပါ။



### ဒါတွေမလုပ်ပါနဲ့

– မဲရုံတစ်ရုံထက်ပိုပြီး မဲမပေးရပါ။

### မဲပုံး

ပလတ်စတစ် အကြည်ပုံးများ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ် (သို့) တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းရင်းသားလူမျိုး မဲပုံး စသည့်မဲပုံးများတွင် လွှတ်တော်အမည်ပါ စာရွက်များ ကပ်ထားမှာပါ။

## ခမောက်ကြီးမြို့တွင် အခြေခံမဲဆန္ဒရှင်စာရင်းများထုတ်ပြန်ကြေညာ

**ခမောက်ကြီး စက်တင်ဘာ ၂၁**

အထွေထွေ ရွေးကောက်ပွဲတွင် ပြည်သူများဆန္ဒမဲပေးနိုင်ရေး မြို့ပေါ် ရပ်ကွက်နှင့်ကျေးရွာများရှိ အခြေခံမဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၁၄ ရက်က စတင်၍ ခမောက်ကြီး မြို့ပေါ် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ အသိပေးကြေညာထားကြောင်း သိရသည်။

အဆိုပါ စာရင်းများတွင် မိမိ အမည်မှန်ကန်တိကျ ပြည့်စုံစွာပါဝင်ခြင်း ရှိ/မရှိ ကိုယ်တိုင်သွားရောက်ကြည့်ရှုစစ်ဆေးနိုင်ရေးနှင့် စာရင်းမပါဝင်ပါက စာရင်းပါဝင်နိုင်ရေး တောင်းဆိုမှု၊ နည်းဥပဒေအရမပါသင့်သူများပါဝင်နေပါက အမှားပြင်ဆင်နိုင်ရေး၊ ကန့်ကွက်လိုပါက ကန့်ကွက်လိုခြင်းများကို လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေပြဋ္ဌာန်းချက်ပါ သတ်မှတ်ပုံစံလျှောက်လွှာများကို သက်ဆိုင်ရာ ရပ်/ကျေးအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် အခမဲ့ ထုတ်ယူဖြည့်စွက်၍ ကြိုတင်လျှောက်ထားနိုင်ကြောင်း ရပ်/ကျေးတာဝန်ရှိသူများက စည်ဆက်မပြတ်အသိပေးနှိုးဆော်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မဲဆန္ဒရှင်စာရင်းများကို စိစစ်

တနင်္သာရီမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ အဖွဲ့ဝင် ပြန်/ဆက်ဦးစီးဌာနဦးစီးမှူး ဒေါ်မိသူဇာသည် တမုတ်ချုန်းကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးညွန့်မောင်နှင့်အဖွဲ့ဝင်များ၊ မဲစာရင်းစိစစ်ရေးအဖွဲ့ဝင်များနှင့်အတူ စက်တင်ဘာ ၁၈ရက်က တမုတ်ချုန်းကျေးရွာအုပ်စုအတွင်းမှ ကျေးရွာမဲဆန္ဒရှင်စာရင်းများတွင် အမည်စာရင်းကျန်ရှိခြင်း၊ မှားယွင်းခြင်း၊ ပယ်ဖျက်ခြင်းအား ပြန်လည်လျှောက်ထားခြင်း၊ ပြင်ဆင်မှုပြုနိုင်ရန်အတွက် ကွင်းဆင်းစိစစ်ခဲ့သည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၁

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၂၁ ရက် ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



ပထမဦးစွာ တိုင်းသူပြည်သားအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။

နိုဝင်ဘာလ ၈ ရက်နေ့မှာကျရောက်မယ့် ရွေးကောက်ပွဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နိုင်ငံတစ်ဝန်းဝင်ရောက် ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်တယ်ဆိုတာ ပြည်သူလူထုရဲ့ ထောက်ခံမဲတွေကို တောင်းခံတာပဲဖြစ်တာကြောင့် ပြည်သူကို ကျွန်မတို့ အဖွဲ့ချုပ်ရဲ့ မူဝါဒသဘောတရားများ၊ နိုင်ငံ့အတွက် မျှော်မှန်းချက်များနဲ့ သမိုင်းဖြစ်စဉ်အချို့ကို တင်ပြချင်ပါတယ်။

ဒီမိုကရေစီစနစ်တည်ထောင်ရာမှာ ပြည်သူလူထုရဲ့ကဏ္ဍဟာ အဓိကပါပဲ။ ပြည်သူလူထုရဲ့ ဆန္ဒ၊ သြဇာ၊ အာဏာအပေါ် အခြေခံတဲ့စနစ်ဖြစ်တာကြောင့် ပြည်သူတွေ တက်တက်ကြွကြွပါဝင်ကြမှာ အောင်မြင်နိုင်မှာပါ။ ပြည်သူတွေရဲ့ ပါဝင်ပတ်သက်မှုလိုအပ်သလို ပြည်သူတွေရဲ့ ဆုံးဖြတ်ချက်ဟာ အင်မတန်အရေးကြီးပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ပွင့်လင်းထင်ရှားတဲ့၊ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲမှတစ်ဆင့် ဖော်ထုတ်လိုက်တဲ့ ပြည်သူ့ဆန္ဒကို လေးစားလိုက်နာပါ့မယ်ဆိုတာကို အာမခံပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို (၁၉၈၈) ခုနှစ်မှာ လူ့အခွင့်အရေးများကို ကာကွယ်ထိန်းသိမ်းမယ့် စစ်မှန်တဲ့ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ဖို့ရည်မှန်းချက်နဲ့ ထူထောင်ခဲ့တာဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ ပန်းတိုင်ရောက်အောင်ကြိုးပမ်းရာမှာ အကြမ်းမဖက်ရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ သဟဇာတဖြစ်ရေး၊ အာဃာတကင်းစင်ရေးစတဲ့ သဘောတရားများကို ခိုင်ခိုင်မာမာစွဲကိုင်ခဲ့ပါတယ်။ (၂၇)နှစ်အတွင်း အခက်အခဲပေါင်းစုံကို အဖွဲ့ချုပ်နဲ့ အဖွဲ့ချုပ်ဝင်များ ပြင်းပြင်းထန်ထန်ခံခဲ့ရပေမယ့် ဒီမူဝါဒသဘောတရားတွေကို လုံးဝလက်မလွှတ်ခဲ့ပါဘူး။ အခုလည်း ကျွန်မတို့နိုင်ငံ တည်ငြိမ်အေးချမ်းစွာ ပြောင်းလဲနိုင်ရေးအတွက် ဒီမူဝါဒသဘောတရားတွေအရ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တိုင်းပြည်မထိ၊ ပြည်သူမနာတဲ့နည်းလမ်းတွေနဲ့သာ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးကို ပြည်ထောင်စုသားအားလုံးနဲ့အတူ ပူးပေါင်းလက်တွဲ အကောင်အထည်ဖော်လိုတဲ့ဆန္ဒနဲ့အညီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ (၁၉၉၀) ခုနှစ် ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ လူထုရဲ့ တစ်ခဲနက်ထောက်ခံမှုကို ရရှိခဲ့ပေမယ့် တိုင်းပြည်တာဝန်ကို ထမ်းဆောင်ခွင့်မရခဲ့ဘူးဆိုတာ အများသိပြီးဖြစ်ပါတယ်။ ဒါပေမယ့်လည်း ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲဟာ မြန်မာနိုင်ငံသူ နိုင်ငံသားများရဲ့ပြင်းပြတဲ့ ဒီမိုကရေစီရရှိရေးဆန္ဒကို ဖော်ထုတ်လိုက်တာကြောင့် ကျွန်မတို့နိုင်ငံ ဒီမိုကရေစီရေးနဲ့အတူ အဖွဲ့ချုပ်ပါ ဆက်လက်ရှင်သန်လှုပ်ရှားနိုင်ခဲ့ပါတယ်။ မဲဆန္ဒရှင်ပြည်သူတွေရဲ့ ကျေးဇူးကို မမေ့မလျော့ တန်ဖိုးထားလျက်ပါ။

(၂၀၁၂) ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာကလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ နိုင်ငံအတွက် မျှော်မှန်းချက်တွေကို တတ်အားသရွေ့ အေးချမ်းစွာဥပဒေဘောင်အတွင်းက ဖော်ဆောင်ဖို့ရာ ကြိုးပမ်းချက်ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲရေးတို့ကို အဖွဲ့ချုပ်ရဲ့ဦးတည်ချက်တွေအဖြစ် သတ်မှတ်ခဲ့ပါတယ်။ ပြည်သူရဲ့ ယုံကြည်ထောက်ခံမှု ကျေးဇူးကြောင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ မဲဆန္ဒနယ်(၄၄) နေရာ အနက် (၄၃) နေရာမှာ အနိုင်ရရှိခဲ့ပါတယ်။ ကိုယ်စားလှယ် (၆၀၀) ကျော်ပါဝင်တဲ့ ပြည်ထောင်စုလွှတ်တော်မှာ (၄၀) ကျော်မျှသော ကိုယ်စားလှယ်များရဲ့ စွမ်းဆောင်အားဟာ အကန့်အသတ်နဲ့သာ ရှိနိုင်မယ်ဆိုတာ ပြည်သူတွေနားလည်နိုင်လိမ့်မယ်လို့ ယူဆပါတယ်။ ဒီမိုကရေစီအကျိုး၊ ပြည်ထောင်စုအကျိုးအတွက် လွှတ်တော်အတွင်းသာမက၊ လွှတ်တော်ပြင်ပမှာပါ အဖွဲ့ချုပ်က ကြိုးပမ်းခဲ့မှုများကြောင့် ပြည်သူပြည်သားများ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲဖို့ဘာကြောင့် လိုအပ်တယ်ဆိုတာကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် နားလည်ခဲ့ကြတယ်လို့ ယုံကြည်ပါတယ်။ ဒါပေမယ့် (၂၀၁၂) ကြားဖြတ်ရွေးကောက်ပွဲရဲ့ဦးတည်ချက်တွေကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဖို့ကတော့ အစိုးရတာဝန်တွေထမ်းဆောင်ပိုင်ခွင့် လိုအပ်ပါတယ်။ ဒီတာဝန်ကိုပြည်သူလူထုက အပ်နှင်းပေးစေလိုတာကြောင့် ယခု (၂၀၁၅) ခုနှစ်နိုဝင်ဘာလ ၈ ရက်နေ့ ရွေးကောက်ပွဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပါဝင်ယှဉ်ပြိုင်မှာပါ။

တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးဟာ ဆက်နွှယ်နေပါတယ်။ ဥပဒေများဟာ တရားပြီး အများပြည်သူတွေရဲ့ ဘဝလုံခြုံရေးအတွက် ဖြစ်ရပါမယ်။ ဒါကြောင့်ဖျက်တန်ရာဖျက်၊ ပြင်တန်ရာပြင်၊ အသစ်ပြဋ္ဌာန်းတန်ရာ အသစ်ပြဋ္ဌာန်းဖို့လိုပါတယ်။ တရားဥပဒေများ ထိရောက်မှုရှိစေရေးအတွက် လုပ်ဆောင်ပိုင်ခွင့်အာဏာကတော့ အုပ်ချုပ်ရေးဆိုင်ရာနဲ့ တရားစီရင်ရေးဆိုင်ရာတို့မှာသာ ရှိတာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးထိရောက်စွာ အကောင်အထည်ဖော်နိုင်တာက အစိုးရသာဖြစ်ပါတယ်။ ဒါကြောင့်အစိုးရဖွဲ့နိုင်ရေးဟာ တရားဥပဒေစိုးမိုးရေးဦးတည်ချက်အောင်မြင်ဖို့အတွက် အဓိကကျပါတယ်။

(၂၀၁၂) ကြားဖြတ်ရွေးကောက်ပွဲအကြိုကာလမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ပြည်တွင်းငြိမ်းချမ်းရေးဦးတည်ချက်ကို တင်ပြခဲ့ပါတယ်။ ပြည်တွင်းစစ်ရပ်စဲသွားဖို့အတွက် အဆင့်(၃)ဆင့်နဲ့ ဆောင်ရွက်သွားရန်လိုကြောင်း၊ ပထမအဆင့်မှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အပစ်အခတ်ရပ်စဲရေး၊ ဒုတိယအဆင့်မှာ နိုင်ငံရေးဆွေးနွေးပွဲတွေ ကျင်းပပြီးညှိနှိုင်းအဖြေရှာရေး၊ တတိယအဆင့်မှာတော့ ပင်လုံရဲ့အခြေခံမှုဖြစ်တဲ့ တိုင်းရင်းသားတန်းတူညီမျှမှု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်စသည်များကို ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံရေးပဲ ဖြစ်ပါတယ်။ အခုအချိန်မှာ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး ဖြစ်မြောက်စေရန်အတွက် သဘောတူညီချက်စာချုပ်ကို သက်ဆိုင်ရာအဖွဲ့အစည်းများ မကြာမီကာလအတွင်း လက်မှတ်ရေးထိုးနိုင်မဲ့ အလားအလာရှိနေတာကြောင့် ပြည်သူပြည်သားတွေဝမ်းသာစွာ စောင့်မျှော်နေကြပါတယ်။ ဒီအပစ်အခတ်ရပ်စဲရေးစာချုပ်ဟာ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်လေးစားယုံကြည်မှုတို့ပေါ်မှာ အခြေခံတဲ့၊ တည်တံ့ခိုင်မြဲမယ့်သဘောတူညီချက်ဖြစ်ဖို့ရာက အဓိက ဖြစ်ပါတယ်။

အပစ်အခတ်ရပ်စဲရေးစာချုပ် အောင်မြင်စွာသဘောတူလက်မှတ်ရေးထိုးပြီးတဲ့အခါမှာ၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းစေဖို့ မဖြစ်မနေလိုအပ်နေတဲ့ ထာဝရငြိမ်းချမ်းရေးရဲ့ အခြေခံအုတ်မြစ်ချခြင်းဖြစ်တဲ့ ဒုတိယအဆင့်နဲ့တတိယအဆင့်တို့ကို အကောင်အထည်ဖော်ရပါမယ်။ တကယ်တော့ ဒီအဆင့်နှစ်ဆင့်ကို တစ်ပြိုင်တည်းလုပ်သွားဖို့ လိုပါတယ်။ ဒုတိယအဆင့်ဖြစ်တဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို တာဝန်ယူဆောင်ရွက်ရမှာကတော့ နိုဝင်ဘာလ အထွေထွေရွေးကောက်ပွဲမှ ထွက်ပေါ်လာမယ့် အစိုးရပဲ ဖြစ်ပါတယ်။ ပြည်သူကလိုလားထောက်ခံခဲ့ရင် ဒီတာဝန်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ထမ်းဆောင်ဖို့အသင့်ဖြစ်ပါတယ်။

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေး ရည်မှန်းချက်ကို လွန်ခဲ့တဲ့ (၂၇)နှစ်အတွင်း အန္တရာယ်အခက်အခဲမျိုးစုံနဲ့ကြုံတွေ့ရပေမယ့် လုံးဝလက်မလွှတ်ခဲ့ပါ။ (၂၀၁၀) ကစပြီးလည်း ကျွန်မတို့အဖွဲ့ချုပ်က ဒုတိယပင်လုံညီလာခံကျင်းပရေးကို ဦးတည်ခဲ့တာဖြစ်ပါတယ်။ 'ဒုတိယပင်လုံ'ဆိုတာကတော့ ပင်လုံစိတ်ဓာတ်ရဲ့ အနှစ်သာရဖြစ်တဲ့ တိုင်းရင်းသားများအားလုံး (ဗမာတွေဟာလည်း တိုင်းရင်းသားတွေထဲမှာ ပါပါတယ်ဆိုတာ မမေ့ကြဖို့ သတိပေးပါရစေ) ပူးပေါင်းဆောင်ရွက်ခြင်းနဲ့သာ ဘုံမျှော်မှန်းချက်များကို အောင်မြင်အေးချမ်းစွာ အကောင်အထည်ဖော်နိုင်မယ်ဆိုတဲ့ ယုံကြည်ချက်အပေါ်အခြေခံတဲ့ငြိမ်းချမ်းရေး၊ ပြည်ထောင်စုရေးဆွေးနွေးပွဲကို ဆိုလိုတာပါ။

ယခုတစ်နိုင်ငံလုံး၊ တိုင်းနဲ့ပြည်နယ်အားလုံးမကျန်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်အရွေးခံတာဟာ စစ်မှန်တဲ့ပြည်ထောင်စုဖြစ်ပေါ်လာရေးအတွက်၊ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ပြည်ထောင်စုညီညွတ်မှုကို ကိုယ်စားပြုနိုင်မယ့် ဗဟိုအစိုးရဖွဲ့စည်းနိုင်ဖို့ ဖြစ်ပါတယ်။ ဗဟိုအစိုးရဟာ အမှန်တကယ်ဒီမိုကရေစီစံနှုန်းစံထားများနဲ့ ကိုက်ညီမှုရှိပြီး၊ တိုင်း၊ ပြည်နယ်အစိုးရတွေနဲ့ ဟန်ချက်ညီညီကြိုးပမ်းဆောင်ရွက်နိုင်မှသာ စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ထောင်နိုင်မှာပါ။ မတူကွဲပြားမှုကို အင်အားဖြစ်အောင်လုပ်ပြီး၊ ညီညွတ်မှု ကြိုးစားဖော်ဆောင်နိုင်ခွင့်ကို အဖွဲ့ချုပ်က ပြည်ထောင်စုသားအားလုံးထံက တောင်းခံခြင်းဖြစ်ပါတယ်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေဟာ အချိန်ကြာနိုင်ပါတယ်။ နိုင်ငံရဲ့ အနာဂတ်တစ်ခုလုံးအတွက် ရည်ရွယ်တဲ့သဘောတူညီမှုများကို အဆောတလျင်မရယူဘဲ အသေအချာတိုင်ပင်ဆွေးနွေးအဖြေရှာတာဟာ မှန်ကန်တဲ့လုပ်ရပ်ပါ။ သို့သော်လည်း အကန့်အသတ်မရှိအချိန်ဆွဲနိုင်တဲ့ အနေအထားမဖြစ်ဖို့လည်း အင်မတန်အရေးကြီးပါတယ်။ ဆွေးနွေးပွဲတွေက ထွက်ပေါ်လာတဲ့ သဘောညီချက်တွေကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်ဖို့ကလည်းအရေးကြီးပါတယ်။ ဒါကြောင့်ဒုတိယအဆင့်လို့ သတ်မှတ်တဲ့ ဆွေးနွေးပွဲများနဲ့ တစ်ပြိုင်နက်တည်း တတိယအဆင့်လို့ သတ်မှတ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ပြောင်းလဲရေးကိုလည်း လုပ်ကိုင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ပြောင်းလဲရာမှာ တပ်မတော်ရဲ့ကဏ္ဍက အဓိကဖြစ်တယ်ဆိုတာ ကျွန်မတို့ ပြည်သူပြည်သားများအသိဖြစ်ပါတယ်။ ပြင်ဆင်ပြောင်းလဲရေးနဲ့ပတ်သတ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အမြင်နဲ့ တပ်မတော်ရဲ့အမြင်ဟာ တစ်ထပ်တည်းမဟုတ်ဘူးဆိုတာကိုလည်း ပြည်သူပြည်သားများအသိဖြစ်ပါတယ်။ သို့သော်လည်း ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးရဲ့ အနာဂတ်တည်ငြိမ်တောက်ပရေးကို လိုလားတဲ့နေရာမှာ တပ်မတော်နဲ့ကျွန်မတို့အကြား လုံးဝကွဲပြားမှုမရှိဘူးလို့ ယုံကြည်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းက ပြည်သူတွေနဲ့ထူထောင်ခဲ့တဲ့ ပြည်သူ့တပ်မတော်ကို ပြည်သူ့အကျိုးကိုသာ ဦးတည်ဆောင်ရွက်တဲ့ ပြည်သူချစ်အဖွဲ့အစည်းအဖြစ် ပြည်သူပြည်သားများက ပြင်းပြစွာမြင်လိုနေကြပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနဲ့ လာမယ့်ရွေးကောက်ပွဲတွေမှာ ထွက်ပေါ်လာမယ့် ပြည်သူ့ဆန္ဒကို လေးစားကာကွယ်ရေးများအပါအဝင် နိုင်ငံရဲ့ ကံကြမ္မာဖန်တီးရေးနဲ့ ပတ်သက်တဲ့ကိစ္စအဝဝမှာ ပြည်သူနဲ့တပ်မတော်တစ်သားတည်းရှိဖို့ကို လေးလေးနက်နက်လိုလားနေကြပါတယ်။

အဖွဲ့ချုပ်ဟာ မြန်မာ့တပ်မတော်ကို ဒီမိုကရေစီစံနှုန်း စံထားများနဲ့အညီ၊ တိုးတက်ခေတ်မီပြည့်စုံစွာ ပြည်သူတွေလေးစားချစ်ခင်မှုကြောင့် ကမ္ဘာ့အလယ်တင့်တယ်တဲ့၊ နိုင်ငံနဲ့ပြည်သူလွတ်လပ်၊ လုံခြုံ၊ အေးချမ်းရေးတို့ကို အခိုင်အမာကာကွယ်ပေးမယ့်၊ နိုင်ငံက အားကိုးရတဲ့အဖွဲ့အစည်းဖြစ်စေလိုပါတယ်။ အဖွဲ့ချုပ်နဲ့ တပ်မတော်အကြား သံသယတွေဖယ်ရှားပြီး ပြည်ထောင်စုအရေး၊ ဒီမိုကရေစီရေးအတွက် အပြန်အလှန် ယုံကြည်လေးစားစွာ ပူးပေါင်းဆောင်ရွက်ချင် ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ပြောင်းလဲရေးမှာလည်း နိုင်ငံရဲ့တည်ငြိမ်မှု၊ ပြည်သူတွေရဲ့ နှလုံးစိတ်ဝမ်းအေးချမ်းမှုတွေကို မထိခိုက်စေဘဲ ပြည်သူ့ဆန္ဒနဲ့ကိုက်ညီစွာ အတူလုပ်ဆောင်ချင်ပါတယ်။




အဖွဲ့ချုပ်ဟာ ပြည်သူပြည်သားအားလုံး အေးချမ်းတည်ငြိမ်စွာ ရှင်သန်ပြီး၊ လွတ်လပ်လုံခြုံစွာဖွံ့ဖြိုးတိုးတက်နိုင်မယ့် လူ့အဖွဲ့အစည်းကို ထူထောင်ချင်ပါတယ်။ (၂၇)နှစ်ကျော် အတိုက်အခံ အဖွဲ့အစည်းတစ်ခုအနေနဲ့ရုန်းကန်ခဲ့ရတဲ့ပါတီဟာ၊ နိုင်ငံ့အစိုးရတာဝန်တွေကို ထမ်းဆောင်နိုင်တဲ့ အရည်အချင်းရှိနိုင်ပါ့မလားလို့ အချို့ကစောဒကတက်ပါတယ်။ ရှိနိုင်ရုံမက၊ ရှိကိုရှိပါတယ်လို့ ကျွန်မ ရဲရဲကြီးပြောဝံ့ပါတယ်။ တာဝန်တစ်ရပ်ကို ကျေပွန်စွာထမ်းဆောင်နိုင်ဖို့အတွက်အသိနှစ်ရပ်လိုအပ်ပါတယ်။ ဘာကိုမလုပ်သင့်၊ ဘာကိုလုပ်သင့်ဆိုတဲ့ အသိနှစ်ရပ်ပါပဲ။ ဘာကိုမလုပ်သင့်နဲ့ပတ်သက်လို့တော့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ အတွင်း မြန်မာနိုင်ငံကို အရှေ့တောင်အာရှရဲ့ အတောက်ပဆုံးကြယ်အဆင့်မှ မွေးမှိန်သေးသိမ်တဲ့ မထင်မရှားဂြိုဟ်လေးအဖြစ်ရောက်ရှိသွားစေတဲ့ဖြစ်ရပ်တွေကိုလေ့လာပြီး သင်ခန်းစာတွေ အများကြီးရနေပါပြီ။ ဘာတွေလုပ်သင့်တယ်ဆိုတာကတော့ ပြည်သူတွေက သင်ကြားပေးလို့သိနေရတာ ဖြစ်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ (၂၀၁၅) ခုနှစ်ရွေးကောက်ပွဲကြေညာစာတမ်းမှာ ပြည်သူလူထုရဲ့ဘဝတွေကောင်းမွန်မှန်ကန်စွာပြောင်းလဲနိုင်ဖို့အတွက် လုပ်ဆောင်ရန်ရည်မှန်းချက်များကို ကဏ္ဍလေးရပ်ခွဲပြီး တင်ပြထားပါတယ်။

(၁) တိုင်းရင်းသားအရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး

(၂) တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အေးချမ်းလုံခြုံစွာ လက်တွဲနေထိုင်ရေးကို အာမခံချက်ပေးနိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ထွန်းရေး

(၃) ပြည်သူလူထုအား တရားမျှတစွာအကာအကွယ်ပေးမည့် အုပ်ချုပ်မှုစနစ်တစ်ရပ် ပေါ်ပေါက်လာရေး

(၄) လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးတို့ ဖြစ်ပါတယ်။

ဒီရည်မှန်းချက်အားလုံးကို သတ်မှတ်ရာမှာ ပြည်သူတွေရဲ့အသံတွေနားထောင်၊ ပြည်သူတွေရဲ့ မျက်နှာတွေကြည့်ပြီး ၊ ပြည်သူတွေရဲ့ ဆန္ဒတွေအပေါ် အခြေခံထားတာဖြစ်ပါတယ်။ နိုင်ငံတစ်ဝန်း ပြည်သူတွေနဲ့ ဆွေးနွေးခွင့်ရခဲ့ရာမှ ပြည်သူတွေရဲ့ စိုးရိမ်ပူပန်မှုတွေ၊ အခက်အခဲတွေ၊ မျှော်လင့်တောင့်တချက်တွေကို ကြားသိခဲ့ရပါတယ်။

အဖွဲ့ချုပ်ရဲ့ လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအောက်မှာ စီးပွားရေး၊ တောင်သူလယ်သမား၊ မွေးမြူရေးနှင့်ရေလုပ်ငန်း၊ အလုပ်သမား၊ ပညာရေး၊ ကျန်းမာရေး စသဖြင့် အပိုင်း(၁၂)ပိုင်းပါဝင်ပါတယ်။ ပြည်သူများရဲ့ အဓိကလိုအပ်ချက်များကို ဖြည့်ဆည်းရန် ဦးတည်တဲ့မူဝါဒ၊ စီမံကိန်းများဖြစ်ပါတယ်။ ယခု နိုဝင်ဘာလရွေးကောက်ပွဲမှာ နိုင်ငံရေးပါတီ ၉၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ပါတီတိုင်းဟာ မိမိတို့ရဲ့ သဘောထားရည်ရွယ်ချက်တွေကို နိုင်ငံသိတင်ပြပြီး ပြည်သူတွေရဲ့ ထောက်ခံမှုကို တောင်းယူကြမှာ ဖြစ်ပါတယ်။ ထောက်ခံမှုတောင်းဆိုတယ်ဆိုတာ ယုံကြည်မှုကို တောင်းဆိုတာပါပဲ။ ဘယ်ပါတီကို ယုံကြည်ထောက်ခံရမယ်ဆိုတာကို ပြည်သူတွေက ဆုံးဖြတ်ရမှာပါ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြည်သူတွေရဲ့ စစ်ဆေးသုံးသပ်ချက်ကို ရဲရဲခံနိုင်ပါတယ်။

အဖွဲ့ချုပ်ဟာ မည်သည့်အခါကမှ တိုင်းပြည်နဲ့ပြည်သူ ထိခိုက်နစ်နာအောင်မလုပ်ခဲ့ပါ။ အဖွဲ့ချုပ်ဟာ နိုင်ငံရေးအရ ယှဉ်ပြိုင်တဲ့နေရာမှာ စည်းမျဉ်းစည်းကမ်းဘောင်အတွင်းက အစဉ်လုပ်ဆောင်ခဲ့ပါတယ်။ အဖွဲ့ချုပ်ဟာ မတရားမှုများကို ခိုင်ခိုင်မာမာဆန့်ကျင်ခဲ့သော်လည်း မည်သည့်ပုဂ္ဂိုလ်အဖွဲ့အစည်းကိုမှ လုပ်ငန်းဆိုင်ရာဘောင်ကိုကျော်လွန်ပြီး တိုက်ခိုက်ခြင်းမပြုခဲ့ပါ။ အဖွဲ့ချုပ်ဟာ ပြည်သူကိုပေးတဲ့ကတိကဝတ်တွေ မည်သည့်အခါကမှ မချိုးဖောက်ခဲ့ပါ။ အဖွဲ့ချုပ်ဟာ ပြည်သူကို လိမ်လည်လှည့်ဖြား၍သော်လည်းကောင်း၊ ခြိမ်းခြောက်၍သော်လည်းကောင်း စည်းရုံးဆွဲဆောင်ခြင်းမပြုခဲ့ပါ။

၁၉၈၈ခုနှစ် စတင်ဖွဲ့စည်းစဉ်ကစပြီး ယခုတိုင် ပြည်သူကို လေးစားပွင့်လင်းစွာ ဆက်ဆံခဲ့သည့်အတိုင်း ဆက်လက်ပြီး လုပ်ဆောင်သွားမည်မှာ အဖွဲ့ချုပ်ရဲ့ ခိုင်မာတဲ့သန္နိဋ္ဌာန်ဖြစ်ပါတယ်။ ပြည်သူတွေအပ်နှင်းတဲ့တာဝန်ကို ဖြောင့်မတ်စွာ အကောင်းဆုံးထမ်းဆောင်ဖို့က အဖွဲ့ချုပ်ရဲ့ ဂုဏ်သိက္ခာနဲ့ အသက်ပဲဖြစ်ပါတယ်။ နိုဝင်ဘာလ ၈ ရက်နေ့မှာကျရောက်မယ့် အထွေထွေရွေးကောက်ပွဲကြီးမှတစ်ဆင့် ပြည်သူများက အဖွဲ့ချုပ်ကို အစိုးရတာဝန်ထမ်းဆောင်နိုင်ရန် ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်ချပေးစေချင်ပါတယ်။ ဒီလိုတာဝန်ထမ်းဆောင်ခွင့်ရခဲ့ရင် အမျိုးသားရင်ကြားစေ့ရေး၊ သဟဇာတဖြစ်ရေး၊ အာဃာတကင်းစင်ရေးမှုများကို အစဉ်တစိုက်နှလုံးသွင်းပြီး ဒီမိုကရေစီ ပြည်ထောင်စုကြီး ထွန်းကားရေးအတွက် မည်သူ့ကိုမှ ရန်သူသဖွယ်မသတ်မှတ်၊ အခြားအဖွဲ့အစည်းများကို လက်ကမ်းကြိုဆိုပြီး အတူလုပ်ကိုင်သွားဖို့ ခိုင်ခိုင်မာမာခံယူထားပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ပြည်သူများရဲ့ဆုံးဖြတ်ချက်ကို လေးစားလိုက်နာမှာ ဖြစ်ပါတယ်။

ပြည်ထောင်စု မြန်မာနိုင်ငံတစ်ဝန်း ပြည်သူပြည်သားအားလုံး ကျန်းမာချမ်းသာကြပါစေ။ ဘေးအန္တရာယ်အပေါင်းမှကင်းဝေးကြပါစေ။ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ ကောင်းကျိုးလိုရာဆန္ဒအဝဝနှင့် ပြည့်နိုင်ကြပါစေ။

# မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၁

**မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးဇင်အောင်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၁ ရက် ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



လူတိုင်းလူတိုင်းဟာ ကိုယ့်သမိုင်းကိုယ်ရေးနေသလို လူတိုင်းမှာ သမိုင်းကိုယ်စီရှိကြပါတယ်။ ထိုနည်းအတူ ပါတီတိုင်း၊ အဖွဲ့အစည်းတိုင်းမှာလည်း သမိုင်းကိုယ်စီရှိကြပါတယ်။ ကောင်းတာလုပ်ရင် ကောင်းတဲ့သမိုင်း၊ မကောင်းတာလုပ်ရင် မကောင်းတဲ့သမိုင်းရှိနေပါတယ်။ သမိုင်းကို မြေမြှုပ်ဖျောက်ဖျက်ပစ်ရန်မရပါ။ ထိုအဆိုကို အဓိပ္ပာယ်လွဲမှားစွာ ကောက်ယူပြီး သမိုင်းကို တူးဆွဖြေရှင်းကြစတမ်းဆိုရင် အတိတ်သမိုင်းမှာပဲ တဝဲလည်လည်ဖြစ်ကာ ရှေ့ဆက်ဖို့ ခက်ခဲသွားမှာပါ။ သမိုင်းဆိုတာ သင်ခန်းစာယူပြီး အသိအမှတ်ပြုဖို့ပဲဖြစ်တယ်။ သမိုင်းကို လေးစားတန်ဖိုးထားဖို့ လိုပါတယ်။ လူတိုင်းကို တန်ဖိုးထားခြင်းက လူ့အဖွဲ့အစည်းရဲ့ ယဉ်ကျေးမှုအဆင့်အတန်းကို မြှင့်တင်နိုင်တဲ့ မောင်းနှင်အားတစ်ခုဖြစ်စေပါတယ်။ နိုင်ငံရေး ပဋိပက္ခအတွင်း နစ်နာခဲ့သူများ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ နစ်နာဆုံးရှုံးခဲ့မှုများကို တရားမျှတရေးအတွက် ကြိုးပမ်းသွားပါမည်။

၁၉၈၈ ခုနှစ် ဒီမိုကရေစီတော်လှန်ရေးနှင့်အတူ မွေးဖွားလာတဲ့ လူ့ဘောင်သစ်ရဲ့ အဓိကနိုင်ငံရေးမူဟာ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတွင်ရှိသော မည်သည့်အာဏာရှင် စနစ်မျိုးကိုမဆို တော်လှန်ဆန့်ကျင်သွားမယ်ဆိုတဲ့ မူဝါဒချမှတ်ပြီး ကျောင်းသားပါတီအဖြစ် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီကို ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ တိုင်းပြည်နဲ့ ပြည်သူလူထုအတွက် ဘဝကို စွန့်လွှတ်စွန့်စားပင် ပေးဆပ်ခဲ့သူတွေလည်း ဖြစ်ပါသည်။

ထိုသို့ဖြတ်သန်းခဲ့သည့်သမိုင်းကို လေးစားသောအားဖြင့် ပြည်သူလူထုကြားမှာ တရားဝင်ပြန်လည်ရှင်သန်နိုင်ရန်အတွက် လည်းကောင်း၊ ပြည်ပနိုင်ငံအသီးသီးသို့ ရောက်ရှိနေသော မိမိတို့လုပ်ဖော်ကိုင်ဖက်များ ပြည်တွင်းသို့ ဂုဏ်သိက္ခာရှိရှိ ပြန်လည်ဝင်ရောက်လာနိုင်ရန်အတွက် လည်းကောင်း၊ အကျဉ်းထောင်အသီးသီးတွင် အကျဉ်းကျခံနေရသော လုပ်ဖော်ကိုင်ဖက်များ ပြန်လည်လွတ်မြောက်ရန်အတွက်လည်းကောင်း ရည်ရွယ်ကာ ၂၀၁၀ ခုနှစ်တွင် မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအဖြစ် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါတယ်။ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲတွင် အကြောင်းအမျိုးမျိုးကြောင့် ယှဉ်ပြိုင်ခြင်းမပြုခဲ့သည့်အတွက် ဖျက်သိမ်းခံခဲ့ရပြီး ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမတိုင်မီ တရားဝင်ပြန်လည်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။

ယခုအခါ မူလလူ့ဘောင်သစ်အလံအောက်မှာ လူ့ဘောင်သစ်ပါတီနှင့် လူ့ဘောင်သစ်၏မူဝါဒများအတိုင်း ပေါင်းစည်းရေးအတွက် လက်မှတ်ထိုးသဘောတူညီထားပြီးဖြစ်သော်လည်း ကော်မရှင်ဥပဒေအရ ပါတီဝင်များ အသက်ဆက်နိုင်ရန် မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီအမည်ဖြင့် ရွေးကောက်ပွဲဝင်ရခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ပါတီ၏ အဓိကနိုင်ငံရေးမူမှာ လွတ်လပ်ရေး၊ တရားမျှတရေး၊ ငြိမ်းချမ်းရေး၊ အေးအတူပူအမျှ အညီအမျှခံစားနိုင်ရေးဖြစ်ပြီး ဘယ်ပါတီအာဏာရရ၊ ညွန့်ပေါင်းပဲဖြစ်လာဖြစ်လာ ပြည်သူလူထုကိုယ်စား အကောင်းဆုံးအတိုက်အခံပါတီအဖြစ် ရပ်တည်သွားဖို့ သန္နိဋ္ဌာန်ချထားပြီး ဖြစ်ပါသည်။

ကျွန်တော်တို့ပါတီ၏ အထိမ်းအမှတ်သင်္ကေတ၏ အနက်အဓိပ္ပာယ်မှာ အနီရောင်အောက်ခံပေါ်မှကြယ်ဖြူသည် ဒီမိုကရေစီတော်လှန်ရေးမှ မွေးဖွားလာသော အဓိပ္ပာယ်ကိုဖော်ဆောင်ထားပြီး အရွယ်တူကြယ်ဖြူငါးလုံး တစ်ပြေးညီတပ်ထားခြင်းမှာ အလုပ်သမား၊ လယ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ တပ်မတော်မိသားစုများ၊ တိုင်းရင်းသားများကို ကိုယ်စားပြု၍ လူတန်းစားအလွှာငါးလွှာ၏ အရေးပါမှု၊ တန်းတူတူညီမျှမှု တရားမျှတမှုကိုအခြေခံရည်ညွှန်း၍ ဖွံ့ဖြိုးတိုးတက်သောလူ့ဘောင်သစ်သို့ ချီတက်သွားရန် ရည်ရွယ်ထားခြင်းဖြစ်ပါသည်။

**စီးပွားရေးမူ**

Globalization ခေါ် ကမ္ဘာအနှံ့ဖြစ်စဉ်တွင် ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာကဲ့သို့ နိုင်ငံအချင်းချင်း ဆက်စပ်နေပြီး ချက်ချင်းဆိုသလို ခေါ်နိုင်ပြောနိုင်ကြားနိုင်သော ခေတ်ကာလကို ရောက်ရှိနေပြီဖြစ်သည့်အတွက် လူသုံးကုန်ပစ္စည်း၊ စားကုန်ပစ္စည်းမှန်သမျှသည် ကမ္ဘာဈေးကွက်တွင် ယှဉ်ပြိုင်နေကြရပါသည်။

ဈေးကွက်၌ ကုန်ပစ္စည်း၏ အရည်အသွေး Quality သည် ဝယ်လိုအား Demand ကို ဖြစ်ပေါ်စေပါသည်။ Demand ရှိလျှင် Supply က အလိုအလျောက် ဖြစ်ပေါ်လေ့ရှိပါသည်။ ဒါကြောင့် အရာရာတိုင်းမှာ အရည်အသွေးကို ဦးစားပေးမြှင့်တင်ဖို့လိုပါသည်။ ကျွန်တော်တို့ပါတီ၏မူမှာ အရည်အသွေးက ပထမ အရေးအတွက်က ဒုတိယ ဦးစားပေးမူဝါဒ ချမှတ်ထားပါသည်။

စစ်မှန်သော ဈေးကွက်စီးပွားရေးစနစ်သည် အရာရာတိုင်းတွင် အပြေးပြိုင်သလို ယှဉ်ပြိုင်နေရပါသည်။ ယုန်နဲ့လိပ် အပြေးပြိုင်တဲ့အခါ ကုန်းပေါ်မှာ ယုန်ကနိုင်ပြီး ရေထဲဖြတ်တဲ့ခရီးလမ်းမှာ လိပ်ကနိုင်ပါတယ်။ ကိုယ်နိုင်ခြေရှိတဲ့ ခရီးလမ်းကြောင်းကို ဦးစားပေးရွေးချယ်ရပါမည်။ ကျွန်တော်တို့နိုင်ငံသည် မြေနှင့်သယံဇာတပေါများကြွယ်ဝသည့်အတွက် မြေနှင့်သယံဇာတထုတ်ကုန်များ၏ အရည်အသွေးကောင်းမွန်ရန်အတွက် အဓိကထား ရင်းနှီးမြှုပ်နှံသွားပါမည်။

ငွေကြေးစီးဆင်းမှုစနစ်ကို ပြောင်းလဲပစ်ရပါမည်။ တိုင်းပြည်စီးပွားရေးစနစ်သည် လူသားအရင်းအမြစ်ပေါ် အခြေခံသည့် စီးပွားရေးစနစ်ဖြစ်ရပါမည်။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် အောင်နိုင်မည့်သူသည် ကလေးသူငယ်များဖြစ်စေဖို့ တောင်းဆိုကြပါစို့ဆိုတဲ့ ခေါင်းစဉ်နှင့် unicef က ဦးဆောင်ကာပါတီခေါင်းဆောင်တွေကို တွေ့ဆုံပြီး လှိုင်သာယာ၊ ရွှေပြည်သာက ကလေးသူငယ်တွေရဲ့ စိတ်လှုပ်ရှားဖွယ်ရာ ဖျော်ဖြေတင်ဆက်မှုအစီအစဉ်တွေနဲ့ ကျွန်တော်တို့ကို ကွက်ကွက်ကွင်းကွင်း မီးမောင်းထိုးပြခဲ့တဲ့အတွက် ကျွန်တော်တို့ပါတီအနေနဲ့ အနာဂတ်ကိုပိုင်ဆိုင်ထားတဲ့ ကလေးသူငယ်တွေရဲ့အရေးကို အဓိကဦးစားပေးဆောင်ရွက်သွားဖို့ကိုလည်း ဆုံးဖြတ်နိုင်ခဲ့ပါသည်။ ကလေးသူငယ်များသည် မြန်မာနိုင်ငံလူဦးရေ၏ ၃၄ % ကို ကိုယ်စားပြုလျက်ရှိပါသည်။ ကောက်ယူထားသည့် စစ်တမ်းများအရ-

- အသက် (၅)နှစ်မှ (၁၈)နှစ်ကြားရှိ ကလေးသူငယ် ၄. ၄ သန်းသည် ကျောင်းမတက်ကြတော့ပါ။ (၃၆%)
- အသက်(၁၀)နှစ်မှ (၁၈)နှစ်ကြားရှိ ကလေးငယ် ၁. ၆ သန်းသည် အလုပ် လုပ်နေကြရပါသည်။ (၂၁%)
- ၁၀ သန်းသော ကလေးငယ်များသည် ဆင်းရဲခြင်းသံသရာတွင် နေထိုင်လျက်ရှိပါသည်။ (၆၀%)
- အသက်(၅)နှစ်အောက် ကလေးသေနှုန်းသည် အရှင်မွေးကလေး ၁၀၀၀ တွင် ၇၂ ယောက်နှုန်းဖြစ်ပြီး အာဆီယံဒေသအတွင်း နိုင်ငံများအကြား အမြင့်ဆုံးဖြစ်ပါသည်။
- ၅ သန်းသော ကလေးငယ်များသည် သန့်ရှင်းသော သောက်သုံးရေ သုံးစွဲနိုင်ခြင်းမရှိကြပါ။ (၂၉%)
- ၂. ၃ သန်းသော ကလေးငယ်များသည် အိမ်သာသုံးစွဲနိုင်ခြင်း မရှိကြပါ။ (၂၅%)
- မြန်မာနိုင်ငံ၏ ကျန်းမာရေးနှင့်ပညာရေးတွင် ဘဏ္ဍာငွေသုံးစွဲမှုပမာဏသည် အာဆီယံဒေသတွင်း နိုင်ငံများအကြား အနည်းဆုံးဖြစ်ပြီး လူမှုရေးကဏ္ဍများတွင် ဘဏ္ဍာငွေသုံးစွဲမှုသည် ပြည်တွင်းအသားတင် ကုန်ထုတ်လုပ်မှု၏ ၃% သာ ရှိပါသည်။ ထို့ကြောင့် ၂၀၁၇ ခုနှစ်တွင် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍများအတွက် နိုင်ငံတော်၏ဘတ်ဂျက်ကို ၉ % မှ ၁၅ % သို့ တိုးမြှင့်သွားရန်ဆောင်ရွက်မည်။

**ပညာရေး**

ဘက်စုံပညာရေးစနစ်ကို ကျင့်သုံးသွားပါမည်။ အတတ်ပညာ၊ အသိပညာနှစ်မျိုးစလုံး ပြုစုပျိုးထောင်သင်ကြားပေးမည့် ပညာရေးစနစ်ဖြစ်ရပါမည်။ ပညာသင်ကြားနိုင်ရန် အခမဲ့ပညာရေးစနစ်အပြင် မသင်မနေရ အခြေခံမူလတန်းပညာ သင်ယူစဉ်ကလေးများကို အခမဲ့ ကျွေးမွေးစောင့်ရှောက်ရေးစနစ်ကို ကျင့်သုံးသွားပါမည်။ တရားမျှတမှု၊ လွတ်လပ်မှုမဟုတ်မခံ မမှန်တာမလုပ်သည့် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှင်သန်စေရန် ပညာရေးစနစ်တွင် ထည့်သွင်းလေ့ကျင့်ပေးရပါမည်။ (Team Work) အဖွဲ့အစည်းအဝန်းအဝိုင်းဖြင့် ဆောင်ရွက်နိုင်သည့်စိတ်ဓာတ်များ ပြုစုပျိုးထောင်နိုင်ရန် ကျောင်းသားသမဂ္ဂကို တရားဝင်ခွင့်ပြုမည်။ ပညာရေးတွင် ပညာရပ်အားလုံးကို အလင်းရောင်ပေးထားရပါမည်။ ဘာသာရေး၊ နိုင်ငံရေး၊ အမှောင်ချထားသည့် ပညာရေးမဖြစ်ရန် ဘာသာရေး၊ နိုင်ငံရေးကန့်သတ်ထားသည့် ပညာရေးမူဝါဒကို ဖျက်သိမ်းသွားမည်။

**ကျန်းမာရေး**

မိခင်နှင့်ကလေးများ အခမဲ့ဆေးဝါးကုသခွင့်အတွက် ဆောင်ရွက်နေသော unicef နိုင်ငံတကာအဖွဲ့အစည်းများအပါအဝင် စုပေါင်းရေးဆွဲထားသောစီမံချက်များ အကောင်အထည်ပေါ်လာရန် ဆောင်ရွက်သွားမည်။ နိုင်ငံသားတိုင်းမျှတသော ကုန်ကျစရိတ်သက်သာသော ဆေးဝါးကုသခွင့်ရရှိစေရန် ကျန်းမာရေးအသုံးစရိတ်ဘတ်ဂျက်ကို ပိုမိုသုံးစွဲသွားမည်။

ကျန်းမာရေးတွင် ကြိုတင်ကာကွယ်ရေးနှင့် ကုသရေးအပိုင်းနှစ်ပိုင်းရှိသည့်အနက် ကြိုတင်ကာကွယ်ရေးကိုလည်း အလေးထားဆောင်ရွက်သွားပါမည်။

ဘေးဥပဒ်အန္တရာယ်ရှိသော စားသောက်ကုန်ပစ္စည်းမှန်သမျှကို ပြည်ပကဖြစ်စေ၊ ပြည်တွင်းကဖြစ်စေ၊ သိုလှောင်ခြင်း၊ ဖြန့်ချိခြင်း၊ ထုတ်လုပ်ခြင်းမှန်သမျှကို အပြင်းအထန် ထိရောက်စွာ ကာကွယ်တားဆီးအရေးယူသွားမည်။

လူကိုဘေးဖြစ်စေသော အရည်အသွေးမမီသည့် အရက်စက်ရုံများကို ဖျက်သိမ်းတားမြစ်မည်။

လူကိုဘေးဖြစ်စေသော မူးယစ်ဆေးဝါးများ၊ ပြည့်တန်ဆာလုပ်ငန်းများကို ပိတ်ပင်တားဆီးသွားမည်။

လူကိုဘေးအန္တရာယ်ဖြစ်စေပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသော ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်မှုကို ဖျက် သိမ်းမည်။

ကုသရေးပိုင်းတွင် ဆေးရုံဆေးပေးခန်းများလိုအပ်သလို တိုးချဲ့ဆောက်လုပ်ပေးသည့်အပြင် နယ်လှည့်ဆေးဝါးကုသသည့် နည်းစနစ်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။



**လယ်သမားအရေး**

မြန်မာနိုင်ငံ လယ်မြေနှင့်သယံဇာတ ပေါကြွယ်ဝသည့်အတွက် မြန်မာ့စီးပွားရေးသည် မြေသယံဇာတထွက်ကုန်များပေါ်တွင် အခြေခံပြီး အခြားစက်မှုလုပ်ငန်းများကို ဖွံ့ဖြိုး တိုးတက်စေရမည်ဆိုသည့် မူဝါဒနှင့်အညီ မြေသယံဇာတ ထုတ်ကုန်များကို အရည်အသွေးကောင်းမွန်စေရန် အဓိကဦးစားပေးဆောင်ရွက်သွားပါမည်။ ကမ္ဘာ့ဈေးကွက်တွင် လယ်ယာထုတ်ကုန်ပစ္စည်းများ အရည်အသွေးပြည့် အဆင့်အတန်းပြည့်မီရန် လယ်သမားများကို နည်းပညာများအပြင် လုံလောက်သော ရင်းနှီးမြှုပ်နှံမှုများအတွက် လုံလောက်သော ချေးငွေများတိုးမြှင့်ပေးသွားမည်။

လယ်သမားများသည် အာဏာနိုင်ငံရေးကို မက်မောသူများမဟုတ်ပါ။ မိမိတို့ပိုင်ဆိုင်သော လယ်မြေပေါ်တွင် မက်မောခင်တွယ်ပြီး ငြိမ်းချမ်းရေး တိုင်းပြည်ဖွံ့ဖြိုးရေးကိုသာ လိုလားသူများဖြစ်ပါသည်။ အာဏာမလိုဘဲ ဩဇာရှိသည့် တစ်ခုတည်းသော တောင်သူလယ်သမား အသင်းအဖွဲ့ကို ထူထောင်ကာ လယ်ယာမြေကုန်ထုတ်လုပ်ငန်းများအပေါ် ခေါင်းပုံဖြတ်သွေးစုပ်ခြင်းမှ ကာကွယ်နိုင်ရန် လယ်သမားများကိုယ်တိုင် ကမ္ဘာ့ဈေးကွက်တိုက်ရိုက်တိုးချဲ့ ရှာဖွေနိုင်ရန်အတွက် လယ်သမားများသာလျှင် စုပေါင်းပိုင်ဆိုင်သော တောင်သူလယ်သမား ဘဏ်ပေါ်ပေါက်လာရန် ကြိုးပမ်းသွားမည်။

ကျေးလက်ဒေသတွင် တိုးပွားလာသော မိသားစုများအတွက် အိုးမဲ့အိမ်မဲ့မရှိစေရန် အိမ်ရာမြေများကို အခမဲ့တိုးချဲ့ဆောက်လုပ်ပေးသွားမည်။

**အလုပ်သမားရေးမူဝါဒ**

မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီသည် အလုပ်သမားသမဂ္ဂများ ပေါ်ပေါက်ရေးအတွက် ရှေ့တန်းမှ ပါဝင်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပေါ်လာသော အလုပ်သမားသမဂ္ဂများကို အလုပ်ရှင်များက စင်ပြိုင်အလုပ်သမားသမဂ္ဂများဖွဲ့စေပြီး ဟန့်တားနှောင့်ယှက်ခြင်းကို ထိရောက်စွာတားမြစ်အရေးယူသွားမည်။ အလုပ်သမားများ၏ အနည်းဆုံးလုပ်အားခကို အာဆီယံဒေသ အလုပ်သမား၏ အနည်းဆုံးလုပ်ခနှင့်ညီမျှအောင် အလုပ်သမားများ ဆန္ဒပြတောင်းစရာမလိုအောင် ဆောင်ရွက်သွားမည်။ အနည်းဆုံးလုပ်အားခကိုပင် မပေးနိုင်သော ကုန်ထုတ်စက်ရုံများကို ဖျက်သိမ်းပြီး ခေတ်မီကုန်ထုတ်စက်ကိရိယာအရင်းအနှီးများဖြင့် အစားထိုးဆောင်ရွက်သွားမည်။ လွတ်လပ်စစ်မှန်သော စီးပွားရေးပြိုင်ဆိုင်မှုကို ဆောင်ရွက်သွားမည်။ အလုပ်သမားများ၏ နေရေးထိုင်ရေးအတွက် အထပ်မြင့်အိမ်ရာများ ဆောက်လုပ်ခြင်း၊ ကျန်းမာရေးအတွက် လူမှုဖူလုံရေးဆေးခန်းများကို လုံလောက်စွာ တိုးချဲ့သွားမည်။

နိုင်ငံတကာ အလုပ်သမားညီလာခံမှ ဆုံးဖြတ်ချက်ချမှတ်ခဲ့သော အလုပ်သမားအခွင့်အရေးဆိုင်ရာ ဆုံးဖြတ်ချက်များအတိုင်း လေးစားလိုက်နာရမည်။

**လူမှုရေး၊ ဘာသာရေး**

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၁တွင် နိုင်ငံတော်သည် ဗုဒ္ဓသာသနာတော်ကို နိုင်ငံတော်၏နိုင်ငံသားအများဆုံး ကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့်ပြည့်စုံသည့် ဘာသာသာသနာဖြစ်သည်ဟု နိုင်ငံတော်က အသိအမှတ်ပြုသည့်အတိုင်း အသိအမှတ်ပြုပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၂တွင် နိုင်ငံတော်သည် ခရစ်ယာန်ဘာသာသာသနာ၊ အစ္စလာမ်ဘာသာသာသနာ၊ ဟိန္ဒူဘာသာသာသနာနှင့်နတ်ကိုးကွယ်သော ဘာသာတို့ကို နိုင်ငံတော်တွင်ရှိနေကြသော ကိုးကွယ်ရာဘာသာများဟူ၍ အသိအမှတ်ပြုသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေပါပုဒ်မ ၃၄ ပါ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူကိုယ်ကျင့်တရားနှင့်သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော်လည်းကောင်း၊ မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ဘာသာသာသနာရေးတွင် လွတ်လပ်စွာယူဆနိုင်သော အခွင့်အရေးများ လွတ်လပ်စွာကိုးကွယ်ဆောက်တည်နိုင်သော အခွင့်အရေးတို့ကို အညီအမျှ ရရှိစေရမည်။ ပြဋ္ဌာန်းထားသည့်အတိုင်း နိုင်ငံသားအားလုံး လေးစားလိုက်နာရမည်။ အသားအရောင် လူမျိုးရေးခွဲခြားပြီး လူသားမဆန်သော အစွန်းရောက်အယူအဆများကို ဆန့်ကျင်ပါသည်။

**တိုင်းရင်းသားရေး**

Decentralize ဗဟိုအစိုးရ၏ လုပ်ပိုင်ခွင့်အာဏာကို ဒေသအသီးသီးသို့ ဖြန့်ဝေပေးရေးအတွက် အဓိကထား ဆောင်ရွက်သွားပါမည်။ တိုင်းရင်းသားများလိုလားသော (Federal) ဖက်ဒရယ်ပြည်ထောင်စုဖြစ်ရေးမူကို ကြိုဆိုထောက်ခံပါမည်။

တိုင်းရင်းသား ညီကိုမောင်နှမအချင်းချင်း အေးအတူပူအမျှ ဥမကွဲသိုက်မပျက် လက်တွဲကာ တရားမျှတမှု လွတ်လပ်ရေးငြိမ်းချမ်းရေးအတွက် လက်တွဲဆောင်ရွက်သွားမည်။

ကလေးသူငယ်များ အနိုင်ရဖို့
လူ့ဘောင်သစ်ကို မဲပေးစို့

# မြန်မာအမျိုးသားကွန်ဂရက်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၁

**မြန်မာအမျိုးသားကွန်ဂရက်ပါတီဥက္ကဋ္ဌ ဦးကောင်းမြင့်ထွဋ်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၂၁ ရက် ညပိုင်းက ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**မြန်မာပြည်သူလူထုအပေါင်းတို့-**

မြန်မာအမျိုးသားကွန်ဂရက်ပါတီရဲ့ အနာဂတ် မြန်မာနိုင်ငံတော်တည်ဆောက်ရေးမှာ မဖြစ်မနေဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်နဲ့ သဘောတရားတွေကို တင်ပြချင်တယ်။

တိုင်းပြည်ကို အမှန်တကယ်ပြောင်းလဲတိုးတက်စေဖို့နဲ့ ပြဿနာတွေကို အမှန်တကယ်ပြေလည်စေဖို့ တိကျခိုင်မာပြတ်သားတဲ့ မူဝါဒမရှိဘဲနဲ့ ဒီတိုင်းပြည်ကို ဦးဆောင်နိုင်မှာ မဟုတ်ဘူးလို့ ကျွန်တော်တို့က ယုံကြည်တယ်။

ဒီယုံကြည်ချက်ကြောင့် ပြောသင့်တာကို ပြောမယ်။

ချီးကျူးသင့်တာကို ချီးကျူးမယ်။

ဆန့်ကျင်ကန့်ကွက်သင့်တာကို ဆန့်ကျင်ကန့်ကွက်မယ်။

ဒီအတွက် ကျွန်တော်တို့ပါတီကို ကြိုက်ရင် မဲပေး၊ မကြိုက်ရင်မဲမပေးပါနဲ့။

**မြန်မာပြည်သူလူထုအပေါင်းတို့-**

ဒီကနေ့ ဒီမိုကရေစီအရေး အပြောင်းအလဲတွေကို ရွေးကောက်ပွဲနည်းလမ်းနဲ့ ညင်သာချောမွေ့တဲ့ နိုင်ငံရေးလမ်းကြောင်းပေါ်ကို တွန်းတင်ပေးလိုက်နိုင်တာဟာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပဲ။

မိမိတို့ရဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာ အာဃာတအမုန်းတရားတွေကို အရင်းခံပြီး တိုင်းပြည်အတွက် စိတ်ကောင်းစေတနာကောင်းနဲ့ တည်ဆောက်ထားတာမှန်သမျှ မကောင်းလိုက်ပြောနေတတ်တဲ့ နိုင်ငံရေးအလုပ်မျိုးကို မြန်မာအမျိုးသားကွန်ဂရက်ပါတီက ဘယ်တော့မှလုပ်မှာမဟုတ်ဘူး။

တိုင်းပြည်မှာ အမှန်အတိုင်းမြင်တာကို အမှန်အတိုင်းပြောမယ်။

ခင်ဗျားတို့၊ ကျွန်တော်တို့ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့်သာ အခု မကြာခင်မှာ ကျင်းပတော့မယ့် ၂၀၁၅ ရွေးကောက်ပွဲကို ခင်ဗျားတို့ ကျွန်တော်တို့ ကြုံကြိုက်ရတာဖြစ်တယ်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့်သာ တိုင်းပြည်ရဲ့ အနာဂတ်ဘယ်လိုဖြစ်သင့်သလဲဆိုတာကို ခင်ဗျားတို့ ကျွန်တော်တို့ အငြင်းပွားခွင့်ရရှိနေကြတာဖြစ်တယ်။

သမိုင်းရှုထောင့်ကနေ ကြည့်မယ်ဆိုရင် ဒီဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အတူ တိုင်းပြည်ကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဒီမိုကရေစီရေး အသွင်ကူးပြောင်းနိုင်ဖို့ စတင်အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်သူအဖြစ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို မြန်မာအမျိုးသားကွန်ဂရက်ပါတီက အသိအမှတ်ပြုမှတ်တမ်းတင်ထားတယ်။

အကယ်၍မြန်မာတို့ရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ပြီးမြောက်အောင်မြင်သည်အထိ ဒီဖွဲ့စည်းပုံအခြေခံဥပဒေ လမ်းကြောင်းပေါ်ကနေ ဆောင်ရွက်သွားနိုင်ကြမယ်ဆိုရင် သူဟာပြည်သူတစ်ရပ်လုံးရဲ့ ကျေးဇူးတင်ချီးကျူးဂုဏ်ပြုခံထိုက်သူအဖြစ် ကျွန်တော်တို့အားလုံးက လက်ခံကြရမှာပဲဖြစ်တယ်။

ကျွန်တော်တို့အနေနဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို လာမယ့်ဆယ်စုနှစ်အတွင်းမှာ ဘာမှကြီးကြီးမားမား ပြင်ဆင်ပြောင်းလဲဖို့ ကြိုးစားမှာမဟုတ်ဘူး။

ဒီဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အတွင်းကပဲ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်တဲ့အချက်တွေကို ကျွန်တော်တို့ ဆောင်ရွက်သွားမှာဖြစ်တယ်။

ဒီအတွက် ကျွန်တော်တို့ ပါတီကိုကြိုက်ရင်မဲပေး၊ မကြိုက်ရင်မဲမပေးပါနဲ့။

**မြန်မာပြည်သူလူထုအပေါင်းတို့-**

ဒီနိုင်ငံလွတ်လပ်ရေးရပြီးကတည်းက မဖြစ်မနေ တည်ဆောက်ရမယ့်အရာဟာ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးဆိုင်ရာကိစ္စပဲဖြစ်တယ်။

မြန်မာနိုင်ငံရဲ့ တပ်မတော်ဟာ ကမ္ဘာ့အလယ်မှာ ခံ့ညားအားကောင်းနေဖို့လိုအပ်တယ်။ တပ်မတော်အင်အားကောင်းဖို့ဆိုတဲ့ကိစ္စမှာ ကျွန်တော်ခပ်ရှင်းရှင်းပြောချင်တာရှိတယ်။

တချို့က တိုင်းပြည်ကိုချစ်လို့ စစ်ထဲဝင်တယ်၊ တချို့က ဗိုလ်ဖြစ်ချင်လို့ စစ်ထဲဝင်တယ်၊ တချို့က ထမင်းငတ်လို့ စစ်ထဲဝင်တယ်။ ဒါပေမယ့် ဒီသုံးမျိုးလောက်နဲ့တိုင်းပြည်ရဲ့ စစ်အင်အားဟာ မလုံလောက်သေးဘူး။ တပ်မတော်အင်အားကို တိုးချဲ့ဖို့လိုတယ်။

ဒီအတွက် လက်ရှိတပ်မတော်မှာသာမကဘဲ မြန်မာနိုင်ငံသားအားလုံးမှာ တာဝန်ရှိတယ်။

စစ်မှုမထမ်းမနေရကိစ္စကို မြန်မာတစ်မျိုးသားလုံး တက်တက်ကြွကြွပူးပေါင်းပါဝင်ပြီး အမျိုးသားအဆင့် အမြန်အကောင်အထည်ဖော်ဖို့လိုတယ်။

ဒီအတွက် မြန်မာနိုင်ငံမှာ ခေတ်မီအားကောင်းတဲ့ စစ်သားတစ်သန်းအနည်းဆုံးရှိရမယ်။

ဒါဆို ဘယ်တိုင်းပြည်ကမှ လာစော်ကားဝံ့မှာ မဟုတ်ဘူး။

ဒါကြောင့် မြန်မာ့တပ်မတော်ရဲ့ စစ်ရေးစွမ်းရည်ကို ပိုမိုတိုးချဲ့ပြီး မြန်မာ့တပ်မတော်ရဲ့ နိုင်ငံရေးဆိုင်ရာ အခန်းကဏ္ဍကို တဖြည်းဖြည်းဆုတ်ခွာပေးရမယ်။

မြန်မာနိုင်ငံကို ဒီလိုအင်အားကြီးလာအောင် မြန်မာအမျိုးသားကွန်ဂရက်ပါတီက တက်ကြွစွာ ကြိုးပမ်းမယ်။

ဒီအတွက် ကျွန်တော်တို့ ပါတီကိုကြိုက်ရင် မဲပေး၊ မကြိုက်ရင် မဲမပေးပါနဲ့။

**မြန်မာပြည်သူလူထုအပေါင်းတို့-**

နှစ် ၇၀ နီးပါးဖြစ်နေရတဲ့ ပြည်တွင်းစစ်ကြောင့် ကျွန်တော်တို့တိုင်းသူပြည်သားတွေဟာ စိတ်ရောကိုယ်ပါ ဆင်းရဲနေကြရတယ်။

ပြည်တွင်းငြိမ်းချမ်းရေးအတွက် အလွန်ညင်သာချောမွေ့တဲ့ နည်းလမ်းတွေနဲ့ လက်ရှိအစိုးရက ကြိုးပမ်းနေတာဟာ ချီးကျူးစရာပဲဖြစ်တယ်။

ဒါပေမယ့် ဒီကိစ္စဟာ

အစိုးရနဲ့ လူမျိုးစုလက်နက်ကိုင်တို့အကြား၊ တပ်မတော်နဲ့ လူမျိုးစုလက်နက်ကိုင်တို့အကြား ပြဿနာသက်သက်မဟုတ်ဘူး။

ဒီပြဿနာကို နိုင်ငံရေးသမားတွေကလည်း သူတို့ပဲသိတယ်ထင်နေကြတယ်။

တပ်မတော်ကလည်း သူတို့ကပဲဖြေရှင်းပေးရမယ့်ပြဿနာလို့ ထင်နေတယ်။

တကယ်တော့ ဒီပြဿနာဟာ

မြန်မာပြည်သူလူထုတစ်ရပ်လုံးရဲ့ ပြဿနာသာဖြစ်တယ်။

ပြည်သူတစ်ရပ်လုံးက လက်နက်ကိုင်များအပေါ် ဥပဒေကြောင်းအရ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို ပေးလိုက်ပါလို့ဆိုလာရင် ကျွန်တော်တို့က ပြည်သူ့မျက်နှာကြည့်ပြီး မဖြစ်ဖြစ်အောင်လုပ်ပေးမယ်။

ဒါမှမဟုတ်ဘဲ ပြည်သူက လက်နက်ကိုင်များအပေါ် စိတ်ပျက်ငြီးငွေ့ပြီး အပြုတ်တိုက်ဖို့တောင်းဆိုလာရင်

ကျွန်တော်တို့က တစ်ယောက်မကျန် အပြုတ်တိုက်မယ်။

ဒီအတွက် ကျွန်တော်တို့ပါတီကိုကြိုက်ရင် မဲပေး၊ မကြိုက်ရင် မဲမပေးပါနဲ့။

**မြန်မာပြည်သူလူထုအပေါင်းတို့-**



နောက်တစ်ချက် အရေးကြီးတဲ့ကိစ္စရပ်တစ်ခုကတော့ ကျွန်တော်တို့တိုင်းပြည်ရဲ့ နိုင်ငံသားဖြစ်မှုဆိုင်ရာကိစ္စပဲဖြစ်တယ်။

ကျွန်တော်တို့ တိုင်းပြည်မှာ နိုင်ငံရေးသမား နှစ်မျိုးရှိတယ်။

တစ်မျိုးက ဒီနိုင်ငံကို မိမိနေထိုင်တဲ့အိမ်လို့ သဘောထားတယ်။

နောက်တစ်မျိုးက ဒီနိုင်ငံကို သာလာယံဇရပ်လို့ သဘောထားတယ်။

ကျွန်တော်တို့က ဒီနိုင်ငံကို ကိုယ့်အိမ်လို့ သဘောထားတယ်။

အဲဒီတော့ ဒီနိုင်ငံမှာ ဘယ်သူတွေ ရှိသင့်တယ်၊ မရှိသင့်ဘူးဆိုတာကို ကျွန်တော်တို့က ကိုယ့်အိမ်လို သဘောထားပြီး ဆုံးဖြတ်မယ်။

ဒီတော့ လမ်းထိပ်ကအိမ်က အရက်မူးသမားကို အိမ်ပေါ်ခေါ်တင်ထားလို့ ကျွန်တော်တို့ကလည်း ဒါမျိုးခေါ်တင်ထားဖို့ မဖြစ်နိုင်ဘူး။ လမ်းဟိုဘက်ကအိမ်က ကလေးတစ်ယောက်ကို သနားလို့ သူ့အိမ်ပေါ်ခေါ်ပြီး ထမင်းကျွေးထားလို့လည်း ကျွန်တော်တို့က လိုက်လုပ်ချင်မှ လုပ်နိုင်မယ်။

ကျွန်တော်တို့အိမ်ရဲ့အရေးကို မိမိတို့ရဲ့ နှစ်ကာလရှည်ကြာရှိနေတဲ့ ဓလေ့ထုံးစံ၊ အစဉ်အလာတွေအရသာ ဆောင်ရွက်မယ်။

လူဝင်မှုကြီးကြပ်ရေးဆိုင်ရာနဲ့ ပတ်သက်လာရင် ကျွန်တော်တို့ဟာ ဘယ်နိုင်ငံရဲ့ စံချိန်စံညွှန်းနဲ့မှ ညှိနိုင်းနေမှာ မဟုတ်ဘူး။

ဒါကျွန်တော်တို့အိမ်။

ကျွန်တော်တို့အိမ်အတွက် အသင့်လျော်ဆုံးဥပဒေကို ကျွန်တော်တို့ဘာသာ ဆုံးဖြတ်မယ်။

ဒီအတွက် ကျွန်တော်တို့ပါတီကို ကြိုက်ရင်မဲပေး၊ မကြိုက်ရင် မဲမပေးပါနဲ့။

**မြန်မာပြည်သူလူထုအပေါင်းတို့-**

ကျွန်တော်တို့ မြန်မာတွေဟာ ဉာဏ်ကောင်းတယ်။

လုပ်ရည်ကိုင်ရည်ရှိတယ်။

ကျွန်တော်တို့မှာ သယံဇာတ ပေါကြွယ်ဝတုန်းပဲ။

နှစ်ကာလအကြာကြီး နိုင်ငံရေးမတည်ငြိမ်မှုတွေနဲ့ လုံးပန်းနေခဲ့ရလို့သာ တိုင်းပြည်က တိုးတက်သင့်သလောက် မတိုးတက်ခဲ့တာဖြစ်တယ်။

နိုင်ငံရေးတည်ငြိမ်ဖို့ ပြည်သူတစ်ရပ်လုံးက တက်တက်ကြွကြွ ပူးပေါင်းပါဝင်ကြမယ်ဆိုရင် တိုင်းပြည်က စီးပွားရေးကို ကောင်းကောင်းလုပ်နိုင်မယ်။

တိုင်းပြည်မှာ အာဃာတစစ်ပွဲတွေမရှိတော့ရင် ကလေးတွေ ပညာကောင်းကောင်းသင်နိုင်မယ်။

နိုင်ငံရေးတည်ငြိမ်တဲ့အခါ အမှန်တကယ် ကြိုးစားချင်စိတ်ရှိတဲ့သူတွေကို မြေတောင်မြှောက်ပေးနိုင်ရင် တိုင်းပြည်ရဲ့ သိပ္ပံတိုးတက်မယ်။

ဒီတော့ စောစောက ပြောခဲ့တဲ့အချက်တွေကိုသာ အမှန်တကယ်ဆောင်ရွက်မယ်ဆိုရင် မြန်မာဟာ အာရှမှာ တစ်မုဟုတ်ချင်း အောင်မြင်တိုးတက်တဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ကိုဖြစ်သွားစေရမယ်လို့ ကျွန်တော်တို့ အာမခံတယ်။

မြန်မာအမျိုးသားကွန်ဂရက်ပါတီက ရွေးကောက်ပွဲမှာနိုင်ခဲ့ရင် ပါတီရဲ့ လွှတ်တော်အမတ်တွေကို အသေအချာ စောင့်ကြည့်ကြပါ။

သက်ဆိုင်ရာ အနိုင်ရ နယ်မြေတွေမှာ တစ်နှစ်အတွင်း သိသာထင်ရှားတဲ့ ပြောင်းလဲတိုးတက်မှု ဖြစ်မလာဘူးဆိုရင် ချက်ချင်းနုတ်ထွက်ပေးမယ်လို့ တိုင်းပြည်ကို ကတိပေးနိုင်တယ်။

မြန်မာနိုင်ငံအောင်မြင်ဖို့ ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိတယ်။

ဒါပါပဲ။

## အထွေထွေရွေးကောက်ပွဲ အေးချမ်းတည်ငြိမ်စွာ ကျင်းပနိုင်ရေးဆွေးနွေး

**ပုသိမ် စက်တင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် စက်တင်ဘာ ၁၇ ရက်က လပွတ္တာမြို့နယ် ရဲတံခွန်အားကစားခန်းမ၌ ကျင်းပသည့် "၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အေးချမ်းတည်ငြိမ်စွာ ကျင်းပနိုင်ရေး ဆွေးနွေးပွဲ" အခမ်းအနား၌ ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် "ယနေ့ ကျင်းပသော အခမ်းအနားသည် လပွတ္တာမြို့နယ်၌ နိုဝင်ဘာလအတွင်း ကျင်းပမည့် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အေးချမ်းတည်ငြိမ်စွာ ကျင်းပနိုင်ရေး ဆွေးနွေးပွဲဖြစ်ကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများက လုံခြုံရေးနှင့် ပတ်သက်သည်များကို အထူးအလေးထား ဆောင်ရွက်ကြစေလိုကြောင်း၊ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများ အနေဖြင့်လည်း ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို တိတိကျကျ ဆောင်ရွက်သွားကြစေလိုကြောင်း မဲရုံတွင် မဲပေးကြမည့်သူများ လိုက်နာရမည့် စည်းကမ်းများကိုလည်း သက်ဆိုင်ရာ တာဝန်ရှိသူများက အလေးအနက်ထား ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း" ပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များအပေါ် ဝန်ကြီးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

## ပလက်ဝ၌ လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၈ ဦး အရွေးခံမည်

**ပလက်ဝ စက်တင်ဘာ ၂၁**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပလက်ဝမြို့နယ်အတွင်းရှိ လွှတ်တော်ငါးနေရာအတွက် ကိုယ်စားလှယ် ၃၈ ဦးဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ အမျိုးသားလွှတ်တော် နှစ်နေရာအတွက် ကိုယ်စားလှယ်လောင်း ၁၅ ဦး၊ ပြည်သူ့လွှတ်တော်တစ်နေရာအတွက် ကိုယ်စားလှယ်လောင်း ရှစ်ဦး၊ ပြည်နယ်လွှတ်တော် နှစ်နေရာအတွက် ကိုယ်စားလှယ်လောင်း ၁၅ ဦးတို့ပါဝင်ယှဉ်ပြိုင် အရွေးခံမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လွှတ်တော်နေရာများတွင် ပါတီကိုးပါတီတို့မှ ကိုယ်စားလှယ်လောင်း ၃၇ ဦးနှင့် ပြည်နယ်လွှတ်တော်အမှတ်(၂) နေရာတွင် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းတစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။ **မောင်မောင်ကျော်(ပလက်ဝ)**